ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## ရာဇဝင်ကို ဘယ်သူမီအောင်ချစ်နိုင်မလဲ



အချစ်လုံးချင်းဝတ္ထုရှည်

ရှေ့ စား။ ကိုယ့်ကို မင်းထိုးခဲ့တဲ့ဓားလေ။ အဲဒီဓားနဲ့ မင်း ကိုယ်ကို အဆုံးစီရင်လိုက်ပါ။ တစ်ခုတော့ရှိတယ်။ သျှင်သွေး လက်မထပ်ရသေးခင်အထိ ငါ သျှင်သွေးကို ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးစားနေမယ်။ အဲဒီအချက်ကို လက်မခံနိုင်ရင် ငါ့ကိုသတ်ပေါ့။

**နေသဏ္ဍာန်**

ဒါ ငါ့ရဲ့အကောင်းဆုံးသော လက်ဆောင်ပဲ သျှင်သွေး။ ဒီလက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်ထိုးလိုက်တာနဲ့ ငါ့ဘဝတစ်ခုလုံးကို နင်ပိုင်တယ်။ ငါ့နှလုံးသား။ ငါ့အနာဂတ်ကို နင် ပိုင်တယ်။ နင်ခေါင်းညိတ်လိုက်တာနဲ့ ငါ့ဘက်က အားလုံးအဆင်သင့်ဖြစ်အောင် စီစဉ်ထားတယ်။

**ဘုန်းသိမ်**

ကျွန်တော့်အတွက် ရင်မလေးပါနဲ့ ဦးပါကြီးရာ။ လက္ခဏာမင်းသား လည်း သူ့ဝေဒနာကို သူဖုံးဖိနိုင်ခဲ့တယ်လေဗျာ။ ကျွန်တော်လည်း ဖုံးဖိနိုင်ပါတယ်။

**ဘုန်းနန္ဒ**

ဘယ်သူ့ကိုချစ်သလဲလို့ မမေးပါနဲ့။ ကျွန်မ ကိုယ့်ကိုယ်ကိုယ် ဝေခွဲလို့ မရဘူးဖြစ်နေတာ။ သိခ်နဲ့နန္ဒ နှစ်ယောက်စလုံးကို သျှင်သွေးအနားမှာ ရှိနေစေချင်တာတော့ သိတယ်။

**သျှင်သွေးသစ္စာ**

# အခန်း (၁)

"တစ်ယောက်က ဘုန်းသိခ်တဲ့"

"နာမည်က နန်းဆန်တယ်၊ ဟီ။ ဆက်ပြောပါဦး၊ နောက် တစ်ယောက်နာမည်ကရော"

"နောက်တစ်ယောက်က ဘုန်းနန္ဒ"

"ဘယ်သူက အကြီး၊ ဘယ်သူက အငယ်လဲ"

"ဘုန်းသိခ်ကအကြီး၊ ဘုန်းနန္ဒက အငယ်လေ"

ဘုန်းသိခ်နဲ့ ဘုန်းနန္ဒတို့က အသက် နှစ်,နှစ်သာကွာတဲ့ ညီအစ်ကိုအရင်းခေါက်ခေါက်တွေပါ။ မသိတဲ့လူတွေအမြင်မှာတော့ ဘယ်သူကအကြီး ဘယ်သူက အငယ်လို့ ခွဲခြားလို့မရအောင် ရွယ်တူ

တွေလို ဖြစ်နေကြတာလေ။

ဘုန်းသိခ်က သွက်လက်ထက်မြက်သူ။ အငယ်ကောင် ဘုန်းနန္ဒကတော့ အနေအေးပြီး အားနာတတ်သူလေ။ နှစ်ယောက်စလုံးက တစ်ယောက်တစ်မျိုးနှင့် ရှင်းသန့်ချောမောသူတွေမို့ မိန်းကလေးအချို့၏ စိတ်ဝင်စားမှုကို ခံရသူတွေပါ။

အခုလည်း –

ဘုန်းသိခ်တို့ ညီအစ်ကိုနှစ်ယောက်အကြောင်းကို သိထားသူသင်းသင်းမာက အကြောင်းမသိသေးသူ၊ နှင်းဆီနီနီကို ပြောပြနေတာလေ။ ပြောဖြစ်သွားတာက အခု သင်းမာတို့ရောက်နေတဲ့ သူငယ်ချင်းမွေးနေ့ပွဲကို ဘုန်းသိခ်တို့ညီအစ်ကို သေချာပေါက်ရောက်လာမှာမို့လို့ပါပဲ။

မွေးနေ့ရှင် သျှင်သွေးသစ္စာက–

ဘုန်းသိခ်တို့ရောက်လာမယ့်အချိန်ကို လည်တဆန့်ဆန့်နှင့် မျှော်နေတာလေ။ ဒါကြောင့် စကားစပ်မိပြီး သူတို့အကြောင်းကို ပြောဖြစ်သွားတာပါ။ နေတာက သျှင်သွေးတို့နဲ့ ခြံချင်းကပ်။ အနီးအနားကလူတွေ အခုထိ ရောက်မလာသေးတော့ –

သျှင်သွေးတစ်ယောက် ဒေါသဖြစ်ချင်နေပြီဗလ။

"ဟဲ့ သင်း"





"ဟင်"

"ဘယ်တစ်ယောက်က ပိုချောလဲ။ နင်မြင်ဖူးလား"

"လူတစ်ကိုယ် အလှတစ်မျိုးလေ နှင်းဆီရဲ့။ တစ်ယောက်တစ်မျိုး ချောတယ်။ ရှမ်းကြိုက်ရင် နွားချောတယ် ဆိုလားပဲ။ ကိုယ်အားသန်ရာလူက ပိုချောမှာပေါ့။ ရုပ်ဆိုးတဲ့အထဲတော့ မပါတာအသေ အချာပဲ"

"နင် ညွှန်းနေတာနဲ့ ငါတွေ့ချင်လှပြီ"

"ဟော"

"ဟင် ဘာလဲ"

"ဟိုမှာလာနေပြီ"

"ဟုတ်လား"

နှင်းဆီ ခေါင်းက ချာခနဲ လည်သွားသည်လေ။ သင်းမာမေးဆတ်ပြရာကို လိုက်ကြည့်လိုက်တာပေါ့။

"အေးဟယ်၊ ချောတယ်နော်။ နှစ်ယောက်စလုံးပဲ"

"ချောလည်း စိတ်ကူးမယဉ်နဲ့။ နှစ်ယောက်လုံးက သျှင်သွေးသစ္စာကလွဲရင် အခြားမိန်းကလေးတွေကို မိန်းကလေးရယ်လို့တောင် ဆင်ရဲလားမသိဘူး"

"ဟင် အဲဒီလိုကြီးလား"

"အဲဒီလိုကြီး"

ဘုန်းသိခ်နဲ့ ဘုန်းနန္ဒ လျှောက်လှမ်းလာတာကိုကြည့်ပြီး ပါးစပ်တွေ ပိတ်သွားကြလေတော့သည်။ သျှင်သွေးသစ္စာက ဘုန်းသိခ်တို့ဆီသို့ လျှောက်လာပြီး –

"နင်တို့နှစ်ယောက်ကလည်း လမ်းမှာ ကားပျက်နေသလား ကားကျပ်နေသလား ပြောပါဦး"

ခြံချင်းကပ်ကလူတွေ နောက်ကျရောက်လာလို့ သျှင်သွေး ရွဲ့ပြီး မေးလိုက်ခြင်းပါလေ။

"အချိန်မီရောက်လာရင် ပြီးတာပဲ.မဟုတ်လား"

ဘုန်းသိခ်က ပြန်ပြောလိုက်တာလေ။ သျှင်သွေးက မျက်စောင်းထိုးပြီး –

"ကြိုရောက်စေချင်လို့ ပြောပြနေတာလေ"

"ကဲပါ သျှင်သွေးရယ် ... အခုရောက်လာပြီပဲဟာ၊ ဘယ်ဘုန်းကြီးပဲ ခရီးသွားမြန်မြန် ဆွမ်းစားရင်အတူတူပါပဲ၊ ဟဲ ဟဲ"

"ထားပါတော့"

သျှင်သွေးက မကျေမနပ်နှင့် မျက်စောင်းထပ်ထိုးလေသည် ပေါ့။ သူတို့သုံးယောက်မှာ နင် ငါနဲ့ သုံးနှုန်းနေကြပေမယ့် အသက်တွေ က မတူပေ။ ဘုန်းသိခ်က သျှင်သွေးထက် အသက်တစ်နှစ်ကြီးပြီ





ဘုန်းနန္ဒက သျှင်သွေးထက် တစ်နှစ်ငယ်သည်လေ။

သျှင်သွေးတို့ ဒီအိမ်ကိုပြောင်းလာတော့ သျှင်သွေးအသက် က ရှစ်နှစ်ပါ။ ဒါကြောင့် သူငယ်ချင်းတွေဖြစ်ကာ နင်နဲ့ငါသာ သုံးကြ တာလေ။ ဘုန်းနန္ဒက အစ်ကိုဖြစ်သူ သုံးသလို သုံး။ အစ်ကိုဖြစ်သူ ခေါ်သလိုခေါ်ရင်း နှုတ်ကျိုးသွားခဲ့တာပါ။

"သားတို့ရောက်လာကြပြီလား။ သမီးက လည်တဆန့်ဆန့်နဲ့ မျှော်နေတာကွဲ့"

"ကိုကို့ကိုစောင့်နေလို့ ကြာသွားတာ အန်တီသိမ့်။ ကိုကိုက ဒီတယ်မဟုတ်လား။ ဘယ်ကိုပဲသွားသွား မင်းသားရုံးအောင် ပြင်တတ် တာ"

"အံမယ်၊ မင်း ငါ့ကို မကောင်းကျောင်းပို့မလုပ်နဲ့နန္ဒ။ မင်း ရေချိုးနေတာ တစ်နာရီလောက်ကြာတယ်"

"အဟဲ အဲဒါ အရင်ရက်က အရမ်းအေးလို့ သုံးရက်ရေမချိုး မြစ်တွန်းက ချေး (ဂျီး) တွေ ချွတ်နေလို့ပါ"

"ဟယ် တကယ်ကြီးလား"

"ရှူး သူများတွေ ကြားကုန်မယ်"

သျှင်သွေးက မျက်လုံးပြူးလေးနှင့်မေးလေတော့ နန္ဒက ထက်ညိုးထောင်ပြီး ရှူးခနဲလုပ်ပြသည်လေ။

“နင်တို့ ငါ့ကို မွေးနေ့လက်ဆောင် ဘာပေးမှာလဲ”

“မူလီ”

“ဘာ”

“ဟုတ်တယ်လေ၊ နင့်ခေါင်းက မူလီဝက်အူရစ်ပြုန်းနေပြီ။ အဲဒါကြောင့် ရှုးကြောင်ကြောင်ဖြစ်နေတာ”

“သိမ် နင်နော်”

“အဲဒါကြောင် မူလီလဲပေးမလို့”

“နင်နော် နင်နော်”

သျှင်သွေး နှုတ်ခမ်းလေးစူကာ ခြေဆောင့်လေပြီပေါ့။ သိမ်တို့ ညီအစ်ကိုက သျှင်သွေးကို စနေရမှ ကျေနပ်သူတွေပါ။

“ငါက နင့်အတွက် ဖော်ဝင်ရှမ်းမလေး အဆီချဆေးဝယ်လာတယ်။ ဝက်ပုပ်ခေါ်ခံရမှာစိုးလို့”

“နှနှ”

“သူများတွေ နင့်ကို ဝက်ပုပ်လို့ ခေါ်မှာစိုးလို့ပါ”

“ငါ စိတ်တိုလာပြီနော်”

“ဒီကလေးတွေကတော့လေ။ တွေ့ရင် စဖို့နောက်ဖို့ပဲ ညည့်သည်တွေကြည့်နေကြတယ်လေ”

ဒေါ်စိမ့်စိမ့်သူ အနားရောက်လာပြီး တိုးတိုးကြိတ်ကြိ





ပြောလေမှ သုံးယောက်စလုံး ကိုယ်ရှိန်သတ်ကာ –

“ကဲပါ မစတော့ပါဘူး။ ငါပေးမယ့်မွေးနေ့လက်ဆောင်က”

ဘုန်းသိမ် ဂျာကင်အင်္ကျီအိတ်ထဲသို့ လက်ထိုးနှိုက်လိုက်သည်။ လက်က အင်္ကျီအိတ်ထဲကနေ ပြန်ထွက်လာတော့ အနီရောင်ဘူးလေးတစ်ဘူးပါလာသည်လေ။

“ရော့ သျှင်သွေး။ အပေါ်ယံကိုကြည့်ခြင်းအားဖြင့်တော့ တန်ဖိုးမရှိဘူးပေါ့ဟာ”

“လက်ဆောင်တစ်ခုရဲ့တန်ဖိုးဆိုတာ လက်ခံသူရဲ့တန်ဖိုးထားခြင်း မထားခြင်းအပေါ်မှာ မူတည်ပါတယ် သိမ်”

“ဟုတ်တာပေါ့”

“ဒီအထဲက ဘာလဲဟင်”

“နင်ကိုယ်တိုင် ဖွင့်ကြည့်လိုက်ပါ”

ဘူးလေးကို ငုံ့ကြည့်ပြီး သျှင်သွေးရင်တွေခုန်သွားရသည်ပေါ့။ ဒီလောက် ပဟေဠိဆန်နေတော့ ဘာများလဲပေါ့လေ။ စိတ်ဝင်စားစွာနှင့် ဘူးလေးကို ဖွင့်လိုက်တော့ သျှင်သွေးရဲ့ လက်ချောင်းလေးတွေ တုန်နေလို့ပါ။

ဘူးကိုဖွင့်လိုက်တော့ –

ဒေါ်သိမ့်သိမ့်သူနဲ့ ဒေါ်စိမ့်စိမ့်သူ ပါးစပ်တွေ ပွင့်ဟသွားသလို

သျှင်သွေးက လက်ဆောင်ပစ္စည်းလေးကို မျက်လုံးဝိုင်းနှင့် စိုက်ကြည့်နေတာ မျက်တောင်ခတ်ဖို့ပင် မေ့နေသလိုပါ။ နန္ဒလည်း အံ့ဩသလိုကြည့်နေပြီး နောက်တော့ မျက်နှာငယ်သွားကာ ဖုန်းကိုထုတ်လိုက်ပြီး ဖုန်းနံပါတ်တစ်ခုဆီသို့ –

"ဦးပါ။ ကျွန်တော်ယူလာခိုင်းတာ ယူမလာနဲ့တော့" ဆိုတဲ့ စာကြောင်းလေးကို မက်ဆေ့ချ်ပို့လိုက်သည်လေ။

"ဘယ်လိုလဲ သျှင်သွေး။ ငါပေးတဲ့လက်ဆောင် သဘောကျရဲ့လား"

သျှင်သွေးက ဘုန်းသိခ်မျက်နှာကိုမော့ကြည့်ပြီး –

"ဒီအသည်းပုံကျောက်ခဲလေးကို နင် ဘယ်ကရလာတာလဲ သိခ်"

"နောက်တော့ နင်သိလာမှာပါ"

"ငါအရမ်းကြိုက်တယ် သိလား။ အသုံးပြုလို့မရပေမယ့် ငါ သိမ်းထားမှာပါ"

ပြောပြီး သျှင်သွေး နန္ဒဘက်သို့ လှည့်လိုက်ကာ –

"နန္ဒ နင်ကရော မွေးနေ့လက်ဆောင် ဘာပေးမှာလဲ"

နန္ဒခေါင်းခါလိုက်ပြီး –

"ကိုကိုပေးပြီးပြီပဲဟာ။ ငါက ထပ်ပေးရဦးမှာလားဟာ။ အ





ငါက လက်ဆောင်ပေးဖို့လာတာ မဟုတ်ဘူး။ စားဖို့လာတာ။ စားဖို့လာတာ"

"ဟင် နင်က အဲဒီလိုလား"

"ဟုတ်တယ်"

"မခေါ်တော့ဘူး နင့်ကိုမခေါ်တော့ဘူး သိလား"

သျှင်သွေးစိတ်ကောက်ပြီး ခြေဆောင့်ကာ ထွက်သွားလေတော့ အားလုံး ပြုံးစိစိတွေနှင့်ပါ။ သျှင်သွေ့်က ဝဝကစ်ကစ်ကလေးလေ။ ဝပေမယ့် သူ့အရပ်၊ သူ့ခန္ဓာကိုယ်၊ သူ့ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်နှင့် ကြည့်လို့ကောင်းသည်လေ။

ချစ်ဖို့တောင်ကောင်းသေး။

အချို့က ဘဲဥလို့ ချစ်စနိုးခေါ်ကြသေးသည်လေ။ ဒါကို သျှင်သွေးက မကြိုက်လို့ သိပ်မခေါ်ကြတော့ပေ။

"နန္ဒ"

"ဗျာ"

"မင်း သျှင်သွေးကို တကယ် ဘာလက်ဆောင်မှ မပေးဘူးလား"

"ကိုကိုနဲ့ညီက တစ်အိမ်တည်းနေ ညီအစ်ကိုအရင်းတွေပဲဟာ။ ကိုကိုပေးရင် ပြီးတာပဲ မဟုတ်ဘူးလား"

"အဲဒီလိုတော့ ဘယ်ဟုတ်မလဲကွ။ သျှင်သွေးက တစ်ခါမှ မွေးနေ့ကို ခုလိုပွဲမျိုးလုပ်တာ မဟုတ်ဘူး။ အခုလုပ်တုန်းပေးရတာ မင်းလည်းပေးပေါ့ကွ"

နန္ဒခေါင်းခါလိုက်ပြီး –

"မပေးတော့ပါဘူး ကိုကိုရာ"

"မပေးလည်းနေကွာ"

ဘုန်းသိခ် စိတ်မရှည်သလိုပြောပြီး သျှင်သွေးနောက်သို့ လိုက်သွားလေတော့သည်ပေါ့။

ဘုန်းနန္ဒလည်း လိုက်လာခဲ့ပေမယ့် စိတ်ထဲမှာ တစ်မျိုးကြီး ပါလေ။



## အခန်း (၂)

- သျှင်သွေး အသည်းပုံကျောက်ခဲလေးကို လက်ဝါးပေါ်တင်ပြီး စိုက်ကြည့်နေမိသည်လေ။ ပြီးတော့ ပြုံးမိသည်ပေါ့။

စိတ်ကူးကောင်းလိုက်တဲ့ သိခ်။

အသည်းပုံကျောက်ခဲလေးကို ရွှေနဲ့အုံပြီးကွပ်ထားကာ လော့ကတ်သီးပုံစံလေးလုပ်ထားတာပါ။ မရုက်လို့ဆွဲမယ်ဆိုရင် ဆွဲကြိုးမှာ လော့ကတ်သီးအဖြစ်တပ်ပြီး ဆွဲလို့ရသည်လေ။

သူ ဘာကြောင့် ဒီလိုလုပ်ရတာလဲ။ ဘာရည်ရွယ်ချက်နဲ့လဲ။

"သျှင်သွေး"

"ရှင်"

ရွှေပဒေသာစာပေ

သျှင်သွေး လန့်ပြီး လက်ကိုနောက်သို့ဝှက်လိုက်ပြီးမှ ဒါ ဝှက်နေစရာမဟုတ်ဘူးလို့ လက်ကို ရှေ့ပြန်ချလိုက်စဉ် –

"ဝှက်မနေပါနဲ့ တူမလေးရယ်။ အန်တီလေးမြင်ပါတယ်။ မွေးနေ့လက်ဆောင်ရတာကို ကြည့်တာပဲ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး။ အန်တီလေးက ရုတ်တရက်ဝင်လာပြီး ခေါ်လို့ လန့်သွားတာကို"

"ဟုတ်ပါပြီ"

တူဝရီးဆိုပေမယ့် ညီအစ်မလို ဆက်ဆံကြတာမို့ စိမ့် တူမ လေးအနားမှာ ဝင်ထိုင်လိုက်ကာ –

"တူမလေးကို အန်တီလေး မေးစရာရှိသေးတယ် သိလား"

"မေးလေ"

"မှန်မှန်ဖြေရမယ်နော်"

"ဟုတ်ကဲ့ပါ အန်တီလေးရဲ့။ မေမေ့ကိုသာ ညာတာပေ့ ရှိတာ။ အန်တီလေးကို သျှင်သွေး ဘယ်တုန်းက ညာဖူးလို့လဲ"

"အဲဒါတော့ အန်တီလေးယုံပါတယ်"

စိမ့် တူမလက်ကလေးကို ဆွဲယူပြီး ဖြန့်လိုက်သည်လေ ကျောက်ခဲ လော့ကတ်သီးလေးကို ဆုပ်ကိုင်ထားတဲ့လက်ဆိုတော့-

"ဒါလေးကိုကြည့်ပြီး တူမလေး စိတ်ကူးယဉ်နေတာတော





ဟုတ်ပါဘူးနော်"

"ဟာ ဘယ်ကလာ စိတ်ကူးယဉ်ရမှာလဲ အန်တီလေးရဲ့။ ဒီခံ စိတ်ကူးကောင်းတာကို သဘောကျလို့ ကြည့်နေတာပါ။ အန်တီ လေး မေးမယ်ဆိုတာ အဲဒါလား"

"မ ဟုတ် ဘူး"

"ဒါဆို ဘာလဲ"

အန်တီလေးက ပြုံးပြုံးကြီးနှင့် သျှင်သွေးမျက်နှာကို အကဲ ခတ်သလို စေ့စေ့ကြည့်လေတော့ သျှင်သွေး မနေတတ်တော့ပေ။ ဒါကြောင့် မျက်နှာလေးလွှဲပြီး –

"ဘာဖြစ်နေတာလဲ ဒေါ်လေးရဲ့။ သျှင်သွေး မနေတတ်တော့ ဘူး"

"တူမလေး"

"–––––"

"တူမလေးက ဘုန်းသိခ်နဲ့ ဘုန်းနန္ဒ ဘယ်သူ့ကို ချစ်တာလဲ ပြောပါဦး"

သျှင်သွေး ရှက်သွေးဖြာသွားကာ –

"အန်တီလေးကလည်း ဘာတွေလာမေးနေမှန်း မသိဘူး။ ဘယ်သူ့ကိုမှ မချစ်ဘူး"

"တူမလေး"

သျှင်သွေးက ထပ်မကြားချင်သည့်ပုံစံမျိုးနှင့် နားကို ပိတ်ထားလေလျှင် စိမ့်က လက်ကိုဖယ်ပစ်ပြီး –

"အန်တီလေးပြောတာ နားထောင်ဦး တူမလေး"

"ဘယ်လိုဖြစ်နေတာလဲ အန်တီလေးရဲ့"

"ဘယ်သူ့ကိုမှ မချစ်ဘူးလို့တော့ တူမလေးမငြင်းနဲ့။ အန်တီလေးလည်း ငယ်ရာကနေ ကြီးလာတာ။ သိတာမှ သိ,သိတောင်နေ တူ့ဝရီးချင်း ပွင့်ပွင့်လင်းလင်းပေါ့ တူမလေးရဲ့"

"ဟူး"

လေကိုမှုတ်ထုတ်ပြီး သျှင်သွေး လော့ကတ်သီးလေးကို ထဲ ပြန်ထည့်ပြီး ခေါင်းအုံးအောက်သို့ ထိုးထည့်လိုက်သည် ပြီးမှ –

"အန်တီလေး"

"ဟင်"

"အန်တီလေး တော်တော်သိချင်နေလား"

"သိချင်တာပေါ့ တူမလေးရဲ့။ ကိုယ့်တူမရင်ထဲမှာ ဘာ ဖြစ်နေတယ်။ ဘယ်သူ့အပေါ် ဘယ်လိုစိတ်ရှိနေတယ်ဆိုတာ အန်တီလေးက အကြံပေးလို့ရမှာပေါ့"





သျှင်သွေးပုံစံက အကဲခတ်ရခက်သည်လေ။ ဘုန်းသိခ်ကို မသိ၊ ဘုန်းနန္ဒကိုမှန်းမသိပါပဲ။ မောင်မင်းကြီးသားတို့နှစ်ယောက် လည်း ခန့်မှန်းရခက်ပါ့။ တစ်ယောက်အပေါ် တစ်ယောက် သံယော ဇဉ် ရှိနေကြတာတော့ ဗေဒင်မေးစရာ မလိုပါဘူး။

အဲဒီသံယောဇဉ်တွေက ဘယ်သူ့ရင်ထဲမှာ ဘယ်အရောင် လဲဆိုတာကို မသိတာလေ။

"အန်တီလေး"

"ပြောလေ တူမလေး"

"ဟိုလေ"

"အင်း"

သျှင်သွေးက ခေါင်းခါလိုက်ပြီး –

"အဲဒီကိစ္စကို သျှင်သွေး ဝေခွဲလို့ မရဘူး ဖြစ်နေတာ"

"ဘယ်လို"

"ဟုတ်တယ် အန်တီလေးရဲ့။ သျှင်သွေးလေ သိခ်ကိုလည်း သံယောဇဉ်ရှိတယ်။ နန္ဒကိုလည်း သံယောဇဉ်ရှိတယ်။ ဘယ်သူ့ကိုမှ ဆိုဘူး အတူတူပဲ"

"ဘုရားရေ"

စိမ့် မျက်လုံးအဝိုင်းသားနှင့် ရင်ဘတ်ဖိမိတော့သည်ပေါ့။

ဟုတ်တယ်လေ။ ကာယကံရှင်ကတောင် ဝေခွဲလို့မရတာ ဘေးလူက
ဘယ်လိုဆုံးဖြတ်ပေးနိုင်မှာတဲ့လဲ။

"ဒါဆို သူတို့ ညီအစ်ကိုနှစ်ယောက်ထဲက တစ်ယောက်က
တူမလေးကိုချစ်တယ်ပြောရင် တူမလေး ဘယ်လိုလုပ်မလဲ"

သျှင်သွေး မျက်လုံးလေးထောင့်ကပ်ပြီး စဉ်းစားနေဟန်
လေလျှင် –

"ဘုန်းသိခ်က ချစ်တယ်ပြောရင် ကလေးပြန်ချစ်မှာလား"

"အဲဒါ ပြန်ချစ်မိမယ်ထင်တယ်"

"ဘုန်းနန္ဒက ပြောရင်ရော"

"အဲဒါလည်း သျှင်သွေး ငြင်းဖြစ်မယ်မထင်ဘူး"

"သျှင်သွေးသစ္စာ"

"ရှင်"

"နှစ်ယောက်စလုံးချစ်လို့တော့မရဘူးနော်။ ချစ်လို့ရသည
ထားဦး။ လက်ထပ်ရင် တစ်ယောက်ပဲလက်ထပ်လို့ရမှာ။ ညည်း ပြ
ပြတ်သားသား ဆုံးဖြတ်ဖို့လိုလာပြီ။ နှစ်ယောက်စလုံးက ချစ်တ
ပြောရင် ညည်းဘယ်လိုလုပ်မလဲ ပြော"

သျှင်သွေး တကယ့်ကိုတွေဝေနေပါပြီ။ အဖြေရှာလို့မရ
လေ။ အန်တီလေးပြောသလို နှစ်ယောက်ယူလို့ကလည်း မဖြ





တစ်ယောက်ကိုလက်ထပ်ရင် ကျန်တဲ့တစ်ယောက်က သနားစရာ
ဖြစ်ဦးမှာ။

ဘယ်လိုလုပ်ရမလဲ။

နင်နဲ့တော့ ခက်ပြီ သျှင်သွေးသစ္စာ။

"နှစ်ယောက်စလုံးယူမယ် အန်တီလေးရာ"

"မြတ်စွာဘုရား"

"ဟီး ဟီး"

"မရွှေသျှင်သွေးရယ် ... လောဘကြီးရင် အခြားနေရာပဲ
ကြီးပါအေ။ နှစ်ယောက်ယူလို့ကတော့ ... ဟင်း ဟင်း မပြောလိုက်
ချင်ဘူး သိလား"

"အပျိုကြီးနော် ... ပါးစပ်မသရမ်းနဲ့"

"ဘာ ... ညည်းပဲ မဖြစ်နိုင်တာပြောတာလေ။ ပါးစပ်က
ထွက်မိတော့မယ်၊ ဟင်း ဟင်း"

"အန်တီလေး"

"ဘာတုံး"

"ဒီလိုလုပ်ရင် ကောင်းမလား"

"ဘယ်လိုလဲ"

သျှင်သွေးမျက်နှာက စပ်ဖြီးဖြီးနှင့်ပါ။ စိမ့်က သျှင်သွေး

ဘာပြောမလဲလို့ စိတ်ဝင်စားစွာ နားစွင့်နေလို့ပေါ့။

"ပြောလေ ဘယ်လိုလဲ"

"အဟဲ"

"ဘာအဟဲလဲ"

"သျှင်သွေးက သိမ်နဲ့ နန္ဒ နှစ်ယောက်စလုံးကို သျှင်သွေး အနားမှာပဲ ရှိနေစေချင်တာဆိုတော့"

"အင်း"

"ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ကိုယ်ဖိတ်ဖြစ်အောင်"

"အင်း"

"တစ်ယောက်ကို အန်တီလေးယူလိုက်"

"ဘာ"

"ဟဲ ဟဲ"

"လူကြီးကိုနောက်စရာလား။ နောက်စရာလား"

"ခစ် ခစ်"

သျှင်သွေးက ပြောပြီးတာနှင့် ထပြေးလေတော့ စိမ့်က နောက်မှလိုက်သည်ပေါ့လေ။



## အခန်း (၃)

သိမ်နဲ့နန္ဒ ညီအစ်ကိုနှစ်ယောက်မှာ ဘုန်းသိမ်က အကြီးပိုင်ရှင်ဖြစ်သူ၏ လုပ်ငန်းမှာ ဝင်ပြီးကူလုပ်နေပြီလေ။ အောင်မြင်ကျော်ကြားချင်သူမို့ အလုပ်ကြိုးစားသည်ပေါ့။ ဒါကြောင့် ဦးဘုန်းမိုရ်က သားကြီးကို အားကိုးသည်လေ။

နန္ဒကတော့ -

အလုပ်တစ်ခုခု လုပ်ချင်ပြီး ဘာလုပ်ရမယ်ဆိုတာ စဉ်းစားမရ သေးလို့ ဝေလေလေ ဖြစ်နေတုန်းပါပဲ။

"သားနန္ဒ"

ဒီအိမ်မှာ နန္ဒကိုချစ်စနိုးနဲ့ သားနန္ဒလို့ခေါ်တာ ဦးပါကြီး

တစ်ယောက်ပဲရှိသည်လေ။ ဦးပါကြီးက ခြံစောင့်ပေမယ့် တစ်အိမ်လုံးက မိသားစုလို သဘောထားခဲ့ကြတာပါ။

"ဦးပါကြီး၊ သားနန္ဒကို မေးစရာရှိလို့ကွ"

"မေးလေ"

နန္ဒ သူထိုင်နေတဲ့ထိုင်ခုံပေါ်မှာ ဦးပါကြီးပါထိုင်လို့ရအောင် ညာဘက်သို့ နည်းနည်းရွှေ့ပေးလိုက်သည်လေ။ ဦးပါကြီးက ဝင်ထိုင်လိုက်ပြီး –

"ဟိုနေ့က သျှင်သွေးကို ဘာလို့ မွေးနေ့လက်ဆောင် မပေးတော့တာလဲကွ"

နန္ဒ မချိုပြုံး ပြုံးလိုက်မိပြီး –

"မလိုအပ်တော့လို့ပေါ့ ဦးပါကြီးရယ်"

"မလိုအပ်တော့ဘူးဆိုတော့ လွှင့်ပစ်မှာလား။ လွှင့်ပစ်ရ
ပြောနော် ငါ သွားကောက်မလို့"

ရွှံ့ပြောလိုက်တာပေမယ့် –

"လွှင့်ပစ်စရာလားဗျ။ သိမ်းထားတာပေါ့"

"လွှင့်ပစ်ခဲ့ရင် ပြောတာပါကွာ"

ဦးပါကြီး ဘုန်းနန္ဒကို နားမလည်နိုင်တော့ပေ။ ဒီကလေ
သျှင်သွေးအပေါ်မှာ ဘယ်လောက်မြတ်နိုးပြီး တန်ဖိုးထားသလဲဆိုတ





ကိုယ် အသိဆုံးပါပဲ။

သူပေးမယ့် မွေးနေ့လက်ဆောင်က –

သူ့ခများ မစားရက် မသောက်ရက် မသုံးရက်ပဲ စုထားတဲ့ ငွေတွေနဲ့ ဖန်တီးထားတဲ့အရာလေးတစ်ခုပေါ့။ တန်ဖိုးကြီးခြင်း မကြီးခြင်းထက် မေတ္တာတရားကြီးမားစွာဖြင့် ပြုလုပ်ခဲ့သည့်ပစ္စည်းလေးလေ။

အခုမပေးတော့ဘူးဆိုတော့ –

"သားနန္ဒ"

"-----"

"မင်းသိမ်ကို ငဲ့နေတာလား"

"ကျွန်တော် ကိုကိုနဲ့ ပြိုင်ဘက်မဖြစ်ချင်ဘူး ဦးပါကြီး"

"ဟား"

ဦးပါကြီးက ဟားဆိုပြီး သူ့နဖူးကို သူရိုက်လေလျှင် –

"ဘာဖြစ်တာလဲဗျ"

"မင်းက ခေတ်သစ်လက္ခဏာဖြစ်နေလို့လေ။ မင်းတို့ ရှေ့ရေး တွေးပြီး ငါ ရင်လေးတယ်ကွာ"

"ရင်မလေးပါနဲ့ ဦးပါကြီးရာ။ လက္ခဏာမင်းသားလည်း သူ့ဝေဒနာကို သူဖုံးဖိနိုင်ခဲ့တယ်လေဗျာ။ ကျွန်တော်လည်း ဖုံးဖိနိုင်ပါတယ်"

"ပါးစပ်ကပြောတာ လွယ်တာကွ။ တကယ် ခံစားရတာက မလွယ်ဘူး"

"ဟင်"

နန္ဒ မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီး –

"ဦးပါကြီးက ခံစားဖူးတယ်လား"

"နန္ဒရာ နှလုံးသားရှိသူတိုင်း ချစ်တတ်ကြ ခံစားတတ်ကြတာပေါ့။ ငါလည်း နှလုံးသားနဲ့ တည်ဆောက်ထားတဲ့လူပဲဟာ"

"ဟား နှလုံးသားပြတိုက် အဟောင်းကြီးထဲက သိမ်းဆည်းထားတဲ့ အနုပညာလက်ရာဟောင်းတွေ ပြန်ပေါ်လာပြီ"

"တော်ပြီ မပြောတော့ဘူးကွာ"

"ဘယ်လိုဖြစ်တာလဲဗျ"

"ပြန်ပြောပြရင် ငိုချင်တယ်ကွ"

"ဟောဗျာ"

"ပြောရင်းနဲ့ သတိရလိုက်တာ ညှိုထွေးရယ်။ ဟီး"

နန္ဒ လျှောင်ရယ် မရယ်ချင်ပါဘူးလေ။ ဦးပါကြီးလည်း သူ့ခံစားချက်နဲ့သူ ရှိခဲ့မှာပဲပေါ့။



# အခန်း (၄)

"သိခ် သိခ်"

"_______"

"နန္ဒ"

"_______"

"သိခ်ရေ နန္ဒ"

"ဟဲ ဘယ်လိုဖြစ်လာတာလဲ။ အော်ကြီးဟစ်ကျယ်နဲ့ နောက်က လူဆိုးတွေ လိုက်လာလို့လား"

သိခ်နဲ့နန္ဒနာမည်ကို တကြော်ကြော်ခေါ်ပြီး အိမ်ထဲကို ဝင်လာတဲ့ သျှင်သွေး။ သိခ်ဆီးပြောလိုက်တဲ့စကားကြောင့် ခြေလှမ်းတွေ ရှေ့ဆက်မတိုးဖြစ်ပဲ ရပ်တန့်သွားတော့သည်လေ။ မဟုတ်တဲ့စကားကို ပြောလိုက်တာကိုး။

"နင်ကလေ ငါ့ဆိုရင် ဘယ်တော့မှ အကောင်းမပြောဘူး

သိလား"

"နင်က ဟုတ်မှမဟုတ်တာ"

"ဘာ"

"ဒီမှာ ငါ စာရင်းဇယားတွေ လုပ်နေတာလေ။ နင် အိမ်ထ ဝင်လာတာ မဟုတ်ဘူးလား။ ရောက်အောင်လာလေ။ ဘာဂ တကြော်ကြော် ခေါ်နေသေးလဲ"

"နင် အလုပ်လုပ်နေတာ ငါမှမသိတာ"

"သိမလား ဝင်မလာတဲ့ အပြင်ကတည်းက တကြော်ကြေ ခေါ်နေတာကို။ မိန်းကလေးဖြစ်ပြီး အသံကြီးနဲ့ အော်ခေါ်နေတ သူများကြားမှာ နင် မရှက်ဘူးလား"

သျှင်သွေး ခြေလှမ်းကို ရှေ့ဆက်တိုးသွားပြီး ဆိုဖာဓ ဝင်ထိုင်လိုက်ကာ –

"ဘာရှက်စရာရှိလို့လဲ။ ငါက သူများပစ္စည်း ခိုးစားနေတာ မဟုတ်တာ။ သူများအပေါ် မတရားလုပ်နေတာမှ မဟုတ်တာ။ မဟု မဟာပ် ဘာတစ်ခုမှ မလုပ်ဘူး"

"ကျွတ် တော်တော့ဟာ"

ပြောပြီး ဘုန်းသိခ် လက်ပ်တော့ပ်ကို ပိတ်ပစ်လိုက်သ လေ။ အနိုင်ယူလိုစိတ်နဲ့ ပါးစပ်ကသာ မနစ်မြို့ဟန်ပြောနေတ





ဘယ်တမ်းမှာ သျှင်သွေးကို ဥပေက္ခာပြုနိုင်တာလည်း မဟုတ်ပေ။

မျက်နှာချင်းဆိုင်တော့မတည့်။ မမြင်ရတော့ မနေနိုင်လို့ လိုက်ရှာမိတာပဲလေ။

"ကဲ ပြော နင်ဘာပြောမလို့လဲ"

"နင် ဒီနေ့ အားတယ်မို့လား"

"ဘာဖြစ်လို့လဲ"

"ဒီနေ့ ရုံတင်ထားတဲ့ ရုပ်ရှင်ကား ငါကြည့်ချင်လို့။ အဲဒါ လိုက်ပြနိုင်းမလို့ပါ။ ဒီနေ့ သမ္မတမှာ ရုံတင်တဲ့ကား အရမ်းကောင်း တယ်။ အဲဒီကားမှာပါတဲ့ သရုပ်ဆောင်တွေ ကိုယ်တိုင်လည်းလာကြ ပရိသတ်တွေကို လက်မှတ်ထိုးပေးမှာဟ"

"လက်မှတ်က ဘယ်နေရာမှာ ထိုးပေးမှာလဲ"

"သမ္မတရုပ်ရှင်ရုံမှာလေ"

"အဲဒါတော့ ငါသိတာပေါ့။ လက်မှာလား။ စာအုပ်မှာလား။ င်ဘတ်မှာလား"

"သိခ် ငါ့ကိုမရွှဲနဲ့နော်။ နင်လိုက်မပို့ချင်နေ ငါ နန္ဒကို လိုက် ခိုင်းမယ်"

သျှင်သွေး ထရပ်ပြီး ထွက်သွားမယ်လုပ်တော့ သိခ်က သျှင်သွေးလက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားသည်လေ။

ထိုင်နေတာက ဘေးချင်းယှဉ်ကိုး။ ဒါကြောင့် လက်ကို ဖမ်းဆုပ်ထားပြီး –

"လိုက်ပို့မယ်"

သျှင်သွေး မျက်နှာလေး ပြုံးသွားစဉ် –

"အေး ... တစ်ခုတော့ပြောထားမယ်နော်။ ငါ မသိဘဲ ချစ်သူရည်းစားမထားနဲ့။ ထားရဲထားကြည့်"

"ဘာဖြစ်လဲ"

"ငါနဲ့တွေ့မယ်"

"ကြောက်စရာကြီးပါလား"

"သွား အလုပြင် အဝတ်လဲ"

သျှင်သွေး ကျေနပ်သွားပြီလေ။ သိခံက အပြောဆိုပေမဲ့ သျှင်သွေးကို အလိုလိုက်သားပဲဟာ။

"ဟာ ဝက်ပုပ်ရောက်နေပါလား။ ဘယ်အချိန်ရောက်နေတာလဲ ဝက်ပုပ်"

"နန္ဒနော် ...ဘာဝက်ပုပ်လဲ။ နင် ငါ့လို ဝချင် လုပ်ရလို့လား"

ဝက်ပုပ်ခေါ်တော့ သျှင်သွေး ဆွေ့ဆွေ့ခုန်ပြီပေါ့။ နန္ဒ ရယ်ကျဲကျဲနှင့် –





"နင်ကလည်း ချစ်လို့စတာကို"

"ဟင်"

သျှင်သွေး စိတ်မလုံဖြစ်ကာ သိခံမျက်နှာကို ကြည့်လိုက်တော့ ငုပ်ပုပ်ပါ။ ကိုယ်တွေ ရုပ်ရှင်ကြည့်သွားရင် နန္ဒထားခဲ့ရမှာ စိတ်ကောင်းသလိုကြီးပါပဲ။ ဒါကြောင့် –

"နန္ဒ"

"ဟင်"

"တို့ ရုပ်ရှင်သွားကြည့်မလို့။ နင်ပါလိုက်ခဲ့လေ"

နန္ဒ အစ်ကိုဖြစ်သူမျက်နှာကို လှမ်းကြည့်ပြီး –

"မလိုက်ပါဘူးဟာ။ ငါသွားစရာရှိသေးတယ်"

"ဘယ်သွားမလို့လဲ"

"ဟာ နင်ကလည်း အစစ်အဆေး အမေးအမြန်းထူလိုက်တာ။ မေမေတောင် အဲဒီလောက် စစ်ဆေးမေးမြန်းခြင်းမရှိဘူး။ နင်နဲ့ ငါ နှစ်ယောက်တည်းဆို မသွားချင်ဘူးလား။ မသွားချင် မသွားနဲ့"

ဘုန်းသိခံက အဲဒီလိုပါ။ နန္ဒ အစ်ကိုဖြစ်သူကို အတွကြီးလိုက်တာလို့ အပြစ်မတင်ရက်ပါဘူး။ လူတိုင်းမှာ မတူညီတဲ့ အတ္တကိုယ်စီရှိကြတာပဲလေ။ ကိုယ်က မျိုသိပ်နိုင်စွမ်းအားကြီးပြီး ကိုကိုက ဟန်ဆောင်နိုင်တာသည်။

သျှင်သွေးကို –

ကိုယ်ချစ်တာထက် ပိုချစ်လို့ပေါ့လို့ ဖြည့်စွက်တွက်လိုက်တော့ ကိုယ့်အစ်ကိုရဲ့ အတ္တက ကိုယ့်အတွက် ခါးမှန်းသိသိနဲ့ ဆေးဖက်ဝင် လို့ သတ်မှတ်ပြီး မျိုချလိုက်ရပြန်ရောလေ။

''အဲဒီလိုမဟုတ်ပါဘူး သိခ်ရဲ့။ ငါက နန္ဒကိုလည်း လိုက် ခင်လို့ပါ။ သုံးယောက်ဆိုတော့ ပိုပြီးပျော်စရာကောင်းတာပေါ့''

''ဟုတ်ပါပြီ အခု နန္ဒက မလိုက်ဘူးလို့ ပြောနေတယ်လေ''

''အေးပါ၊ ငါအိမ်ပြန်ပြီး အဝတ်လဲလိုက်ဦးမယ်''

''မြန်မြန်သွား မြန်မြန်ပြန်''

''ခြေထောက်တွေ လက်တွေက လှုပ်ရှားနေတာလေ။ ... မဟုတ်ဘူး။ အချိန်မကန့်သတ်နဲ့''

သျှင်သွေး မျက်စောင်းထိုးလိုက်ပြီး –

''စကားပြောရင်သိပ်ပြီး အမိန့်ဆန်တာပဲ''

ပြောပြီး သျှင်သွေး ခြေဆောင့်၍ ထွက်သွားလေတော့ နန္ဒ

''ဟုတ်သားပဲကိုကိုရာ။ စကားပြောရင် အေးရာအေးကြောင်း ပြောမှပေါ့''

''မင်း ငါ့ကို ဆရာမလုပ်စမ်းပါနဲ့။ ငါ ပြောတတ်သ... ပြောတာ ဘာဖြစ်လဲ''





''ဘာမှတော့မဖြစ်ဘူး။ ကြားရတဲ့လူက နားထဲ မိုးကြိုးပစ် သလို မခံသာဘူးပေါ့''

''ဘာကွ''

''ဘာမှ မကွဘူး။ မတ်မတ်ပဲရပ်နေတာ''

နန္ဒ စိတ်တိုင်းမကျလို့ ပြန်ပြောမိတာလေ။ အေးအေးဆေး ဆေးပြောလည်း စကား။ မာမာထန်ထန်ပြောလည်းစကားပဲ။ စကား ချင်း တူပေမယ့် နားဝင်ချိုတာချင်းမှ မတူတာ။

အဲဒါပြောတတ်သလို ပြောတာဆိုတော့ လူတိုင်းကို ဒီလို ပြောတာဆိုထားတော့၊ အခုက အဲဒီလိုမဟုတ်ဘူးလေ။ အခြားသူတွေ နဲ့ စကားပြောတာ အဆင်ပြေပြီး သျှင်သွေးကိုကျမှ အမိန့်ပေးချင်တာ မျိုး။

''မင်းနော် သတိထား''

နန္ဒ ဘာမှမပြောတော့ပါဘူး။ ကိုကိုက ချစ်ဟန်ပြပြီး တစ် ဖက်မှာ အနိုင်လိုချင်စိတ်ရှိတာကို မကြိုက်တာ။ သျှင်သွေးကို အားနာ ့ကောင်းသည်လေ။ ချစ်လို့အလိုလိုက်တာတောင် သာယာညင်း ပြောင်းမရှိလေတော့ –

ဟူး ... ခက်တယ်။

## အခန်း (၅)

"ကွိ"

"_ _ _ _"

"ဝွိ"

ရုပ်ရှင်ရုံထဲကနေ ထွက်လာတော့ သျှင်သွေး ဗိုက်ကဆန္ဒ
ပြီလေ။ တဂွီဂွီမြည်လာတာကြောင့် သျှင်သွေး ဗိုက်ကို လက်ဝါးလေ
နှင့် ဖိလိုက်ရင်။

"သိခ်"

သျှင်သွေးခေါ်တော့ သိခ်က လှည့်ကြည့်သည်လေ။ သျ
သွေးမျက်နှာလေး ရှုံ့မဲ့နေတာကို မြင်ရလေတော့ –





"ဘာဖြစ်လို့လဲ"

"ငါ ဗိုက်ဆာနေပြီ။ ထမင်းစားရအောင်ဟာ"

"နင့်ဗိုက်ကလည်း ဆာပဲဆာနိုင်လွန်းတယ်။ ဒီလောက် ဆိတ်
စပ်လို တရစပ်စားနေရတာတောင်။ နေကြာစေ့စားလိုက်၊ ဖီးထုပ်
းလိုက်၊ ဟိုမုန့်စားလိုက် ဒီမုန့်စားလိုက်နဲ့ကို ဗိုက်က ဆာသေးတယ်
း"

"အဲဒါတွေက အပျင်းပြေစားတာ။ ဗိုက်မဝဘူးလေ။ ငါ့ဗိုက်
က ထမင်းစားမှ ဝတာ"

"တတ်လည်း တတ်နိုင်တဲ့ဗိုက်ပဲ။ အဲဒါကြောင့် နင် ဝက်ပုပ်
ဖြစ်နေတာ သိလား။ နောက်ဆို ခွင်သန္တာသက်ချိုပြိုးဖြစ်မှာ"

"ဘာပဲဖြစ်ဖြစ်ဟာ။ ဗိုက်ဆာတာပဲ သိတယ်။ ဝချင်
သလောက်ဝ။ အစားတော့ အငတ်မခံနိုင်ဘူး"

သျှင်သွေးက အဲဒီလို အစားမက်သူပါ။ ဝတယ်ဆိုတာက
ပုံမျက်ပန်းပျက်ကြီးမှ မဟုတ်ဘဲလေ။ ခါးလေးသိမ်ပြီး တင်နဲ့ရင်နဲ့
ပြည့်ပြည့်တင်းတင်းရှိပြီး ခန္ဓာကိုယ်ကောက်ကြောင်းအချိုးအဆစ်က
လှနေတာပဲဟာ။

အဲဒီလို –

ဖြူဖြူ ဝဝကစ်ကစ်ကလေးကိုမှ ချစ်တဲ့လူတွေ တစ်ပုံကြီး

ပါပဲ။ ဗိုက်ဆာရင် အမျိုးမျိုးဂိုကျတတ်တာမို့ ဘုန်းသိခ် သျှင်သွေး Restaurant တစ်ခုသို့ လိုက်ပို့ရတော့သည်လေ။

စိတ်မရှည်တတ်တဲ့ကောင်မို့ –

ကြာရင် အော်မိမှာစိုးလို့ပါ။

"ကဲ ဘာစားမလဲ။ နင်စားချင်တာတွေ ကြိုက်သလော သာမှာပေတော့။ သဘောရှိမှာ၊ ဒီမှာ ဝအောင်စားတာမှ အားမရသေး ရင် အိမ်မှာစားဖို့ပါ ပါဆယ်မှာလို့ရသေးတယ်"

"အဲဒီလိုလား"

"အဲဒီလိုပဲ"

"Ok ကျေးဇူးအကြီးကြီးတင်တယ် သိလား"

သူရွဲ့တော့ သျှင်သွေးလည်း ရွဲ့ပြီလေ။ လောလောဆ စားဖို့ရော အိမ်သယ်ဖို့ရော မှာလိုက်တာမှ အများကြီးပါပဲ။ ဘုန်းသ ကတော့ ကိုယ်စားချင်တာပဲ ကိုယ်မှာတာပေါ့လေ။ သျှင်သွေး တစ်ခုပြီးတစ်ခု မှာနေလေတော့ –

"သျှင်သွေး"

"ပြောလေ"

"အခုမှာတာတွေ အကုန်လုံး နင်တစ်ယောက်တည်းစား သေချာတယ်နော်"





"စိတ်ချ မကုန်မချင်း အစာကြေဆေးစားလိုက် အဲဒါတွေ လိုက် စားမှာ"

"မှာတာတွေ ရောက်မလာခင် နင်ဒီမှာစောင့်နေ။ ငါ အခု ပြင်သွားလိုက်ဦးမယ်။ မကြာဘူး ပြန်လာမှာ"

သွားဆိုတဲ့သဘောနှင့် သျှင်သွေး လက်ပြလိုက်သည်လေ။ တာတွေ ရောက်မလာခင် ဖုန်းကို ကလိနေလိုက်သည်ပေါ့။ Facebook ကိုဖွင့်ပြီး တက်လာတဲ့ post တွေထဲက ကိုယ်နဲ့သိတဲ့လူ တွေတင်တဲ့ post တွေကို like ပေးနေတာလေ။ ပြီး ကိုယ်လည်း selfie ဆွဲမယ်လို့ ကင်မရာကိုဖွင့်ပြီး ဖုန်းကိုမြှောက်ကာ ကိုယ့်ကိုယ် ကိုယ် ချိန်လိုက်စဉ် –

"ဟင်"

မြှောက်ထားတဲ့ဖုန်းကို ပြန်ချလိုက်မိတော့သည်လေ။ ကိုယ်နဲ့ နောက်ကျောဘက်ကပိုင်းမှ ကိုယ်ထိုင်နေတဲ့တည့်တည့်ကို မျက်နှာ မူထားတဲ့ လူတစ်ယောက် ပါနေတာကို။ ပြီးတော့ ကိုယ့်နောက်ကျော ကို ကြည့်နေတာမို့ –

တော်ပြီ။

ဘာပုံမှ မရိုက်တော့ဘူးလို့ ခပ်တည်တည်ပဲ နေလိုက်တော့ သည်လေ။

"ဒီမှာ"

"ဟင်"

ကိုယ့်ဘေးအနားမှာ လာရပ်ပြီးခေါ်လိုက်တာမို့ သျှင်သွေ မော့ကြည့်လိုက်စဉ် စောစောက သျှင်သွေး selfie ဆွဲမလို့ ကင်မ ချိန်လိုက်တုန်းက ကင်မရာထဲမှာပေါ်လာတဲ့ လူပါပဲ။

"Selfie ဆွဲမလို့ မဟုတ်လား။ ဆွဲလေ။ တို့ပါမှာစိုး မဟုတ်လား။ အခု မပါအောင် ဖယ်ပေးကြောင်းလာပြောတာ"

အံမယ် သူက ခပ်တည်တည်နဲ့ပါလား။ လေသံက မာဆ ဆတ်၊ ပုံစံကလည်း တရုတ်သိုင်းကားထဲက မင်းသားလိုလို ဘာလို ပါ။ ဆံပင်က အညိုရောင်ကို ပခုံးပေါ်ကနေ ကျနေတာတေ ရင်ဘတ်မှာ တဝဲဝဲပါပဲ။

ရှေ့ဆံပင်က –

နဖူးပေါ်မှာ မျက်ခုံးအောက်အထိ ဝဲကျနေသည်ေ အသားကဖြူပြီး မျက်နှာမှာ အဖုအပိန့်အစက်အပြောက်တော့ မရှိ မျက်နှာအသားအရည်ကလည်း မကြမ်းဘဲ နုနေတာပါပဲ။ တက တရုတ်သိုင်းကားထဲက မင်းသားစတိုင်လ်ပါပဲ။

နှုတ်ခမ်းမွှေးကစစ –

အင်္ကျီက တီရှပ်အနက်စိုစိုကို ဝတ်ထားသည်လေ။ အ





ရင်ဘတ်မှာ လူရိုးနဲ့ပွေခေါင်းခွံပုံစံက ရွံစရာကြီးပါပဲ။ ဒီစတိုင်လ်မျိုး နီးကလေး အတော်များများ သဘောကျကြသည်လေ။

တိတိကျကျပြောရရင် –

ဖိုက်တာပုံစံ ဂျူလေဘီပုံစံပါပဲ။

"မျက်တောင်လေး ဘာလေး ခတ်ဦး"

သူက သျှင်သွေးမျက်နှာရှေ့မှာ သူ့လက်ဝါးကို နိမ့်လိုက် မြင့်လိုက်လုပ်ပြလေတော့ သျှင်သွေး ဒေါသထွက်သွားကာ –

"တို့ ယူ့ကို ခန့်လွန်း ချောလွန်းလို့ စိတ်ဝင်စားပြီးငေးနေတာ မဟုတ်ဘူး"

"သိပါတယ် တို့ပုံစံက ယူ့ဘဲကြီးလောက် မချောမလန်း မှန်း"

"အဲဒါဆို ဘာလို့ အပိုစကားတွေ လာပြောနေသေးလဲ"

"ပြောပြီးပြီလေ။ ယူ selfie မဆွဲလိုက်ရမှာစိုးလို့ ဖယ်ပေး ကြောင်း လာပြောတာပါလို့"

"အခုပြောပြီးပြီ သွားတော့"

တရုတ်မင်းသားက ခေါင်းညိတ်ပြပြီး –

"အဲဒီ selfie ရောဂါက ကုရခက်တယ်။ နေရာမရွေး လူမရွေး ထတတ်တဲ့ရောဂါ"

''ဘာ''

''မြန်မြန်ကုပစ်၊ မဟုတ်ရင် ရွာသားကြီးပို့မယ်စာရင်းထဲ
ပါနေမယ်''

သူက ပြောပြီးထွက်သွားလေတော့ –

''တောက်''

သျှင်သွေး တောက်ခေါက်ပြီး တစ်ယောက်တည်း မကေ
မချမ်း ဖြစ်ရသည်ပေါ့လေ။ မှာထားတဲ့စားစရာတွေက စားပွဲပေ
အပြည့်ရောက်လာပြီး သိခ်က အခုထိ ပြန်မရောက်သေးပေ။ သိ
ဘယ်သွားပြီး ဘာလုပ်နေပါလိမ့်။

''စောစောက ထွက်သွားတဲ့ သူ့ဘဲကြီးနဲ့မှ နှစ်ယောက်တည
ပါ။ မှာထားတဲ့ စားစရာတွေက စားပွဲနဲ့အပြည့်ပဲ''

''ဘာလဲ မင်း တောင်းစားမလို့လား နေသဏ္ဍာန်''

''တောင်းမစားပါဘူး။ နှစ်ယောက်တည်းစားမှာဆိုေ
လူတွေမှ ဟုတ်ရဲ့လားလို့ စဉ်းစားနေတာ''

သျှင်သွေး ခါးမတ်သွားရတော့သည်လေ။ ဒါ မိန်းကလေ
တစ်ယောက်တည်း ထိုင်နေတာဆိုပြီး ရန်စတာ။ ဖွန်ကြောင်တာ

''ဟိုကွာ . . . ဖုတ်ဝင်တာတို့ ဘာကောင်စီးတာတို့ ညာကော
စီးတာတော့''





''မင်းကလည်း သူ့ဘဲကြီးက အခြားဧည့်သည်တွေ သွား
ခေါ်တာနေမှာပေါ့''

ဒီကောင်တွေ သည်းခံနေရင် ပိုဆိုးတော့မယ်ဆိုပြီး သျှင်သွေး
သူတို့ဝိုင်းဘက်သို့ မျက်နှာလှည့်လိုက်ကာ –

''နင်တို့ထင်ချင်သလိုသာထင်ပေတော့။ ဒါတွေအကုန်လုံးကို ငါ
တစ်ယောက်တည်းစားဖို့ မှာတာ သိပြီလား''

''ဗုဒ္ဓေါ''

''မြတ်စွာဘုရား''

ဘယ့်နှယ်ရှိသေးလဲ။ သျှင်သွေး တမင်ရွဲ့ပြီးပြောလိုက်တာ
လေ။ ဗိုက်ကလည်း တဂွီဂွီနှင့် ဆန္ဒပြလှပြီမို့ သိခ်ကို စောင့်မနေတော့
ပေ။ တစ်ယောက်တည်းပဲ ဆွဲပစ်လိုက်သည်ပေါ့။ သျှင်သွေး ဗိုက်၏
ဆန္ဒကို အငမ်းမရဖြည့်ပေးနေတုန်းမှာပဲ –

သိခ် ပြန်ရောက်လာကာ –

''ဟ ဝော်ကြီးကျလှချည်လား။ ငါ့ကိုတောင် မစောင့်ဘူး''

သျှင်သွေး ချက်ချင်းစကားပြန်မပြောနိုင်ပေ။ စားလက်စ
အမင်းကို မျိုချပြီးမှ –

''မစောင့်ဘူးဟာ။ ဗိုက်က ဆာလှပြီ''

''အေးပါ စား စား။ စားပြီးရင် သွားပိုးနှင့်သေမှာစိုးလို့

ငါက အစာကြေဆေးပြေးဝယ်နေတာ ရော့''

''ဟင်''

နောက်ထပ် ထမင်းလုပ်ကို ခွံ့မယ့်ဆဲဆဲကို သျှင်သွေး မ

ဖြစ်တော့ပေ။ သိခ်က အစာကြေလျက်ဆားဘူးကို သျှင်သွေးရှေ့မှ

ချပေးတာကို။ သျှင်သွေး နှုတ်ခမ်းလေး မဲ့လိုက်မိသည်လေ။ သူ

တော့ ကိုယ်လည်းရှဲ့ပေါ့။

''ကောင်းလိုက်တာ၊ ကျေးဇူးပဲ သိခ်၊ အဲဒီလို အလိုက်သိလ

မယ်လို့ ထင်တောင်မထင်ဘူး''

''အေး၊ ငါတာဝန်ကျေတယ်နော်။ လျက်ဆားစားပြီး ဘူ

ဂွမ်ဂွမ်တွေ ဖြစ်လို့ နင့်အနံ့နဲ့နင် မခံနိုင်ရင်တော့ ငါ့ကို ပြဿ

မရှာနဲ့''

''အင်''

သိခ်စကားကြောင့် နောက်ဝိုင်းကလူတွေများ ကြားပြီး ရ

ကြလေမလားလို့ စိတ်မလုံစွာ လှည့်ကြည့်လိုက်တော့ မရှိကြတော့

ဘယ်အချိန်များထသွားကြပါလိမ့်။

ဟူး

တော်ပါသေးရဲ့။

✹



# အခန်း (၆)

သျှင်သွေးတစ်ယောက် ဘုန်းသိခ်အပေါ် သူရှဲ့သလို ကိုယ်

ဆောင်းပြီး ဒုက္ခတော့ပတ်ပါပြီ။ ရုပ်ရှင်ကြည့်ပြီးပြန်လာတော့ စားတာ

တွေ များသွားသည်လေ။ လျက်ဆားက ဗိုက်ထဲအင့်တိုင်းစားမိတော့

လျက်ဆားစားတာကလည်းများ။

အခုတော့ . . .

ကိုယ့်အနံ့နဲ့ကိုယ် နှာခေါင်းပိတ်နေရသည့်အဖြစ်ရယ်ပါ။

''တူမလေး''

''အမေ့''

''ဩော် . . . ဘယ်လိုဖြစ်ရတာလဲ ဒီကလေး၊ အန်တီလေး

လာတာများ လန့်စရာလား။ ဒီလောက်လှနေတာကို''

''အန်တီလေး ... သျှင်သွေးအနားမလာနဲ့''

''ဟင်''

စိမ့် တူမဖြစ်သူ နှာခေါင်းပိတ်ထားတာမြင်တော့ စိုးရိမ်မိက [illegible]

''ဘာဖြစ်လို့လဲ တူမလေးရဲ့။ နှာခေါင်းသွေးလျှံလို့လား [illegible] နှာခေါင်းက သွေးထွက်ရင် ပေါ့ဆလို့မရဘူးနော် တူမလေး။ လက်ဖယ [illegible] စမ်း''

သျှင်သွေး မျက်နှာလေး ရှုံ့ရှုံ့မဲ့မဲ့နှင့်သာ။

''ဟာ မဟုတ်ဘူး အန်တီလေးရဲ့။ အနားကိုမလာပါနဲ့ [illegible]

ပြောနေရင်း အန်တီလေးက သျှင်သွေးအနားမှာ ဝင်ထ [illegible] လေတော့ သျှင်သွေး ထသွားဖို့ ရပ်လိုက်လေလျှင် –

''ဟဲ့ အမလေး''

စိမ့် နှာခေါင်းကို ကမန်းကတမ်းပိတ်ပြီး ထိုင်ရာမှထ [illegible] တော့သည်လေ။

''အဲဒါကြောင့် ပြောတာ၊ အနားကိုမလာပါနဲ့ဆို''

''အမလေး တူမလေးရယ်။ ဘာတွေ ဘယ်လောက်ထ [illegible] စားသောက်လာတယ်မသိဘူး။ နံလိုက်တာ ဟင်း။ ဒါ အသံ [illegible] လက်နက်တစ်မျိုးပဲ။ အနားကို ဘယ်သူမှမကပ်နိုင်အောင် နှင် [illegible]





[illegible]နိုင်တာ ဒီလက်နက်ပဲ''

''အန်တီလေးနော်''

''သျှင်သွေး''

''ဟင်''

''ဟောတော့''

သျှင်သွေးလို့ ခေါ်ပြီး လျှောက်လာသူက နန္ဒမို့ သျှင်သွေး [illegible]ရော စိမ့်ပါ မျက်လုံးပြူးကုန်ကြပြီပေါ့လေ။

''အား''

''ဟင်''

သျှင်သွေး ဗိုက်ထဲရစ်နာလာလို့ ညည်းလိုက်မိတော့ နန္ဒက [illegible]မျက်မှောင်ကြုတ်သွားကာ –

''ဘာဖြစ်တာလဲ''

''မသိဘူးဟာ၊ မမေးနဲ့''

ပြောပြီးတာနှင့် သျှင်သွေး တစ်ချိုးတည်း လစ်ပြီပေါ့လေ။ [illegible]နန္ဒက လိုက်ကြည့်ပြီး –

''အန်တီလေး''

''ဟေ''

''သျှင်သွေးက ဘာဖြစ်သွားတာလဲ''

"အဟဲ ဟိုဟာလေ"

စိမ့်ကလည်း အသက်လေးဆယ်ဆိုပေမယ့် ကလေးစိတ်က ကုန်သေးတာမဟုတ်ဘူးလေ။ စပ်ဖြီဖြီပုံစံနှင့်ဆိုတော့ -

"ဘာဖြစ်တာလဲ အန်တီစိမ့်ရဲ့"

"ဗိုက် ဗိုက်နာလို့လေ။ ရုပ်ရှင်ကြည့်ကအပြန် ဘာ... စားသောက်လာတယ် မသိပါဘူး"

"ဟား ဖြစ်ရမယ်။ သျှင်သွေးက အစားပုပ်တာကို ဖြစ်မှာ... အန်တီစိမ့်ရဲ့"

သျှင်သွေးအဖြစ်က သူတို့အတွက် ရယ်စရာပါလေ။ သ... သိရင် ပြောတော့မှာပဲ။ အစားပုပ်လို့ဖြစ်တာ၊ နည်းတောင်နည်း... တယ်ပဲပြောမလား။ ဝမ်းသာလိုက်တာပဲ ပြောမလား။ တစ်ခုခု ပြော... တော့ ကြိမ်းသေပါပဲ။

"အား ကျွတ် ကျွတ်"

ရေအိမ်ဝင်ပြီးသော်လည်း ဗိုက်နာတာက မပြေချင်ပေ။ ... ပြီးလို့ ပြန်ထွက်လာပြီးမှ ဧည့်ခန်းထဲပင် ပြန်မရောက်သေး။

"အား အမလေး... ကျွတ် ကျွတ်"

"တူမလေး"

"နာလာပြန်ပြီ"





"အဲ ဘယ်လိုလုပ်ပါ့မလဲ"

သျှင်သွေး မျက်နှာလေးက ရှုံ့မဲ့မဲ့ပါ။ စောစောက ရယ်နေ... စိမ့်နဲ့နန္ဒ မရယ်ရက်တော့ပေ။

"သျှင်သွေး"

"နင် ငါ့ဆီမလာနဲ့။ အား မနေနိုင်တော့ဘူး"

ပြောပြောဆိုဆိုနှင့် သျှင်သွေး ပြေးရပြန်သည်လေ။ ပြန်လာ... ...ိုက် ပြန်ပြေးလိုက်နှင့် ဖြစ်လာတော့ -

"နန္ဒရေ သျှင်သွေးတော့ ဒုက္ခပဲ။ ဘယ်လိုလုပ်ရပါ့မလဲ"

"ဘယ်လိုလုပ်ရမလဲ အန်တီစိမ့်ရဲ့။ ဆရာဝန်ခေါ်မှ ဖြစ်မှာ... ...ါ"

"အေး ဒေါက်တာမေသူဆီကို ဖုန်းဆက်ဦးမှပါ"

စိမ့် ဆရာဝန်ဆီသို့ ဖုန်းဆက်လိုက်တော့သည်လေ။ နန္ဒ... ...ည်း ပျာယာခတ်ချင်ပြီပေါ့။ ရေအိမ်ထဲမှာ သျှင်သွေး ဘာဖြစ်နေမလဲ ...တ်ပူရ ကိုယ်သွားလို့ကလည်း မဖြစ်ပြန်။ သျှင်သွေးလာမယ့်လမ်းကို ...ဲ ကြည့်ကာ ကြည့်ကာနှင့်။

"အန်တီစိမ့်"

"ဟေ"

"လိုက်သွားပါဦးမျာ့ သျှင်သွေး တစ်ခုခု ဖြစ်နေဦးမယ်"

"အေး အေးပါ"

"တောက် ကိုကိုကွာ။ ဒီကောင် မဟုတ်သေးပါဘူး။ မဟ
မှလွဲရော သျှင်သွေးကို စားချင်တာစားဆိုပြီး ရွဲ့ကွေးတာပဲဖြစ်မ

တွေးကြည့်ရင် ပြေးကြည့်တာထက် မှန်တယ်ဆိုတာ
လေ။ နန္ဒတွေးကြည့်မိသည်လေ။ သျှင်သွေးက အစားပုပ်တာပဲ
ကိုကိုက ရွဲ့တတ်သူ တွေ့ကြမှာပေါ့။

"စိမ့်"

"ရှင် မမ"

အပေါ်ထပ်မှဆင်းလာသည့် ဒေါ်သိမ့်သိမ့်သူ ထိုင်တော့
ထတော့မလိုဖြစ်နေသည့် နန္ဒနှင့် မျက်နှာပျက်နေတဲ့ ညီမဖြစ်
ကြည့်ကာ –

"နင်တို့ ဘာဖြစ်နေကြတာလဲ"

"တူမလေး ... အစားများပြီး ဝမ်းတွေသွားနေလို့ မ

"ဟင် ဟုတ်လား။ ဒါဆို ဆရာဝန်ခေါ်မှ ဖြစ်မှာပေါ့"

"ဖုန်းဆက်ခေါ်ထားတယ် မမ"

ဒေါ်သိမ့်သိမ့်သူ သက်ပြင်းချလိုက်မိတော့သည်ပေါ့။
သမီးအကြောင်းကို ကိုယ်သိလို့လေ။



## အခန်း (၇)

ဒီနေ့ စိမ့်ရဲ့မွေးနေ့မို့ တူဝရီးနှစ်ယောက် ရွှေတိဂုံဘုရားသို့ ရောက်ခဲ့ကြသည်လေ။ စိမ့်က အင်္ဂါသမီးဆိုတော့ အင်္ဂါထောင့်မှာ ပန်းကပ်၊ ရေကပ်ပေါ့။ စိမ့် ပန်းကပ် ရေကပ်နေတဲ့အချိန်တွေမှာ သျှင်သွေးက ဓာတ်ပုံရိုက်ပေးသည်လေ။

သိတယ်မို့လား။

ဖုန်းကိုင်သူ အတော်များများက ကြုံရာနေရာမှာ ဓာတ်ပုံဖမ်းကြတာ သူသူငါငါ။

"ဟင်"

စိမ့် ကိုယ့်ရှေ့အနား မလှမ်းမကမ်းမှာရပ်ပြီး ဖုန်းနှင့် ဓာတ်ပုံ

ရိုက်နေတဲ့ တစ်ယောက်ကို အမှတ်မထင် ကြည့်မိရာမှ ဟင်ခနဲ ဖြ
သွားရသည်သာ။ သူ့ဖုန်းထဲမှာပေါ်နေတာက ကိုယ့်တူမလေးရဲ့ပုံလေ

သူက ဘာလို့ ကိုယ့်တူမလေးကို ဓာတ်ပုံခိုးရိုက်ရတာလဲ
နောက်ခိုင်းထားတော့ ဆံပင်အရှည်ကိုပဲ မြင်နေရသည်လေ။ နော
ကနေကြည့်ပြီး ယောကျ်ားလား မိန်းမလားတော့ ခွဲခြားလို့မရပါဘူး
ပုံစံကတော့ ယောကျ်ားလေး ထင်ပါရဲ့။

"ဟေ့ ဟေ့ ဒီမှာ"

စိန့် အဲဒီတစ်ယောက်ဆီသို့ သွားလိုက်ပြီး ရှေ့မှာ မတ်တ
ရပ်လိုက်ကာ –

"ဒီမှာ"

"ဟာ"

ကင်မရာထဲမှာ မျက်နှာတစ်ခုက ဘွားခနဲ ပေါ်လာလေတေ
နေသဏ္ဍာန် လန့်သွားသည်လေ။ ရုတ်တရက် အနီးကပ်ပေါ်လာ
မျက်နှာက မိတ်ကပ်သားတွေတက်နေလို့ နှုတ်ခမ်းနီပန်းရောင်
ထူလပျစ်ကြီးပါပဲ။

"ခင်ဗျား ဘာလုပ်တာလဲဗျ"

"အံမယ်၊ နင်ကပဲ ပြောင်းပြန်မေးနေသေး။ အဲဒီမေးခွန်း
ငါက မေးရမှာဟဲ့။ နင် ဘာလုပ်တာလဲ။ ငါ့တူမလေးကို ဓာ





ရိုက်နေတာ ငါမသိဘူး မှတ်လို့လား"

နေသဏ္ဍာန် မျက်မှောင်ကြုတ်သွားပြီး –

"ဘယ်သူလဲ ခင်ဗျားတူမ"

"စောစောက နင်ဓာတ်ပုံခိုးရိုက်တာ ငါ့တူမလေ။ အခုမှ
သလို ပေါသလိုလာလုပ်မပြနဲ့။ အဲဒါ . . . ငါ့တူမအရင်း သျှင်သွေး
သစ္စာ"

"အန်တီလေး"

အန်တီလေးနဲ့ ဟိုလူ ဘာများဖြစ်နေပါလိမ့်လို့ သျှင်သွေး
အနားသို့ ရောက်လာခဲ့သည်လေ။

"နာမည်က သျှင်သွေး ဘယ်သူ"

"သျှင်သွေးသစ္စာ၊ သျှင်သွေးသစ္စာ"

"ဪ"

နာမည်ကို နေသဏ္ဍာန် မှတ်ထားလိုက်ပြီပေါ့လေ။ သျှင်သွေး
သစ္စာတဲ့။

"အန်တီလေးကလည်း သျှင်သွေးနာမည်ကို ဘာလို့ပြောပြ
တာလဲ"

"ဟင်"

"သူက ဘာလုပ်လို့လဲ"

သျှင်သွေးတစ်ဖက်လူကို သေသေချာချာ ကြည့်မိတော့ အံ့ဩသွားရသည်။ မမှတ်မိဘဲ ရှိပါ့မလား။ သူ့ပုံစံက တစ်ခါမြင်ဖူးရုံနဲ့ မှတ်မိအောင် သူများထက် ထူးနေတာကို။ ယောကျ်ားလေးဖြစ်ပြီး ဆံပင်အရှည်ကြီးနဲ့ ဖြစ်နေတာကိုက သူများထက် ထူးတာလေ။

"ဘာလုပ်ရမှာလဲ။ သူ တူမလေးကို ဓာတ်ပုံခိုးရိုက်နေတာ တူမလေးရဲ့"

"ဟင်"

သူက သူ ဘာမှလုပ်မထားသလို ခပ်တည်တည်ပါ။

"ရှင် ဘာလို့ အဲဒီလိုလုပ်ရတာလဲ။ ကျွန်မပုံကို အခုဖျက်ပေးနော်"

"ဘုရားပေါ်မှာ ဒေါသမဖြစ်ကောင်းဘူးလေ"

"ဖြစ်မှာပဲ၊ ရှင် ဘာလို့ မဟုတ်တာလုပ်လဲ၊ အခုဖျက်ပေး"

"မင်းရဲ့သိက္ခာကို တစ်ပြားသားမှ မထိခိုက်စေရဘူးဆိုရင် သိမ်းထားခွင့်ရှိမလား"

"ဘာ"

"ကြည့်စမ်း"

ဒီလူ့ပုံစံကြည့်ရတာ ကျွတ်ဆတ်ဆတ် မာကြောကြော လွယ်လွယ်လက်လျှော့မည့်ပုံမပေါ်ပေ။ ဘယ်လိုလူမျိုးပါလိမ့်။ သူက





သွေးပုံကို ဘာလို့လိုချင်ရတာလဲ။ စိတ်ဝင်စားလို့ဆိုရအောင်က -

သျှင်သွေးက -

ယောကျ်ားတွေ အရှုံးအမူး ဖွဲ့လမ်းရအောင် ချောမောလှပသူ တော်ပေ။

"မင်း ဘယ်လိုကောင်လဲ။ အဒေါ်တစ်ယောက်လုံးပါနေတာ င် မခန့်လေးစားနဲ့ပါလား"

"ကျွန်တော်က ဘယ်လိုလူလဲဆိုတော့"

နေသဏ္ဍာန် စကားကိုဖြတ်ထားပြီး ဖုန်းကို ခါးမှာထိုးလိုက် ည်။ ပြီးမှ -

"ကျွန်တော်က လူတော်မဟုတ်ဘူး။ လူညံ့မဟုတ်တာလည်း ချာတယ်။ လူကောင်းလည်း မဟုတ်ဘူးဗျ။ မိုက်ရိုင်းတယ် မယုတ် တွ့ဘူး။ သတ္တိရှိတယ်။ မဟုတ်မမှန် မတရားတာမလုပ်ဘူး။ ါလို့ မပြောဘူးနော်။ ယုံချင်မှယုံ။ အခုပြောပြတာ ကျွန်တော့်ရဲ့ ပုဒ်တွေပဲ"

စိမ့် နှုတ်ဆိတ်သွားလေတော့သည်။ ဘယ်လိုကောင်လေးပါ သူပြောတဲ့စကားတွေကို သူ့ပုံစံကြည့်ပြီး ယုံချင်မိသလိုလိုပါ။ ယ်ရည်သွေးတတ်တဲ့လူဆိုရင် သူကောင်းကြောင်းတွေချည်းပဲ ရွေး

ပြောမှာပေါ့။

အခု သူပြောတာက –

ကောင်းတာနည်းနည်း မကောင်းတာကများများလေ။ ဘယ်

သူကများ ကိုယ့်အကြောင်း မကောင်းပြောချင်မှာလဲ။

"ရှင် ဘာကောင်ပဲဖြစ်ဖြစ်ပါ ကျွန်မပုံတွေသာဖျက်ပေး

"ဆောရီး"

"ဟင်"

"လိုချင်လို့ တကူးတက ရိုက်ထားတာကို လွယ်လွယ်ဖျ

မပေးနိုင်ပါဘူး။ စိတ်ချ မင်းပုံတွေကို ကိုယ် ဘာမှမလုပ်ဘူး။ မ

သိက္ခာကျအောင်လည်း ဘာမှမလုပ်ဘူး။ သတိရတိုင်း ကြည့်နေ

သက်သက်ပဲ"

"ကျွတ်"

"အဲဒါကိုမှ မကျေနပ်လို့ မင်းတစ်ခုခု လုပ်ချင်တယ်ဆိုရ

ပါ။ ကိုယ်ကတော့ ခံယူဖို့အသင့်ပဲ"

တော်တော် ခေါင်းမာတဲ့လူပါလား။ သျှင်သွေး အန်တီ

မျက်နှာကိုကြည့်လိုက်တော့ အန်တီလေးက ခေါင်းညိတ်ပြသည်

ထားလိုက်ဆိုတဲ့သဘောပေါ့။

"ရှင် ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲ"





"စွဲလမ်းမှုဘာစ်ခုကြောင့်ပေါ့"

"ဘယ်လို"

"ကိုယ့်နာမည်က နေသူရှာန်"

"ဘယ်သူက မေးလို့လဲ"

"မသိချင်မှန်းတော့ သိပါတယ်။ သိထားသင့်တယ်ထင်လို့

ပြောပြတာ။ ဘာဖြစ်လို့လဲဆိုရင် ကိုယ်က မင်းရဲ့အရိပ်ဖြစ်တော့မှာမို့

လို့ပဲ"

သူ ဘာတွေပြောနေတာလဲ၊ သျှင်သွေး ဘယ်လိုနားလည်

ရမှန်း မသိတော့ပေ။ သူ သျှင်သွေးကို စွဲလမ်းနေတာလား။ တစ်ခါပဲ

မြင်ဖူးသေးတာကို ဖြစ်နိုင်ပါ့မလား။

ဟူး

စိတ်ရှုပ်ပြီး ရှူးချင်စိတ်တောင်ပေါက်လာပြီ။

"အန်တီ၊ ကျွန်တော့်ကို အန်တီဖုန်း ခဏပေးလို့ရမလား"

စိမ့် ပထမတော့ ကြောင်နေပြီး နောက်မှ –

"အေး အေး ရပါတယ်"

"အန်တီလေး"

သျှင်သွေး တားလိုက်ပေမယ့် အန်တီလေးဖုန်းက သူ့လက်

ထဲ ရောက်သွားပြီလေ။

"လော့ခ်က M ပုံစံ"

သူက ဖုန်းကိုဖွင့်ပြီး ဖုန်းနံပါတ်တစ်ခုကိုနှိပ်ပြီးခေါ်သည်လေ။ သူ့ခါးဆီမှ ဖုန်းရိန်းတုန်းသံထွက်လာပြီး –

"ကျေးဇူးပါ အန်တီ။ အခုခေါ်တဲ့ ကျွန်တော့်ဖုန်းနံပါတ်ကို မှတ်ထားပါ။ သျှင်သွေးသစ္စာနဲ့ ပတ်သက်ပြီး ဘယ်လိုအခက်အခဲ တစ်စုံတစ်ရာပဲရှိရှိ ကျွန်တော့်ကို လှမ်းခေါ်လိုက်ပါ။ ကျွန်တော် အမြဲ တမ်း အဆင်သင့်ရှိနေမယ်"

ပြောပြီး နေသဉ္ဇာန်ဖုန်းကို ပြန်ပေးပြီး လှည့်ထွက်သွားတော့ သည်လေ။ သူ့နောက်ကျောကိုကြည့်ပြီး တူဝရီးနှစ်ယောက်စလုံး အတွေးနယ်ချဲ့မိကြတော့သည်သာ။ နောက်မှ သျှင်သွေးက –

"အန်တီလေး"

"ဟင်"

"ကိုယ်နဲ့မသိတဲ့ လူတစ်ယောက်က ဖုန်းတောင်းတာကို ဘာလို့ပေးလိုက်တာလဲ။ အခု ဟိုက အန်တီလေးဖုန်းနံပါတ်ကို ရသွား ပြီ။ ဖယားတွေ ရှုပ်ရင် ဘယ်လိုလုပ်မလဲ"

"သူ့ပုံစံက မဟုတ်တာလုပ်မယ့်ပုံ မဟုတ်ပါဘူး တူမလေးရဲ့။ သူ တူမလေးကို တော်တော်စွဲလမ်းနေပုံပဲ"

"ကျွတ် အန်တီလေးနဲ့ ခက်တယ်။ လူရိုးက ခေါင်းမှာ





ထိုးမထားသလို သူရိုးကလည်း ဦးချိုပေါက်နေတာမဟုတ်ဘူး တီလေးရဲ့။ လူဆိုးလူကောင်းကို ဘယ်လိုခွဲခြားမှာလဲ။ ပြီးတော့ င်သွေးကို စွဲလမ်းတယ်ဆိုရအောင် သျှင်သွေးက အရမ်းချော လှတာ မဟုတ်ဘဲနဲ့"

"တူမလေးကလည်း အချစ်မှာ မျက်စိမပါဘူးဆိုတဲ့စကား ယ်လေ။ စွဲလမ်းမှုက ချောတာလှတာနဲ့မှ မဆိုင်တာ"

သျှင်သွေး ခေါင်းသာခါလိုက်မိတော့သည်။

"ဘာပဲဖြစ်ဖြစ် အန်တီလေးလေ၊ တူမလေးအစား ရင်တွေ နေတယ် သိလား"

"ခုန် ခုန်၊ ရင်ခုန်မြန်ပြီး ရပ်လည်းသွားဦးမယ် သိလား"

သျှင်သွေးပြောတော့ စိမ့်က ရယ်နေသည်လေ။ သျှင်သွေးက န်သိခံနဲ့ ဘုန်းနန္ဒဆိုတဲ့ ညီအစ်ကိုရှိနေတော့ ဘယ်စိတ်ဝင်စားပါ့ ။ ဘာပဲဖြစ်ဖြစ် စိမ့် ကောင်လေးကို စိတ်ဝင်စားသည်။ စိတ်ဝင် တယ်ဆိုတာ။

သူ့အကြောင်းကို သိချင်တာလေ။

ဆံပင်အရှည်နဲ့ သူများနဲ့မတူသောပုံစံကိုက စိတ်ဝင်စားစရာ ကောင်းနေတာ။

"တူမလေး"

"-----"

"သူက တူမလေးကို တကယ်စွဲလမ်းပြီး နိုးစပ်ဖို့ ကြိုးစား မယ်ဆိုရင် တူမလေး ဘယ်လိုလုပ်မှာလဲ"

သျှင်သွေး တွေခနဲဖြစ်သွားပြီးမှ –

"စိတ်မဝင်စားပါဘူး အန်တီလေးရယ်။ ဘုရားလာတ အာရုံမနှောက်ချင်ဘူးနော် အန်တီလေး"

"အေးပါဟယ်၊ အန်တီလေးက ပြောပြတာပါ"

"မပြောနဲ့တော့"

သျှင်သွေး မစဉ်းစားချင်ပေ။ ဘာမှန်းမသိ ဘယ်ကမှန်းမ တဲ့ လူတစ်ယောက်အတွက် အာရုံနှောက်မခံနိုင်ပါဘူး။

နှောင်ခါလာ နှောင်ခါရေး။

အခုက အခုပဲလေ။

✹



## အခန်း (၈)

နေသဏ္ဍာန်။

စီးကရက်တစ်လိပ်ကို မီးညှိပြီး ဆိုဖာပေါ်မှာ ငြိမ့်နေသည် လေ။ ထိုင်နေတာမဟုတ်။ အိပ်နေတာပါ။ နှစ်ယောက်ထိုင်ဆိုဖာပေါ် မှာ စီးကရက်ဖွာလိုက် လက်တစ်ဖက်က ဖုန်းစခရင်မ်ကို ပွတ်လိုက်ပါပဲ။

သျှင်သွေးရဲ့ပုံတွေကို ကြည့်နေတာလေ။ ကိုယ့်ဘာသာ ကြည့်ပြီး ကိုယ့်တစ်ယောက်တည်း ပြုံးနေမိတာ ရူးကြောင်ကြောင် တော့နိုင်သာ။ မတတ်နိုင်ဘူးလေ။ သူများမြင်လို့ အရူးပြောရင်လည်း အရူးပဲပေါ့။

ဟန်ဆောင်မှုကင်းလိုက်တဲ့ကောင်မလေး။ စားတဲ့သောက်တဲ့

နေရာမှာ ဟန်တွေပန်တွေ လုပ်မနေဘူးလေ။ ပုံစံက ခပ်စွာစွာပုံစံ
ပါပဲ။ ပွင့်လင်းတဲ့ပုံပဲဆိုပါတော့။ ဟန်ဆောင်မှုကင်းစွာ ထမင်းစားနေ
ပုံကို ရိုက်တာ သျှင်သွေးမသိပေ။

သိရင်ဘာပြောဦးမလဲ။

ရန်တွေ့ခံရမှာတော့ ကြိမ်းသေပါပဲ။ အဲဒီ စတွေတဲ့နေ
အဖြစ်အပျက်ကို ပြန်သတိရမိသွားပြန်ပြီပေါ့လေ။

"ကဲ ဘာစားမလဲ၊ နင်စားချင်တာတွေ ကြိုက်သလေ
သာမှာပေတော့။ သဘောရှိမှာ။ ဒီမှာ ဝအောင်စားတာမှ အ
သေးရင် အိမ်မှာစားဖို့ပါ ပါဆယ်မှာလို့ရသေးတယ်"

ကိုယ့်ရှေ့တည့်တည့် စားပွဲဆီမှ အသံကျယ်ကျယ်ကြ
နေသဏ္ဌာန် ဘာရယ်မဟုတ်ပဲ မော့ကြည့်လိုက်မိသည်လေ။ မော့
ဆို အစက စီးကရက်ဖွာလိုက် ဖုန်းပွတ်လိုက်လုပ်နေတာကိုး။

ဘဲကြီး အဲဒီလိုပြောတော့ -

ကောင်မလေး ရှက်ကိုးရှက်ကန်းဖြစ်ပြီး ဟိုကြည့် ဒီ
လှည့်ကြည့်မယ်ထင်လိုက်တာ။ ဒင်းလေးက ကျောက်ရုပ်လို တုံ
မှ မလှုပ်ပါပဲ။

"အဲဒီလိုလား"

လို့ ပြန်မေးတာလေ။





"အဲဒီလိုပဲ"

"Ok ကျေးဇူး အကြီးကြီးတင်တယ် သိလား"

ပြောပြီး ဝိတ်တာရောက်လာတော့ မှာလိုက်တာ တစ်ခုပြီး
တစ်ခုပါပဲ။ ဟိုတစ်ယောက်ကို ရှဲပြီးမှာတယ်ထင်ပါ့။ မဆီမဆိုင် ဘာ
ဆက်ပြောကြမလဲလို့ နေသဏ္ဌာန် နားစွင့်နေမိတာလေ။ ကဝေပညာနဲ့
မြှားခံလိုက်ရသလားပါပဲ။

တကယ်ဆိုရင် -

နေသဏ္ဌာန်ဆိုတာ ခပ်ဆိုးဆိုး ခပ်ပေပေကောင်လေ။
သူငယ်ချင်းအပေါင်းအသင်းကိုသာ မင်သက်ပြီး မိန်းကလေးတွေကို
သိပ်စိတ်ဝင်စားတတ်သူ မဟုတ်ပေ။

"သျှင်သွေး"

"ပြောလေ"

"အခုမှာတာတွေ အကုန်လုံး နင်တစ်ယောက်တည်းစားမှာ
သေချာတယ်နော်"

"စိတ်ချ မကုန်မချင်း အစာကြေဆေးစားလိုက်၊ အဲဒါတွေ
စားလိုက် စားမှာ"

မျက်နှာကိုမမြင်ရသေးဘဲ ရွှဲတတ်တာလေးကို ကိုယ်နဲ့တူလို့
သဘောကျသလိုလိုပါ။ နောက် ဘဲကြီးထသွားပြီး အတန်ကြာတော့

သျှင်သွေး selfie ဆွဲဖို့ပြင်သည်လေ။ အဲဒီမှာ လှမ်းကြည့်လိုက်တော့ ကင်မရာထဲမှာ ပေါ်လာတဲ့မျက်နှာလေး။

ပြည့်ပြည့်ဝိုင်းဝိုင်းနဲ့ ချစ်စရာလေးလေ။

ကင်မရာထဲမှာ အကြည့်ချင်းဆုံမိကြတော့ အလိုမကျမှုတွေနဲ့ ကြည့်လိုက်တဲ့မျက်ဝန်းလေးကို စွဲလမ်းမိသွားတယ်ထင်ပါရဲ့။

ဒါနဲ့ အကြောင်းမရှိ အကြောင်းရှာပြီး စကားသွားပြောပြ တာက ကိုယ်။ သူငယ်ချင်းတွေကတောင် စကြတော့သည်လေ။

"နေသဏ္ဍာန်တော့ ရှာန်လျှောပြီ ထင်ပါရဲ့"

"အေးကွာ၊ ကြို ကြိုဖူးပါဘူး"

အဲဒီစကားတွေနဲ့ရောပြီး နေသဏ္ဍာန် ကောင်မလေးကို လုံး စလိုက်မိသေးသည်ပေါ့လေ။ ဒီလိုစခဲ့တဲ့ နေသဏ္ဍာန် သျှင်သွေး တော့ လှမ်းစလိုက်တာ စိတ်လိုလက်ရပါပဲ။ သျှင်သွေးကလည်း သူ ကို ကက်ကက်လန် ပြန်ပြောသည်လေ။

နေသဏ္ဍာန်တို့ ထပြန်လာခဲ့တော့-

နေသဏ္ဍာန် သျှင်သွေး ဟန်ဆောင်မှုကင်းစွာ ထမင်းစား တဲ့ပုံကို ဓာတ်ပုံနိုးရိုက်လာခဲ့သေးသည်ပေါ့လေ။

"ဟဲ့ နေသဏ္ဍာန်"

"အင်"





ရုတ်တရက် စူးခနဲထွက်လာတဲ့အသံကြောင့် နေသဏ္ဍာန် ထန့်သလိုတော့ ဖြစ်သွားသည်။ ချက်ချင်းပဲ မျက်နှာက တင်းသွားပြီး ဆေစောင်းစောင်း ပြန်ကြည့်လိုက်တော့ –

"အိပ်ချင်ရင် ကိုယ့်အခန်းထဲ ကိုယ်သွားအိပ်လေ။ ဧည့်ခန်း ထဲမှာ လူမြင်လို့ မကောင်းဘူး။ ဧည့်ခန်းဆိုတာ အိမ်သားဖြစ်ဖြစ်၊ ဧည့်သည်ဖြစ်ဖြစ် သိမ်သိမ်မွေ့မွေ့နေရတဲ့နေရာဟဲ့ နင်မသိဘူးလား"

"ဟ ဘလိုင်းကြီးပါလား။ အခု ဘယ်ဧည့်သည်လာပြီး ဘယ်သူမြင်နေလို့လဲ။ မြင်လည်း ဂရုမစိုက်ဘူး။ ဒါ ကျွန်တော်ပိုင်တဲ့ ကျွန်တော့်အိမ်။ နေချင်တဲ့နေရာမှာ နေချင်သလိုနေမယ် မမြင်ချင် ရှောင်သွားပေါ့"

"ကျွန်တော့်အိမ် ကျွန်တော့်အိမ်နဲ့ သိပ်ပြီး မတ္တာပ်တိုင်တက် ပြမနေနဲ့ နေသဏ္ဍာန်။ ငါကလည်း နင့်အိမ်မှာ နေချင်လှလို့နေတာ မဟုတ်ဘူး နားလည်လား။ ငါ့ယောက်ျားကို ခေါ်မရလို့ နေတာဟဲ့"

"မနေချင် မနေနဲ့လေ။ ခင်ဗျားယောက်ျားကို ရအောင် ခေါ်သွား"

နေသဏ္ဍာန်က ခပ်ပြတ်ပြတ်ပါပဲ။ ခင်ဗျားယောက်ျားလို့ ပြောလိုက်တာက ကိုယ့်အဖေပေမယ့် အမြင်ကတ်လို့ တမင်ပြောပစ် လိုက်တာလေ။ သရဖီက နေသဏ္ဍာန်ထက် အသက်ငါးနှစ်ပဲပိုကြီးတာ။

ဒါကို မအေနေရာထားပြီး ဘယ်လို ခယ်ဆက်ဆံရမှာလဲ။

ဂုဏ်တွေပစ္စည်းတွေကိုမက်လို့ ကိုယ့်အသက်ကိုယ့်ရုပ်ရည် မှ အားမနာ အိုကြီးအိုမဖြစ်နေတဲ့ ကိုယ့်အဖေကို ယူတာလေ။ ဒါ သိနေတာပဲ။ မိတွေးကမိတွေးပဲပေါ့။ ဖေဖေက နောက်အိမ်ထောင် တော့မယ်ဆိုကတည်းက နေသဏ္ဍာန် ပိုင်ဆိုင်သင့်တာတွေကို အရေး ပေးထားတာပဲ။ ဒါကို ဒီမိန်းမက အိုးထဲကဟာလည်းငါ့ဟာ၊ ခွက်ထဲ က ဟာလည်း ငါ့ဟာ၊ ပန်းကန်ထဲကဟာလည်း ငါ့ဟာ လုပ်ချင် တာလေ။

ကိုယ့်ပိုင်ဆိုင်မှုတွေကိုပါ လက်ဝါးကြီးအုပ်ချင်နေတာ မ တာမှတ်လို့။ ရုပ်ကလေး ဖန်းပြပြီး ကိုယ့်အဖေကို မြူဆွယ်ခဲ့ တကယ်ချစ်လို့မှ မဟုတ်ပဲလေ။ မဖြစ်နိုင်လို့သာပေါ့။ ဖြစ်နိုင် အိမ်သာတောင် ထက်ခြမ်းခွဲယူချင်တဲ့မိန်းမ။ နေသဏ္ဍာန် အိပ်နေရ နေ ထထိုင်လိုက်တော့ –

“ခေါ်သွားမှာ ရအောင်ကိုခေါ်မှာ။ နင့်အဖေက နင့်ကို မ မခွာရက်ဖြစ်နေတာလေ။ အဲဒါကြောင့် ငါလည်း နင်မကြည်ဖြူ သိသိနဲ့ တွယ်ကပ်နေတာပေါ့”

“ခင်ဗျားက ကြည်ဖြူစရာကောင်းအောင်မှ မနေတာပဲ

“ဘာ”





“ကျွန်တော် စကားကို နှစ်ခါပြန်ပြောဖို့ စိတ်မရှည်ဘူး”

“ပြောပါဦး။ ငါက နင်ကြည်ဖြူအောင် ဘယ်လိုနေပေးရမလဲ ပြောပါ”

“ခင်ဗျားကိုယ်ခင်ဗျား မှန်ထဲပြန်ကြည့်လိုက်လေ။ တစ်နေ့တစ်နေ့ အလှပြင်လိုက် အပြင်ထွက်လိုက်။ သူငယ်ချင်းတွေ အိမ်ခေါ်လာပြီး တရုန်းရုန်းလုပ်လားလုပ်ရဲ့။ ဝတ်တော့ အတိုအပြတ် အကပ်တွေ။ ခေတ်ဆိုပြီး ခေတ်ကို ခုတုံးမလုပ်နဲ့။ တော်တော်ကို အမြင်ကပ်တယ်”

“နင့်ဘာသာ အမြင်ပဲကတ်ကတ် အမြင်ပဲကွာကွာ ငါ ဂရုမစိုက်ဘူး။ နင် အမြင်ကြည်အောင် ဘီးစပတ်မောက်မောက်နဲ့ ရင်ဖုံးဝတ်ပြုမနေနိုင်ဘူးဟေ့”

“သဘောပါဗျာ၊ ခင်ဗျားဝါသနာပါရင် ဘာမှ မဝတ်ဘဲပဲနေနေ သဘောပဲ။ ဖေဖေ့ဂုဏ်သိက္ခာကိုတော့ မထိခိုက်စေနဲ့။ ထိခိုက်လို့ကတော့ အသေသတ်ပစ်မယ် သိလား”

“အံမာ လုပ်ရဲလုပ်ကြည့်ပါလား။ နင့်ကို ဥပဒေက လက်ပိုက်ကြည့်နေမတဲ့လား”

နေသဏ္ဍာန် မဲ့ပြုံးပြုံးလိုက်မိတော့သည်လေ။ ပြီးတော့ စီးကရက်တိုကို ပြာခွက်ထဲသို့ထည့်ပြီး နောက်တစ်လိပ် ထပ်ညှိလိုက်ကာ

"ကျွန်တော်က လုပ်ရဲရင် ခံရဲတဲ့ကောင်"

"နင် အဲဒီလိုတွေ ပြောနေရအောင် အခု ငါက မဟုတ်တာ ဘာတွေလုပ်နေလို့လဲ ပြောပါဦး"

"မသိဘူးလေ၊ ခင်ဗျားက တစ်နေ့တစ်နေ့ အလုပ်ပြင်လို့ သူငယ်ချင်းတွေနဲ့ ချိန်းလိုက်၊ အပြင်ထွက်လိုက်ဆိုတော့ ဖေဖေ့ မြန်မြန်သေပါစေလို့ ဆုတောင်းပွဲများ ကျင်းပနေသလားလို့ပါ"

"နင် နင် မဟုတ်တာတွေ မပြောနဲ့နော်"

နေသဏ္ဌာန် ထရပ်လိုက်တော့ စီးကရက်ပြာက ကျိုးကျသ လေလျှင် –

"ဟဲ့ ပြောတော့ ပြောတဲ့လူ အလွန်ဖြစ်ဦးမယ်။ စီးကရ သောက်တာ စည်းကမ်းမရှိဘူး။ ဆိုဖာပေါ် မတော်တဆ မီးပွားကျ လောင်နေဦးမယ်"

"ခင်ဗျားလောင်ပါစေ ဆုတောင်းတောင် မလောင်ဘူ လောင်လည်း ဆိုဖာတင်မဟုတ်ဘူး ဟောဒီတိုက်ကြီးပါပဲ လေ လောင် ခင်ဗျားပူစရာမလိုဘူး"

ပြောပြီး နေသဏ္ဌာန် ဆိုဖာပေါ်သို့ ဆေးလိပ်ကို တမင် လိုက်သည်လေ။

"စေတနာနဲ့ပြောတာကို အရာမထင်ဘူး။ နေပေါ့





နင့်ဘာသာ တစ်တိုက်လုံးမကလို့ လူတစ်ကိုယ်လုံးပါပဲ လောင်လောင် ငါ့အပူမပါဘူး"

"ဘာဗျ"

"ငါလည်း စကားကို နှစ်ခါပြန်မပြောတတ်ဘူး"

"တောက်"

သရဖီ လှည့်ထွက်သွားတော့ ဒူးအထက်မှာရှိနေတဲ့ ဂါဝန်စ က လွင့်ခနဲဖြစ်သွားသည်လေ။ အဲဒီလောက် ခေတ်ဆန်တာကိုပဲ နေသဏ္ဌာန် ကြည့်မရတာ။

ဖေဖေကတော့–

ဒါကိုပဲ လုတယ်ထင်ပြီး မာယာနွံထဲမှာ ကျွံသွားသည် ထင်ပါရဲ့။

# အခန်း (၉)

"အန်တီလေး"

"ဟင် ဘာလဲ နန္ဒ"

"ခဏ"

စိမ့် အပေါ်ထပ်မှဆင်းအလာနှင့် နန္ဒက အပေါ်ထပ်ကို အတက် လှေကားအလယ်မှာ ဆုံကြလေလျှင် နန္ဒက အန်တီလေး ခဏဆိုပြီး အပေါ်ထပ်ပြန်တက်ရန် စိမ့်လက်ကိုဆွဲခေါ်လေတော့-

စိမ့် ဘုမသိ ဘမသိနှင့် ပါလာခဲ့တော့သည်လေ။

"ဘာဖြစ်လို့လဲ နန္ဒရဲ့။ ဘာလုပ်မလို့လဲ အန်တီစိမ့်ကို ပြောပြ ဦးလေ"





"ဪ . . . ကျွန်တော် ဘာလုပ်မလဲဆိုတာကိုကြည့်လေ အန်တီစိမ့်ရဲ့။ လာပါ အန်တီစိမ့် ကျွန်တော့်ကို နည်းနည်းပဲကူညီ"

စိမ့် ဘာမှထပ်မမေးတော့ပဲ နန္ဒခေါ်ရာနောက်သို့သာ လိုက်လာခဲ့တော့သည်လေ။ နန္ဒက သျှင်သွေးအခန်းထဲကိုဝင်ပြီး သနပ်ခါး အောက်ပျဉ်မှာ သွေးလိုက်တဲ့သနပ်ခါး။ သွေးလိုက် ထွက်လာတဲ့ သနပ်ခါးတွေကို လက်ညှိုးနဲ့သိမ်းယူလိုက်။ ဗိတ်ကပ်ဘူးခွံ အဖုံးလေး ခဲကို ထည့်လိုက်ပါပဲ။

သျှင်သွေးက -

အိမ်မှာနေရင် ရှင်မတောင်သနပ်ခါးပဲ လိမ်းတာလေ။

"နန္ဒ"

"ဗျာ"

"သနပ်ခါးတွေသွေးပြီး နင် ဘာလုပ်မလို့လဲ"

"အန်တီလေးကလည်း ကျွန်တော် ဘာလုပ်မလဲ ကြည့်ပါ နော်"

"အေး . . . အေးပါ၊ နင်တို့ကလေးတွေကြားမှာ တစ်ခါ အလေ ငါက ငပေါမကြီးကိုဖြစ်လို့"

"ဟာ အန်တီစိမ့်ကလည်း အဲဒီလိုကြီးတော့ မပြောပါနဲ့ဗျ။ ကျွန်တော်တို့က အန်တီစိမ့်ကို ချစ်လို့ခင်လို့ ဆိုးတာနဲ့တာပဲဟာ"

"အေးပါ အဲဒီစကားနဲ့ပဲ နင်တို့လုပ်ချင်တာ လုပ်ခွင့်ရ ပါမစ်ယူနေကြတာပါပဲ"

နန္ဒရယ်ပြီး သူလုပ်ချင်တာတွေကိုသာ ဆက်လုပ်နေသည် သနပ်ခါးကိုယူပြီး နှုတ်ခမ်းနီရဲရဲတစ်ဘူးပါ ယူလိုက်သည်လေ။

"လာ အန်တီလေး သွားမယ်၊ ဩော် ခဏ"

မျက်ခုံးမွှေးဆွဲတံကျန်လို့ ယူလိုက်တာပါ။ ပြီးတော့ အော ထပ်သို့ ပြန်ဆင်းလာခဲ့ပြီး –

"ဟဲ ဟဲ တွေ့ကြသေးတာပေါ့"

နန္ဒ တိုးကပ်သွားတဲ့နေရာကို လိုက်ကြည့်လိုက်တော့ –

"ရှူး ရှူး"

"ဟင်"

သျှင်သွေးက ဆိုဖာပေါ်မှာ အိပ်ပျော်နေတာ တရှူးရှူးနှင့်

"အစားပုပ်သလို အအိပ်ကလည်း ပုပ်ပုံ။ တွေ့မယ်"

နန္ဒက ယူလာတဲ့သနပ်ခါးတွေကို သျှင်သွေးမျက်နှာအ လိမ်းပေးသည်လေ။ ပြီးတော့ ပါးကွက်က ပါးမှာရော နဖူးမှာ မေးစေ့မှာရော ကွက်လိုက်သေး။

"နိုးလာရင် စိတ်ဆိုးနေမယ်နော် နန္ဒ"

"အန်တီလေး မသိချင်ယောင်သာ ဆောင်နေလို





ဟုတ်ပြီလား"

* မျက်ခုံးမွှေးကို အထူကြီးဖြစ်အောင် ဆွဲတာလည်း သျှင်သွေး ကမနိုးပေ။ နှုတ်ခမ်းနီကလည်း ဆိုးလိုက်သေးတော့ သျှင်သွေးက သျှင်သွေးရုပ်ပျောက်ပြီး သျှင်သွေးမဟုတ်သလိုပါပဲ။

"ဟဲ အဲဒါ ဘာလုပ်နေကြတာလဲ"

"ရှူး"

အသံကြားရာဆီကို မော့ကြည့်ပြီး ရှူးခနဲလုပ်ပြီးမှ နန္ဒ ဟဲခနဲ ရယ်လေသည်။ အပြင်ကနေပြန်လာတာ သျှင်သွေးရဲ့မေမေ အန်တီ သိမ့်လေ။

အန်တီသိမ့်က စီးပွားရေးသမားမို့ အိမ်မှာ သိပ်ကပ်သူ မဟုတ်ပေ။

သျှင်သွေးရဲ့မျက်နှာကိုမြင်သွားလေတော့ –

"အိပ်တဲ့လူကလည်း အိပ်လို့ရယ် မပျော်။ ဆင်အော်လို့ နိုးဆိုတာမျိုး။ စတဲ့လူတွေကလည်း ကြုံကြုံဖန်ဖန်၊ ဟုတ်တော့ ဟုတ်နေတာပဲ"

"စိမ့်လုပ်တာမဟုတ်ဘူးနော် မမ၊ နန္ဒ သူ့ဘာသာလုပ်တာ"

"ကျွန်တော်ကလည်း အန်တီစိမ့် ကြံရာပါလို့ မပြောမိပါလား ချာ"

"လုပ်ချင်တာသာလုပ်ကြပါ။ ဟိုက နိုးလာမှ ဘာသံကြားရဦး မယ်မသိဘူး"

"လစ်တော့မယ်"

ဒေါ်သိမ့်သိမ့်သူ တဖျစ်တောက်တောက် ပြောပြီး အပေါ်ထပ် သို့ တက်သွားလေတော့ စိမ့်လည်း လိုက်သွားတော့သည်သာ။ နန္ဒက သျှင်သွေးမျက်နှာကို သေသေချာချာကြည့်ပြီး –

"အဟွန်း သနပ်ခါးခြောက်လေ ပိုလှလေဖြစ်မှာပဲ။ အဲ အိပ်ပုပ်ကြီးချင်ဦး"

သူ့ဘာသာပြော သူ့ဘာသာသဘောကျပြီး သူ့ဘာသာ တင် ယောက်တည်းရယ်၊ ဟုတ်တော့ဟုတ်နေတာပါပဲ။

"လစ်ပြီ သျှင်သွေးရေ"



## အခန်း (၁၀)

"ရှပ် ရှပ် ရှပ်"

ခြေသံတရှပ်ရှပ်က ဘုန်းသိခ်ရဲ့ခြေသံပါ။ သျှင်သွေးတို့အိမ်ကို ...တာလေ။ ဒီနေ့ အလုပ်ကိစ္စနဲ့အပြင်သွားတာ အိမ်ကို စောစော ...ရောက်တာနှင့် သျှင်သွေးတို့အိမ်ကို လာခဲ့တာပါ။ တစ်အိမ်လုံး ...တ်ဆိတ်နေလို့ ထူးဆန်းသလား ထင်ရပါတယ်။

မရွှေချောက အိပ်ပျော်နေတာကိုး။

သိခ်ရဲ့ခြေလှမ်းတွေ သျှင်သွေးအိပ်နေတဲ့ ဆိုဖာဘေးက ...ရှေ့မှာ ရပ်တန့်သွားလေသည်၊ သျှင်သွေးမျက်နှာကိုကြည့်ပြီး ...မတော့ မျက်မှောင်ကြုတ်သွားသည်လေ။ နောက်တော့ နန္ဒ

လက်ချက်ပဲဆိုတာ သိလိုက်သည်ပေါ့။

စောစောက –

နန္ဒနဲ့ သိခ် ခြံထဲမှာဆုံသည်လေ။

“ကိုကို ဘယ်သွားမလို့လဲ”

“သျှင်သွေးတို့အိမ်သွားမလို့”

“ညီတောင် အခု သျှင်သွေးတို့အိမ်က ပြန်လာတာ အပ

ချက်ချင်းပဲ ကိုယ့်ရှေ့ကနေ ထွက်သွားတဲ့ပုံစံက မျက်နှာပုံး
မသေဘဲလေ။ အခုတော့ ဒီလိုကို။ သိခ် သျှင်သွေးကိုမနိူးဘဲ ဆိုဖာ
ဝင်ထိုင်နေလိုက်သည်။ သျှင်သွေးမျက်နှာက သနပ်ခါးတွေ ခြောက်
လေ ကြောက်စရာကောင်းလာလေပါပဲ။ နန္ဒဆိုတဲ့ကောင် လက်
မြောက်ပါ့လို့တွေးပြီး သိခ် ပြုံးမိသည်ပေါ့လေ။

“အင်း အင်း”

ဟော သျှင်သွေးလှုပ်လာပြီ။ ရယ်ချင်သည့်စိတ်ကို မျိုး
ပြီး မျက်နှာကို တင်းထားလိုက်သည်လေ။ ဒီကောင်မလေးက
ကာ မောကာနဲ့ ပေါတောတောလို ဆက်ဆံရင် လွယ်တာမဟုတ်

သူကိုယ်တိုင်က –

အရွှး အရွှးနဲ့အိမ်ဦးကို ချေးပန်းချင်တဲ့ကောင်မလေး၊

“ဝါး”





သျှင်သွေး နိုးလာပါပြီ။ သမ်းလည်းသမ်း။ အပျင်းလည်းဆန့်။
ပြီးမှ ထထိုင်လိုက်တော့ –

“အမလေး”

“ဟာ”

သျှင်သွေး ရင်ဘတ်ကလေးကို လက်နှင့်ဖိကာ –

“လန့်လိုက်တာ သိခ်ရယ်။ အသံမပေး ဘာမပေးနဲ့ ငုပ်တုပ်
ကြီး ထိုင်နေရတယ်လို့။ အသံလေးဘာလေး ပေးပါတော့လား။
အကယ်ပဲ”

“အံမယ် သူကပဲ ပြောရတယ်ရှိသေး။ ကိုယ့်ရုပ်ကိုယ်လည်း
မှန်ထဲပြန်ကြည့်ဦး။ လန့်ချင်လန့် ငါက လန့်ရမှာသိလား”

“အံမယ် ... နင်လန့်ရအောင် ငါ့ရုပ်က ဘာဖြစ်နေလို့လဲ”

“မှန်ကြည့်လိုက်လေ။ အခုမှ ဇီးကွက်သရဲ သံပုရာသီး
စားထားတဲ့ရုပ်”

“နင်နော်”

သျှင်သွေး နှုတ်ခမ်းလေးစူသွားတော့သည်ပေါ့လေ။ ပြော
လိုက်တာ မညာမတာ။ သရဲတောင်မှ လူသရဲမဟုတ်ဘဲ ဇီးကွက်
သရဲတဲ့။ ဒီကြားထဲ သံပုရာသီးကစားရသေး။

“နင်ကလေ၊ ဟိုစကားနဲ့ ကွက်တိပဲသိလား”

"ဘယ်စကားလဲ"

"အိပ်လို့ရယ်မပျော် ဆင်အော်လို့မနိုး။ စားလို့ရယ်မဝင် ဆ…
တစ်ပြည်ချက် တက်တက်ပြောင်ဆိုတာလေ။ ဒီပုံစံနဲ့တော့ ဟူး"

"ဘာဖြစ်လဲ"

"ဝက်ဖြစ်မှာ"

"ဖြစ် ဖြစ်"

သျှင်သွေးက ပြန်အော်သည်လေ။ ရယ်ချင်စိတ်ကလ…
မနည်းကိုမျိုသိပ်ထားရတယ်။ သနပ်ခါးထူထူက ခြောက်သွားေ…
ပိုထင်ရှားလာသည်လေ။ နှုတ်ခမ်းနီကရဲရဲ၊ စောစောက ဓာတ်ပုံ…
ထားလိုက်ရမှာ။

ဘုန်းသိခ် –

ဖုန်းကိုဖွင့်ပြီး ကင်မရာကိုနှိပ်လိုက်ကာ –

"သျှင်သွေး"

"ဘာလဲ"

"နင့်ပုံ ဘာပုံပေါက်နေလဲ နင်သိလား"

"အိပ်မှုန် စုံမွှားပုံပေါက်နေမှာပေါ့"

"အဲဒီလောက်နဲ့ မလုံလောက်ဘူး။ ရော့ ဘက်ခ်ကင်…
လေးနဲ့ selfie ဆွဲလိုက်ပါဦး"





"ပေး"

သျှင်သွေးက ရွှံ့တတ်သူပီပီ ဆံပင်တွေကို ဟိုသပ်ချ ဒီသပ်
ချလုပ်ပြီး ရယ်နေတဲ့ပုံလုပ်လိုက်သည်။ ပြီးတော့ ဖုန်းကို မျက်နှာရှေ့
မှာ ထောင်လိုက်လေတော့–

"အမလေး"

"ဟ"

သျှင်သွေး လန့်ပြီး ဖုန်းကိုလွှင့်ပစ်လိုက်တာလေ။

"သွားပါပြီ၊ ငါ့ဖုန်းလေး ကွဲပြီလား မသိပါဘူး"

ဘုန်းသိခ် ဖုန်းကိုပြန်ကောက်လိုက်စဉ် –

"သိခ် နင် နင်ဘာပုံကြီးထည့်ထားတာလဲ"

"အဲဒါ နင့်ပုံလေ"

"ဘာ"

"မယုံရင် သေသေချာချာ ပြန်ကြည့်။ ကိုယ့်ရုပ်ကိုယ် စေ့
စေ့စပ်စပ်ကြည့်"

ပြောပြီး ဘုန်းသိခ်က ဖုန်းကိုပြန်ပေးသည်လေ။ သျှင်သွေး
ဖုန်းကိုယူပြီး ကင်မရာထဲမှာ ကိုယ့်မျက်နှာကိုယ် ပြန်ကြည့်လိုက်တော့

"ဟင်"

တကယ့်ကို သျှင်သွေးမှ သျှင်သွေးအစစ်ပါပဲ။ ဒါပေမဲ့

သျှင်သွေးရုပ်ပျောက်နေတာလေ။ ကြည့်ပါဦး သနပ်ခါးတွေ၊ နှုတ်ခမ်း
နီတွေနဲ့ သျှင်သွေး အိပ်ပျော်နေတုန်း ဘုန်းသိခ်လုပ်တာပဲဖြစ်မှာ။

သူပဲရှိတာလေ။

အန်တီလေးက ဒီလိုလုပ်မှာမှ မဟုတ်တာ။

''သိခ်''

''ဘာလဲ''

''နင်က ငါ့ကို တော်တော် ရုပ်ဆိုးစေချင်နေတယ်ပေါ့ေ
ဟုတ်လား။ အဲဒီလောက်ဖြစ်နေရင် ခုလိုမလုပ်နဲ့၊ ငါ့မျက်နှာကို ဓား
သာ မွှမ်းလိုက် သိလား''

သျှင်သွေးက ငိုမဲ့မဲ့ပုံစံနှင့် ပြောလေလျှင် –

''ဟာ ဘာလဲဟ၊ ငါက နင့်ကို ဘာလို့ ရုပ်ဆိုးစေချင်ေ
လဲ။ နဂိုကတည်းက နင့်ရုပ်က လှလို့လား''

''ဒါတွေ နင်လုပ်တာမဟုတ်ဘူးလား။ နင်ကလွဲရင် ဘယ
လုပ်တာဖြစ်ဦးမှာလဲ အဟင့်''

''အံမယ်၊ လူကိုများ စွပ်စွပ်စွဲစွဲနဲ့၊ နင့်ကိုငါ ရောက်ကတ
က အခုထိ လက်ဖျားနဲ့တောင်မတို့ဘူး နားလည်လား''

''ဒါဆို ဘယ်သူလုပ်တာလဲ''

''ဘယ်သိမလဲဟ။ ငါက ရောက်လာတာ မကြာသေး





ဘူး၊ သူခိုးလိုက်တဲ့အချိန်မှာ ငါက ခြေဆေးမိတဲ့ကောင်ပါလား''

သျှင်သွေး ဘာမှထပ်မပြောဘဲ ကင်မရာထဲက သူ့မျက်နှာကို
ကြည့်ပြီး သနပ်ခါးတွေ ဖျက်နေလေတော့သည်။

''စိတ်ကောင်းမရှိတဲ့ကောင် ရုပ်ဆိုးမနဲ့ ညားပါစေ''

''ဘယ်လို''

''ကြားတဲ့အတိုင်းပဲ''

သိခ်က သျှင်သွေးကို ခပ်စူးစူးကြည့်လေသည်။ အဲဒီအကြည့်
မျိုးကို သျှင်သွေးမကြိုက်ပါဘူး။ အဲဒီအကြည့်မျိုးကြောင့်ပဲ သူ့စိတ်က
ခန့်မှန်းရခက်တာ။

သျှင်သွေးကို အလိုလိုက်တဲ့အခါ အလိုလိုက်သလို
အနိုင်ကျင့်တဲ့အခါလည်း အနိုင်ကျင့်လေတော့ –

သူ သျှင်သွေးကို ချစ်တယ်လို့ ခန့်မှန်းရခက်သည်လေ။
ချစ်လား မချစ်လားမသိတော့ပါဘူး။

''ငါ့ကို ရုပ်ဆိုးမနဲ့ ညားပါစေ ဟုတ်လား''

''ဟုတ်တယ် ဟုတ်တယ်၊ ငါ့ကို ရုပ်ဆိုးစေချင်နေတာ။
နင်လည်း ရုပ်ဆိုးမနဲ့ ညားပါစေ''

''နင်နဲ့ညားရင်တော့ နင့်ဆုတောင်းပြည့်မှာပါ''

''ဘာ သိခ် နင်''

သျှင်သွေး သိခ်ကို လှမ်းထုလိုက်တော့ သိခ်က သျှင်သွေး
လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားပြီး ခပ်ဖိဖိ ဖျစ်ညှစ်လိုက်လေသ

"အား"

"----"

"အား နာတယ် လွှတ်"

သျှင်သွေး မျက်နှာလေး ရှုံ့မဲ့ပြီး အော်တော့မှ သိခ်
လက်ကိုလွှတ်ပေးသည်လေ။ သျှင်သွေး မျက်ရည်တွေလည်ရ
သာ။ လက်ကနာတာထက် ရင်ထဲက ပိုနာသည်လေ။ မညှာမ
လုပ်ရက်လိုက်တာလို့တွေးပြီး ဝမ်းနည်းမိသွားတာပါ။

နန္ဒသာဆို အဲဒီလိုလုပ်ပါ့မလား။

နန္ဒသာဆိုရင် သူသာ အထုခံပြီး အသားနာခံလိမ့်မယ် ထ
ရဲ့။

✹



## အခန်း (၁၁)

xxx ငွေရောင်နှင်းစက်လေးတွေဖြန်းတဲ့ ပန်းလို xxx အိုး
ဟိုး

xxx ရွှေရောင်ဝင်းတဲ့အသားနဲ့ လန်းတယ် xxx လန်းတယ်
xxx အိုး ဟိုး

အပြောကောင်းတဲ့မြို့က အစ်ကို xxx မယုံရဲဘူးနော် ရှင့်ကို
ရှင့်ကို

မြှောက်ကာ ပင့်ကာ သူဆို xxx မြှောက်ကာပင့်ကာ သူဆို
ပျားပိတုန်းလေးလို အနားမှာခို xxx
xxx မဟုတ်ရပါဘူးဗျာ၊ တောသူအလှ "စာဖွဲ့ပြတာပါxxx

"ဟင်"

ဖုန်းရိုန်းတုန်းသံကြောင့် စိမ့် ကြက်သားပြုတ်နွှင်နေရင်း လက်တောင်မဆေးမိဘဲ လက်သုပ်ကာ ဖုန်းကိုင်လိုက်သည်လေ။

"ဟယ်လို၊ အမိန့်ရှိပါရှင်"

ပေါ်လာတဲ့ ဖုန်းနံပါတ်က အဆုံးမှာ 544 နဲ့ကို မြင်ဖူးသ ရှိပြီး ဘယ်သူမှန်းမသိတာကြောင့် ဒီလိုစပြီး နှုတ်ဆက်ရတာပါ။

"အန်တီ ကျွန်တော် နေသဏ္ဍာန်ပါ"

"ဟင်"

နေသဏ္ဍာန်တဲ့။ ဒီကောင်လေးကို စိမ့် ကောင်းကော မှတ်မိတာပေါ့။ နာမည်က ထူးခြားသလို လူပုံစံကလည်း သူများတွေ ကွဲလွဲနေတာပဲလေ။ ဆံပင်ရှည်ရှည်နဲ့ နှုတ်ခမ်းက ထူပြည့်ပြည့်၊

ပြီးတော့ –

ကိုယ့်တူမလေးကို ဓာတ်ပုံခိုးရိုက်တဲ့လူဆိုတော့ ပိုပြီးမှတ် တာပေါ့။

"ကျွန်တော့်ကို အန်တီမှတ်မိရဲ့လား မသိဘူး"

"ဩော် အေး မှတ်မိပါတယ်။ မှတ်မိပါတယ်ကွယ်"

"ဟား တော်ပါသေးရဲ့ဗျာ။ ကျွန်တော်က အန်တီ ကျွန်တေ ကို မမှတ်မိမှာ စိုးရိမ်နေတာဗျ"





"မှတ်မိပါတယ်။ သား ဖုန်းဆက်တာ အန်တို့ကို ဘာပြော ရော ရှိလို့လဲ မသိဘူး"

စိမ့် သိပ်ရောလို့ မဖြစ်ဘူးလေ။ ကိုယ်က မိန်းကလေးရှင် ပောတ်လား။ ပြီးတော့ ကောင်လေးက တူမလေးကို စိတ်ဝင်စားနေပုံ လေ။ တူမလေးမှာက ဘုန်းသိခ်နဲ့ ဘုန်းနန္ဒရှိနေတာပဲဟာ။

သူ့ဘာသာ ဟိုညီအစ်ကိုနှစ်ယောက်တောင် ဘယ်သူ့ကို ချစ်မှန်းမသိလို့ ရွေးချေက်နေတာကို၊ နောက်တစ်ယောက်နဲ့ဆို စိတ်ရှုပ် စရာလေ။

"အန်တီ ဟိုလေ"

"ပြောပါသား"

"ပြောရမှာ အားတော့နာပါတယ် အန်တီ၊ ဒါပေမဲ့ ကျွန်တော် က ပြောစရာရှိရင် ဝေ့ဝိုက်ကွေ့ပတ်မနေတတ်ဘူးဗျ"

"ပြောမှာသာ ပြောပါကွယ်"

"ကျွန်တော့်ကို သျှင်သွေးသစ္စာရဲ့ ဖုန်းနံပါတ်ပေးပါ အန်တီ။ ဒါမှမဟုတ် ဖုန်းနံပါတ် မပေးချင်ရင် အီးမ်းလိပ်စာပေးပါဗျာ"

"အမလေး မင်းက အန်တို့ကို ရာဇဝတ်အိုး တုတ်နဲ့ထိုးခိုင်း တာပဲ။ ဖုန်းနံပါတ်တော့ မပေးပါရစေနဲ့ကွယ်။ အီးမ်းလိပ်စာပဲ ပေးပါရ စေ။ ပြောပြမယ် မှတ်ထား"

"ဟုတ်ကဲ့"

စိမ့် ဟိုကြည့် ဒီကြည့် ကြည့်လိုက်မိသေးသည်လေ။ ဘယ်သူ့ကိုမှ မမြင်ရလေမှ လိပ်စာကို ပြောပြလိုက်ရသည်ပေါ့။ သူ ဘာလုပ်မလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့။

"ကဲ ဒါပဲ မဟုတ်လား နေသဏ္ဍာန်"

"ဟုတ်ကဲ့ ကျေးဇူးပါ အန်တီ"

စိမ့်ဘက်က အရင်ဖုန်းချလိုက်လေတော့သည်လေ။

နေသဏ္ဍာန်ကတော့ –

ကျေနပ်သောအပြုံးနှင့် နံရံမှာကပ်ထားတဲ့ ဗီနိုင်းပိုစတာကို မော့ကြည့်လိုက်မိသည်။ ဗီနိုင်းပိုစတာက သျှင်သွေးသစ္စာရဲ့ပုံလေ။ နောက်ထပ် အိပ်ရာဘေးမှာထားတာ တစ်ပုံရှိသေးရဲ့။

အဲဒီပုံက –

မှန်ဘောင်သွင်းထားတာပါ။

✹



## အခန်း (၁၂)

သျှင်သွေး ဒီနေ့တော့ သူငယ်ချင်းနဲ့ ရုပ်ရှင်ကြည့်ဖို့ ချိန်းထားသည်မို့ အလှပြင်ပြီးထွက်လာခဲ့သည်။ သူငယ်ချင်းတွေက ခပ်လန်းလန်းဆိုတော့ ကိုယ်လည်းလန်းနေမှ ဖြစ်မှာလေ။ သျှင်သွေးက ဘောင်းဘီနဲ့ ဂါဝန်အတိုတွေ မဝတ်တတ်ပါဘူး။

ဂါဝန်အရှည်တွေပဲ ဝတ်တတ်တာပါ။ အသားအရည်က ဖွေးနေပြီး အင်္ကျီနဲ့ ဂါဝန်တစ်ဆက်တည်း အနက်ရောင်စိုစိုလေးကို ဝတ်ထားတော့ အရမ်းလှနေသည်ပေါ့လေ။

"သမီး"

"ရှင် မေမေ"

ရွှေပဒေသာစာပေ

သျှင်သွေး လှေကားကနေဆင်းလာပြီး လှေကားရင်း ရောက်ချိန်မှာ ဒေါ်သိမ့်သိမ့်သူက လှမ်းခေါ်လိုက်တာပါ။ ဒေါ်သိမ့်သိမ့်သူက ဧည့်ခန်းထဲမှာ ထိုင်နေတာလေ။

"ဒါက ဘယ်သွားမလို့လဲ"

"သူငယ်ချင်းနဲ့ ရုပ်ရှင်ကြည့်ဖို့ ချိန်းထားလို့ပါ မေမေ"

"သူငယ်ချင်းက ဘယ်သူလဲ"

"မေမြတ်ထားလေ မေမေရဲ့။ ဖင်သူသူလည်းပါတယ် မေမေ"

"စောစောပြန်ခဲ့နော်"

"ဟုတ်ကဲ့ပါ မေမေ"

"အေး သွား သွား"

မိခင်ဖြစ်သူ ခွင့်ပြုတာနှင့် သျှင်သွေး ထွက်လာခဲ့သည်တွင် လေဒီရှူးအနက်ရောင်လေးကို ဖိနပ်စင်ကနေ ယူစီးလိုက်သေး၏။ အိမ်ရှေ့မျက်နှာစာကိုရောက်တော့ –

"ဟင်"

သျှင်သွေး မျက်လုံးလေးဝိုင်းသွားရသည်သာ။ ပန်းရောင်နှင်းဆီပွင့်လေးတွေ။ ပြီးတော့ နှင်းဆီပွင့်တွေကို ဒီအတိုင်းချထားတာ မဟုတ်ဘဲ အသည်းပုံဖော်ပြီး ချထားတာပါ။





သျှင်သွေး –

နှင်းဆီပွင့်လေးတွေရှေ့မှာ ထိုင်ချလိုက်မိသည်လေ။ နှင်းဆီ င် ဘယ်နှစ်ပွင့်ရှိလဲဆိုတာ သိရအောင် ရေတွက်ကြည့်လိုက်တော့ ားလုံး တစ်ရာ့တစ်ပွင့်ပါ။ ဒါ ဘယ်သူလုပ်ထားတာလဲ။

သျှင်သွေး စိတ်ကောက်နေလို့ သိခ်နဲ့ နန္ဒတစ်ယောက် ယာက်လုပ်ပေးထားလေသလား။ သျှင်သွေး အိပ်ပျော်နေတုန်း သနပ် လိမ်း နှုတ်ခမ်းနီဆိုးပေးတာက နန္ဒတဲ့လေ။ သျှင်သွေး စိတ် ာက်ပြေအောင် နန္ဒများလုပ်ပေးထားလေသလား။

ထင်ကြေးသာ ပေးနေတာ

ဘယ်သူဘယ်ဝါမှန်းမသိလေတော့ –

"မေမေ မေမေ"

"–––––"

"မေမေ ခဏလာပါဦး"

"ဘာဖြစ်လို့လဲ တူမလေး ဟင်"

မေမေ့ကိုခေါ်လိုက်မှ အန်တီလေးက အရင်ထွက်လာသည် ။ ပြီးတော့ မေမေလည်း ရောက်လာပြီး နှင်းဆီပွင့်တွေကို ကြည့် ကြတာ အံ့ဩရိပ်တွေနှင့်ပါ။

"နန္ဒ အိမ်ကိုလာသွားသေးလား မေမေ"

''မလာဘူးလေ သမီးရဲ့''

''သိခ်ရော''

''သိခ်လည်း လာတာမတွေ့ဘူးလေ။ သူတို့လာတာကို မေမေတို့ မသိတာဆိုရင်တော့ မပြောတတ်ဘူး သမီး''

သျှင်သွေး တွေတွေလေးကြည့်ရင်း ရင်တွေခုန်နေမိသည်သာ။ ပန်းရောင်နှင်းဆီ တစ်ရာ့တစ်ပွင့်က သျှင်သွေးရင်ကို တလှိုက်လှိုက် ခုန်စေတာ တကယ်ပါ။ ဒါပေမဲ့ ဘယ်သူကိုရည်ရွယ်ပြီး ဝမ်းသာရမှန်း မသိတော့ပါဘူး။ ဘယ်သူလုပ်ပေးထားတာမှန်းမှ မသိဘဲလေ။

''ဘယ်သူလုပ်ပေးထားတာလဲ မသိဘူးနော်''

''ဟို ညီအစ်ကိုထဲက တစ်ယောက်ပဲ ဖြစ်မှာပေါ့ သမီးရဲ့''

နှစ်ယောက်ထဲက ဘယ်သူဖြစ်နိုင်မလဲ စဉ်းစားနေရင်း သျှင်သွေး တစ်ခုခုကို ဖျတ်ခနဲ သတိရသွားမိသည်။

''ဟင်''

သိခ်က နှင်းဆီပန်းကို မကြိုက်ဘူးလေ။ မာနကြီးတဲ့ ပန်းမို့ မုန်းတယ်တဲ့။ မှတ်မှတ်ရရ အဲဒီလိုသိခွင့်ရတဲ့နေ့က သျှင်သွေး နှင်းဆီပင်လေးတစ်ပင်စိုက်တဲ့နေ့ကပေါ့။

''သျှင်သွေး ဘာလုပ်နေတာလဲ''

''နှင်းဆီပင်စိုက်နေတာလေ သိခ်။ လာကူစိုက်ပေးပါလား





''ဆောရီး အဲဒီပန်းကို ငါ သိပ်မုန်းတာ''

''ဟင် ဘာဖြစ်လို့လဲ သိခ်ရဲ့။ ပန်းက သူ့ဘာသာ ပွင့်နေတာ အလကားနေရင်း မုန်းရတယ်လို့''

သိခ်က ခေါင်းခါလိုက်ပြီး –

''မခူးစေချင်လို့ ဆူးတွေနဲ့ ခြံရံထားမှတော့ ဘာလို့ ခူးနေရ လဲ။ သူကလည်း သူ့မာနနဲ့သူ၊ လူကလည်း လူ့မာနနဲ့လူ နေရမှာ ''

''အဲဒီလိုတော့ မဟုတ်ဘူးလေ သိခ်ရဲ့။ သူက မခူးစေချင်လို့ တွေခြံရံထားတာမှ မဟုတ်တာ။ သူ့အန္တရာယ် သူကာကွယ်တာပဲ အဲဒီလို ဆူးတွေနဲ့ခြံရံထားတာတောင် ခူးနေကြတာပဲ မဟုတ် ''

''မသိဘူးဟာ။ နှင်းဆီပန်းကို ဆူးတွေနဲ့မို့လို့ ငါမုန်းတာပဲ တယ်''

သိခ်က အဲဒီလိုပြောခဲ့သူလေ။ ပြီးတော့ သူတို့ခြံထဲမှာလည်း ားပန်းပင်တွေသာစိုက်တာ။ နှင်းဆီပင်စိုက်တာ မတွေ့မိပါဘူး။ က နှင်းဆီပင်စိုက်တာမကြိုက်လို့ မစိုက်တာလို့ သူ့မေမေ ပြောခဲ့ဖူး ည်ပဲလေ။

ဒါကြောင့် –

ဒီဖန်တီးမှုဟာ သိခ်လုပ်တာမဖြစ်နိုင်ဘူးပေါ့။ ဒါဆို နန္ဒ လုပ်ပေးထားတာလား။

"နန္ဒလုပ်တာတော့ မဖြစ်နိုင်ဘူး တူမလေး"

"ဟင်"

အန်တီလေးစကားကြောင့် သျှင်သွေး အန်တီလေးမျက်နှာ မော့ကြည့်လိုက်ကာ –

"ဘာဖြစ်လို့ နန္ဒ မဖြစ်နိုင်တာလဲ အန်တီလေးရဲ့"

"နှင်းဆီပန်းတွေက ပန်းရောင်ဖြစ်နေလို့ပေါ့ တူမလေးရယ်"

"အင်"

ဒါလည်း ဟုတ်တာပါပဲလား။ ပန်းရောင်နဲ့ပတ်သက်ပြီ နန္ဒက စိတ်ဒဏ်ရာရခဲ့ဖူးသူပါ။ ဆယ်တန်းအောင်ပြီးတဲ့နှစ်ကပေ နန္ဒကို တစ်ဖက်သတ်စွဲလမ်းနေတဲ့ ပန်းရောင်ဆိုတဲ့ ကောင်မလေ တစ်ယောက် ရှိတယ်လေ။

ပန်းရောင်ကို နန္ဒက ရိုးရိုးပဲခင်ခဲ့ပေမယ့် ပန်းရောင်က န အပေါ် အရူးအမူး ဖြစ်ခဲ့တာပါ။ တွဲသွားတွဲလာတွေ များခဲ့ပေမ နန္ဒဘက်က ရိုးရိုးသားသားပါပဲ။ ဒါကို ပန်းရောင်က နန္ဒနဲ့သူ ချစ် ဖြစ်ပြီး နယ်ကျွံခဲ့ကြသည်လို့ သူငယ်ချင်းတွေကြားမှာ သတင်းဖွသ လေ။





ဒါကို နန္ဒသိတော့ –

ပန်းရောင်ကို ပက်ပက်စက်စက်ပြောမိတာပေါ့။ ရှက်ရှက်နဲ့ ပြောခဲ့တာလေ။ မဟုတ်ဘဲ စွပ်စွဲခံရတော့ ရှက်ပြီးပြောတာကို–

သူငယ်ချင်းအားလုံးက ပန်းရောင်စကားကိုသာယုံကြပြီး နန္ဒ ကို လူယုတ်မာအဖြစ် သတ်မှတ်ကြတယ်လေ။ နှမချင်း မစာနာ ပြောတယ်ဆိုပြီး နန္ဒကို ယောက်ျားလေးသူငယ်ချင်းတွေက လက်သီးနဲ့ ထိုးကြသည်တဲ့။ သူငယ်ချင်းတွေ စိတ်ဝမ်းကွဲကုန်ကြတာပေါ့။

အဲဒီကတည်းက –

နန္ဒတစ်ယောက် ပန်းရောင်ပစ္စည်းဆို ဘာပစ္စည်းမှမကိုင်ပေ။

"ဒါဆို ဒီနှင်းဆီပန်းတွေ ဘယ်လိုရောက်လာတာလဲ။ ဘယ်သူလုပ်တာ ဖြစ်နိုင်မလဲ"

"မေမေလည်း အဲဒါပဲ စဉ်းစားနေတာ။ နန္ဒမဟုတ်ရင် သိခ်ပဲ ဖြစ်မှာပေါ့ သမီးရဲ့"

"သိခ်က နှင်းဆီပန်းကိုမုန်းတယ်လေ မေမေ"

"အေး ဟုတ်သားပဲ"

သုံးယောက်သား တွေတွေလေးတွေ စဉ်းစားနေမိကြသည် လေ။ အဖြေက မထွက်ပါဘူး။ စိမ့် ဖျတ်ခနဲ သတိရသွားတာက သတ္တုဘာန်။

နေသဏ္ဍာန်ကို စိမ့် လိပ်စာပေးလိုက်မိတယ်လေ။ ...
တာကို ပြောလည်းမပြရဲပါဘူး။

ဘာလို့လဲဆို –

ကိုယ်က နေသဏ္ဍာန်ကို လိပ်စာပေးမိတာကို။ တော်...
တူမလေးသိရင် ကိုယ့်အပေါ် အပြစ်တင်မှာစိုးသည်လေ။

"ဘယ်သူပဲဖြစ်ဖြစ်ပါ။ ဒီနှင်းဆီပန်းတွေကို"

"ဘာဖြစ်လဲ တူမလေး"

"ဘူးနဲ့ထည့်ပြီး သိမ်းထားပေးပါ အန်တီလေး"

"အေး ... အေးပါ၊ အန်တီလေး ဘူးရှာပြီး ထည့်ထား...
မယ်နော် တူမလေး"

သျှင်သွေး နှင်းဆီပန်းတွေကို ကျောခိုင်းခဲ့ပြီး ကား...
တက်ပြီး မောင်းထွက်ခဲ့တော့သည်လေ။ ခြံထဲကနေ ကားထွက်...
တော့ ကိုယ့်ခြံရှေ့မှာ ကားတစ်စီးရပ်ထားတာ တွေ့သည်လေ...

ကားပျက်နေလို့ ထင်ပါရဲ့။



# အခန်း (၁၃)

နေသဏ္ဍာန် သျှင်သွေးနဲ့ကားလေး ခြံထဲကနေ ထွက်သွား
တာနှင့် သူလည်း ကားကို မောင်းပြီးလိုက်လာခဲ့သည်လေ။ နှင်းဆီပန်း
တွေကို အသည်းပုံဖော်ပေးထားတာ ကိုယ်ဆိုတာ သျှင်သွေး သိမှ
သိပါလေစ။ ဩော် တစ်ဖက်သတ်အချစ်က တော်တော်ဆိုးပါလား။

အင်း

ဒီလိုပြောလို့လည်း မရသေးဘူးလေ။ ကိုယ့်ရဲ့ လှုပ်ရှားမှုတွေ
ကို သျှင်သွေးသစ္စာမှ မသိသေးတာ။ သိအောင်တော့ လုပ်ရမှာပေါ့။
နှင်းဆီပန်းတွေ ပွေ့ပြီး ခြံက အုတ်တံတိုင်းကို ကျော်တက်ရတဲ့အဖြစ်
ကို မြင်စေချင်လိုက်တာ သျှင်သွေးသစ္စာ။

ငါ အဲဒီလောက် ဖြစ်သွားအောင်

မင်း ဘယ်လိုပညာနဲ့ ပြုစားလိုက်ပါသလဲ။

"ဟင်"

သျှင်သွေးသစ္စာရဲ့ ကားလေး ထိုးရပ်သွားတော့ နေသဏ္ဍာန် လည်း ကားကိုရပ်လိုက်သည်။

"တောက်"

"-----"

"အရေးအကြောင်းဆို ကားစုတ်က ဒုက္ခပေးပြီ"

သျှင်သွေး ကားပေါ်ကဆင်းပြီး အကူအညီတောင်းဖို့ ကြည့် ဒီကြည့်ပေါ့လေ။ နေသဏ္ဍာန်လည်း ကားပေါ်မှဆင်း သျှင်သွေးဆီသို့ လျှောက်သွားလိုက်ကာ –

"သျှင်သွေးသစ္စာ"

"ဟင်"

"တို့ကိုမှတ်မိလား"

သျှင်သွေး ခပ်တည်တည်နှင့်ပဲ။

"မှတ်မိပါတယ်"

"ကား ဘာဖြစ်လို့လဲ"

"မသိဘူး။ ဘာဖြစ်မှန်းမသိလို့ စိတ်ညစ်နေတာ"





"ဟင်"

နေသဏ္ဍာန် မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေသည်။ နှာက ခပ်တည်တည်နဲ့ ကူညီပါလို့လည်း အကူအညီမတောင်း။ ကြည့်ပေးပါလို့လည်း မပြော။ ကိုယ့်ထက်တောင် မာနကြီးနေပါရော လား။

"ကိုယ် ဘာကူညီရမလဲ"

မေးမှ လှည့်ကြည့်ပြီး –

"ကြည့်တတ်ရင် ကြည့်ပေးလေ"

"ကြည့်ရုံတော့ ကြည့်တတ်ပါတယ်။ မျက်လုံးနဲ့ကြည့်တာ ဆန်းတာမှတ်လို့"

"ဘာ"

နေသဏ္ဍာန် မေးဆတ်ပြပြီး –

"မင်းက ကိုယ့်ထက်တောင် မာနပိုကြီးနေပါလား။ ကားပျက် တာ အကူအညီလည်း မတောင်းဘူး။ ကူညီချင်တဲ့လူက လိုက်ပေးနေ တယ်။ တော်တော်အောက်တာပဲ"

"ပြင်တတ်ရင် ပြင်ပေးလေ။ ရှင့်ပုံစံက လူဆိုးမှန်းမသိ လူကောင်းမှန်းမသိဆိုတော့ ရမ်းပြီး အကူအညီ မတောင်းရဲဘူးပေါ့"

ပြောလိုက်ပုံက ခပ်တည်တည်။

"ဟား"

ရယ်ခဲ ပြုံးခဲ့တဲ့ နေသဏ္ဌာန်တစ်ယောက် ပြုံးလိုက်မိတော့ သည်လေ။ သူကလည်း ပွင့်ပွင့်လင်းလင်းသမားပါလား။ နေသဏ္ဌာန်ကလည်း အဲဒီလိုပုံစံမျိုးကြိုက်တာ။ မျက်နှာချိုသွေးပြီး ဟန်ဆောင်လိမ်ညာတတ်သူတွေဆို မုန်းပါ့။

"ကြိုက်တယ်"

"ဘာ"

"ပွင့်လင်းတာကို ပြောတာ။ ကျန်တာကတော့ မကြိုက်ဘူး ချစ်တာ"

"ရှင်နော်"

သူက ပခုံးတွန့်ပြပြီး ကားခေါင်းဘက်သို့ လျှောက်သွားသည်လေ။ ပြီးတော့ ကားစက်ဖုံးကို ဖွင့်လေရဲ့။ သျှင်သွေး ဒေါသဖြစ်ပြီး ပက်ပက်စက်စက်တော့ မပြောဖြစ်ပေ။ ပြောတော့ ပြောချင်သား ကိုယ့်ကားကို ပြင်ပေးနေတာကတစ်ကြောင်း။

ယောက်ျားလေးနဲ့ မိန်းကလေးဖြစ်တာကတစ်ကြောင်း သူ့ပုံစံက ကျွတ်ဆတ်ဆတ် မိုက်ကန်းကန်းဖြစ်နေတာကတစ်ကြောင်း အကြောင်းကြောင်းတွေကြောင့် မျိုသိပ်လိုက်ရသည်ပေါ့လေ။

"ဟင်"





ဖုန်းရိုန်းတုန်းသံကြောင့် သျှင်သွေး ဖုန်းကို နားမှာကပ်လိုက်ကာ –

"အေး လာနေပြီ မြတ်ထားရဲ့"

"-----"

"ဒီမှာ လမ်းမှာကားပျက်နေလို့ စိတ်ညစ်နေတာဟ"

"----"

"ပြင်တော့ ပြင်နေတာပဲ"

"------"

"အင်း"

"------"

"ပြင်လို့မရရင် ငါ Taxi နဲ့လာခဲ့မှာပေါ့"

"-----"

"အေးပါ အေးပါ"

"------"

"Ok Ok"

သျှင်သွေး ဖုန်းချပြီး သူ့ကိုလှည့်ကြည့်လိုက်မှာ သူက အနားရောက်လာပြီး –

"မောင်းကြည့်ပါဦး"

နေသဏ္ဌာန် သျှင်သွေးမျက်နှာကိုကြည့်လိုက်ရာကနေ အမှတ်မထင် အကြည့်က သျှင်သွေးရဲ့ပခုံးသား ဝင်းဝင်းလေးဆီသို့ ရောက်သွားသည်လေ။ ဘာစိတ်နဲ့မှ ကြည့်လိုက်တာ မဟုတ်ပါဘူး။ တကယ့်ကို အမှတ်မထင်ပါ။

"အဆင်ပြေလား"

"ပြေမယ်ထင်ပါတယ်"

"Ok"

သျှင်သွေး ကားပေါ်တက်သွားပြီး စက်နှိုးကြည့်တော့ အဆင်ပြေသည်လေ။ ဒါကြောင့် ကားပေါ်ကနေ ခဏပြန်ဆင်းလိုက်ပြီး-

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်"

"ဘယ်လောက်ပေးရမလဲ"

"ဘာကိုမေးတာလဲ"

"ကားပြင်ခ ဘယ်လောက်ပေးရမလဲလို့ မေးတာ"

"ကားပြင်ခလား"

"ဟုတ်တယ်"

နေသဏ္ဌာန်အကြည့်က သျှင်သွေးပခုံးဆီသို့ ရောက်သွားပြန်သည်လေ။ ဒီပခုံးပြည့်ပြည့်လေးဆီကိုပဲ ဒီမျက်လုံးက ဘာလို့





ထပ်ကြည့်မိပါလိမ့်။ သူများသာသိရင် နှာဘူးလို့ပြောကြမှာ။

"ဟင်"

နေသဏ္ဌာန် မျက်မှောင်ကြုတ်သွားမိ၏။ ကိုယ်ကြည့်လိုက်တာက အညှီအဟောက်စိတ်မပါ,ပါဘူး။ သျှင်သွေး ပခုံးတစ်ဖက်မှာ အင်္ကျီဟိုက်က တစ်ဖက်လျှောကျပြီး ဘော်လီကြိုးပေါ်နေတော့ အမြင်မတော်ဖြစ်သွားရသည်သာ။

စလင်းဘက်အိတ်လွယ်ထားတော့ -

အင်္ကျီဟိုက်စက စလင်းဘတ်ရဲ့ကြိုးနဲ့ ပိပြီး တင်းကာ ဒီလိုဖြစ်သွားတာပါ။ အမြင်ကမတော်။ လူက စိတ်မြန်လက်မြန်ဆိုတော့ ပါးစပ်က ပြောမပြမိဘဲ သျှင်သွေးရဲ့ကအင်္ကျီဟိုက်စကို ဆွဲတင်ပေးလိုက်မိလေလျှင် -

"ဟင်"

"-----"

"ဒါ ဘာလုပ်တာလဲ"

သျှင်သွေးက သူ့လက်ကို ပုတ်ထုတ်ပစ်လိုက်ပြီး -

"လူယုတ်မာ"

"ဖြန်း"

နေသဏ္ဌာန် ပါးတစ်ဖက် ထူပူသွားသည်ပေါ့လေ။ အဲဒါ

စိတ်မြန်လက်မြန်ရှိချင်ဦးပေါ့။ အခု စေတနာက ဝေဒနာဖြစ်သွားပြီ ပေါ့လေ။

"မိန်းကလေးတစ်ယောက်တည်း သွားလာနေတာဆိုပြီး အထင်မသေးနဲ့။ အရှက်ကို အသက်နဲ့လဲပစ်မယ် မှတ်ထား"

"မဟုတ်ဘူး သျှင်သွေးသစ္စာ"

သျှင်သွေးက နှုတ်ခမ်းလေးမဲ့ပြီး –

"ထင်ပါတယ်၊ နင့်ပုံစံက ဒီလိုစိတ်မျိုးရှိမယ်ဆိုတာ"

"ဟာ"

သျှင်သွေးက ပြောပြီးတာနှင့် ကားပေါ်တက်ပြီး မောင်းထွ သွားတော့သည်လေ။

"ဟာ ကွာ"

"-----"

"တောက်"

နေသဏ္ဍာန် သျှင်သွေးသစ္စာကို မာန်ပြီးတောက်ခေါက်မိ မဟုတ်ပေ။ စိတ်မြန်လက်မြန်ရှိတဲ့ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ် လေ။ ကိုယ့်ကားဆီသို့ ပြန်လျှောက်လာပြီး ကားဆီးကိုရောက် ဒေါသက မပြေနိုင်ပဲရှိကာ –

"ဟာကွာ တောက်"





"ဂုန်း"

"ဟား"

"ဂုန်း"

မဆီမဆိုင် လက်ပံပင် ဓားနဲ့ချိုင်ဆိုသလိုပါပဲ ကားကိုပဲ ခြေထောက်နဲ့ ကန်မိလိုက်သည်ပေါ့လေ။

သျှင်သွေးသစ္စာက ကိုယ့်ကို လူယုတ်မာလို့ ထင်သွားပြီလေ။ င်း ကံဆိုးပြီလား နေသဏ္ဍာန်။

စေတနာက

ကိုယ့်ရဲ့လွဲမှားမှုကြောင့် စေတနာ အရာမမြောက်တဲ့ ဝေဒနာ ဖြစ်ရပြီပေါ့။

## အခန်း (၁၄)

စိမ့် ညည်ခန်းမှာ ဟိုဘက်လျှောက်လိုက် သည်ဘက်လျှော
လိုက်နှင့် မထိုင်နိုင်ပေ။ စောစောကပဲ နေသဏ္ဍာန် ဖုန်းဆက်သ
လေ။

"အန်တီ သျှင်သွေးသစ္စာ ကျွန်တော့်အပေါ် အထင်လွဲ
ပြီတဲ့"

"ဘာဖြစ်လို့လဲလို့မေးလိုက်တော့ ဖြစ်ကြောင်းကုန်စင် ရှ
ရှာသည်လေ။ စိမ့် နေသဏ္ဍာန်စကားကို ယုံပါတယ်။ ဒီကောင်
ပုံစံက တိကျပြတ်သားပြီး အမှားကိုဝန်ခံရဲတဲ့ပုံပါပဲ။ လိမ်ညာပြေ
တတ်မယ့်ပုံ မပေါက်ပါဘူး။





စိမ့် လူကဲခတ်မညံ့တူး ထင်ပါရဲ့။ စိတ်မြန်လက်မြန် လုပ်လိုက်မိတဲ့ သူ့လုပ်ရပ်များကြောင့် ဝန်ခံတယ်လေ။ ခက်တာက သျှင်သွေးမှာ သိခံနိုင်နဲ့ ရှိနေခြင်းပါပဲ။ နေသဏ္ဍာန်ကလည်း တူမလေးအပေါ် ဘာကယ်စွဲလန်းနေပုံပဲလေ။

နှင်းဆီပန်းကိစ္စ။

ထင်ကြေးနဲ့ နေသဏ္ဍာန်ကို မေးလိုက်တော့ သူလုပ်ထားတာဖြစ်ကြောင်း ရဲရဲဝန်ခံလေရဲ့။ ခက်တော့ခက်ပြီ။ စိမ့် စိုးရိမ်နေမိသည်လေ။ ရှေ့ဆက် ဘာတွေရှုပ်ကုန်မလဲ ဆိုတာကိုပေါ့။ ရွှေချယ်ပိုင်ခွင့်က တူမလေးမှာရှိပေမယ့် ကောင်လေးသုံးယောက် ပြဿနာတက်မှာကို စိုးတာပါ။ ဟူး . . . ခုမှ ကိုယ့်တူမက ပဝတီမဟုတ်ပါဘဲ သုံးပိုင်းပိုင်းပြီး သုံးတိုင်းဝေရမလိုပါပဲ။

"တီ တီ"

"အဲ"

"တီ တီ"

"တူမလေး ပြန်လာပြီထင်ပါရဲ့"

စိမ့် မပြေးရုံတမယ် ခြေလှမ်းတို့နှင့် အပြင်သို့ထွက်လာခဲ့တာ တူမလေးကားပေါ်က ဆင်းလာတာနှင့် –

"တူမလေး"

"အန်တီလေး . . . သျှင်သွေးကိုမျှော်နေတာလား။ စိတ်ချ
အန်တီလေးအတွက် မုန့်တွေ အများကြီးဝယ်လာတယ်"

"အေး အေးပါ"

"ဟင်"

သျှင်သွေး အန်တီလေးမျက်နှာကိုကြည့်ပြီး သတိထားမိသွား
သည်လေ။ အမြဲတမ်းပြုံးနေတဲ့မျက်နှာက အခု မသာမယာနဲ့ပါလား

"အန်တီလေး ဘာဖြစ်နေတာလဲ"

"တူမလေး"

"ပြောလေ"

"အန်တီလေး တူမလေးကိုပြောစရာရှိလို့ စောင့်နေတာ

"ဟုတ်လား။ အရေးကြီးလား အန်တီလေး"

"အရေးတော့မကြီးပါဘူး။ လာ လာ အိမ်ထဲရောက်မှ
ကြရအောင်"

တူဝရီးနှစ်ယောက် ဧည့်ခန်းထဲရောက်လို့ ကိုယ်စီထိုင်
ကြပြီးမှ –

"ကဲ ပြော အန်တီလေး။ ဘာပြောမှာလဲ"

"နှင်းဆီပန်းတွေကို အသည်းယုံလုပ်ပေးတာ ဘယ်
ဆိုတာ သိရပြီ တူမလေး"





"ဘယ်သူလဲဟင် အန်တီလေး။ ဘယ်သူလဲ"

သျှင်သွေး သိချင်စောနှင့် အလောတကြီး မေးလိုက်မိသည်
လေ။ ပြီးတော့ ရင်ခုန်သံတွေလည်း မြန်လာသည်ပေါ့။

"အဲဒါမပြောခင်"

"ဟာ အန်တီလေးကလည်း လူကို စိတ်လှုပ်ရှားအောင်
လုပ်ပြန်ပြီ"

"အန်တီလေးဆီကို နေသဏ္ဌာန် ဖုန်းဆက်တယ်တူမလေး"

"ဟင်"

သျှင်သွေး မျက်မှောင်လေးကြုတ်မိတော့သည်သာ။ နှင်းဆီ
န်းအကြောင်း စိတ်ဝင်စားပါတယ်ဆိုမှ နေသဏ္ဌာန်အကြောင်းက
ဘယ်ကနေဘယ်လို ပါလာရတယ် မသိပါဘူး။ အဲဒီကောင်ကို ကြည့်
ဆိုကို မရတာ။

စိတ်ထဲ သိချင်တာမသိရလည်း စကားလမ်းကြောင်းလွဲနေ
တော့ တင်းမိသည်ပေါ့လေ။ ဒါကြောင့် –

"သူက ဘာတဲ့လဲ"

"တူမလေး သူ့ကိုပါးရိုက်တဲ့ကိစ္စ"

"အဲဒါ သူယုတ်မာလို့ ရိုက်ပစ်ခဲ့တာလေ"

"မဟုတ်ဘူး တူမလေး။ အဲဒါ တူမလေး အထင်လွဲနေတာ"

"ဘယ်လို သျှင်သွေးက အထင်လွဲတယ် ဟုတ်လား အ
လေး"

စိမ့် ခေါင်းညိတ်ပြလိုက်ပြီး –

"ဟုတ်တယ်၊ သူကပြောပါတယ်။ စိတ်မြန် လက်မြန်
သူ့အပြစ်ပါတဲ့။ ကလေး ဘော်လီကြိုးပေါ်နေတာကို ပါးစပ်က
မပြောချင်ဘူး။ အမြင်ကလည်း မတော်တူဖြစ်နေလို့ စိတ်မြန်လက်
အင်္ကျီစကို ဆွဲဖုံးပေးလိုက်မိတာတဲ့"

"ဟင်"

သျှင်သွေးကိုယ်လေး တောင့်မတ်သွားသည်လေ။ အဲ
လား။ သျှင်သွေး တကယ်ပဲ ဘော်လီကြိုးပေါ်သွားခဲ့တာလား။
လိုဖြစ်မှာစိုးလို့ သျှင်သွေး လည်ဟိုက်ကျယ်တဲ့အင်္ကျီတွေဆို အပြင်
ရင် ဝတ်ခဲတယ်လေ။ ဒီနေ့မှ သူငယ်ချင်းတွေလို ခပ်လန်း
ဝတ်မယ်ဆိုပြီး ဝတ်လိုက်မိတာပါ။

ပြီးတော့ ဝတ်စုံက အသစ်လေ။ တစ်ခါမှမဝတ်ဖူးသေး
အဲဒီလိုဖြစ်မယ်မထင်လို့ပေါ့။ ရှက်လိုက်တာ။

"အဲဒါကို တူမလေးက အထင်လွဲပြီး သူ့ပါးကို ရိုက်သွား
တဲ့လေ။ သနားပါတယ် တူမလေးရယ်"

"အန်တီလေး"





"ဟင်"

"ရှေ့နေခ ဘယ်လောက်ရလဲ"

စိမ့်ကမေးတာကိုမဖြေဘဲ သူပြောချင်တာကိုသာ ရှေ့ဆက်ပြီး

"ပြီးတော့"

"––––––"

"အန်တီလေး သူ့ကို ထင်ကြေးနဲ့မေးလိုက်မိတယ်။ နှင်းဆီ
တွေလာထားတာ မင်းလားလို့။ သူက ဟုတ်တယ်တဲ့"

"ဟင်"

"အန်တီလေးပြောချင်တာက အဲဒါပါ။ ကျန်တာကတော့
လေးရဲ့ စိတ်ပါပဲ"

"ဘာပဲပြောပြော သူ့ကို ပါးရိုက်ခဲ့တဲ့ကိစ္စမှာ သျှင်သွေးမမှား
စိတ်မြန်လက်မြန်ရှိတဲ့ သူ့အမှာပဲ"

နှင်းဆီပန်းတွေလာထားတဲ့လူဟာ သျှင်သွေးထင်ထားတဲ့လူ
မဟုတ်ဘဲ အခြားလူတစ်ယောက်ဖြစ်နေတော့ –

ရင်ခုန်တာတွေပျောက်ပြီး

ဦးနှောက်ခြောက်ရတော့သည်လေ။

✵

## အခန်း (၁၅)

"သျှင်သွေးသစ္စာ"

"အမေ့"

သိခ်ရဲ့အသံကြောင့် သျှင်သွေး လက်သည်းနီဆိုးနေ
လက်သည်းနီဘူးလေးပင် အောက်သို့ပြုတ်ကျသွားသည်လေ

"ဒေါက်"

"ကုန်ပါပြီ"

လက်သည်းနီဘူက စောင်းကျပြီး လက်သည်းနီတွေက
ကုန်ကာ ကော်ဇောပေါ်သို့ ပေကျံကုန်တော့သည်လေ။ သျှင်
လက်သည်းနီဘူးကို ငုံအကောက်မှာ ဘုန်းသိခ်က သျှင်သွေး





ဘင့်ခနဲ ဝင်ထိုင်လိုက်ပြီး -

"အဲဒါထားလိုက်စမ်းပါ။ နင့်ကိုငါ မေးစရာရှိတယ်"

"ခဏနေဦး။ ကော်ဇောပေါ်ပေကုန်ပြီ၊ ငါလုပ်လိုက်ဦးမယ်"

"မလုပ်နဲ့၊ ပေကျံကုန်လို့ မကောင်းရင် ကော်ဇောအသစ်
ယ်လိုက်"

"သိခ် နင် ဘယ်လိုဖြစ်လာတာလဲ"

"ပြောပြမယ် နားထောင်"

သျှင်သွေး သိခ်မျက်နှာကို ကြည့်လိုက်တော့ တည်တင်း
ုပ်နေသည်လေ။

"နင် ငါမသိဘဲ ဘယ်ကောင်နဲ့ ပတ်သက်နေသလဲ၊ မှန်မှန်
ပြော"

"ဟင် မနေနဲ့။ ငါဘာပြောထားလဲ။ ငါမသိဘဲနဲ့ နင် ချစ်သူ
ည်းစား မထားရဘူးလို့ ငါပြောထားတယ်လေ။ မှတ်မထားဘူးလား။
ခင်းပါရင် ပြန်စဉ်းစား"

ဘုလိုင်းကြီးပါလား။ ဘာလို့ သိခ် ဒီစကားကို ပြောပါလိမ့်။
အကြောင်းမဲ့တော့ ပြောမှာမဟုတ်။

"အခု ငါက ဘာလုပ်နေလို့လဲ သိခ်ရဲ့"

"ဘာလုပ်နေလို့လဲ ဟုတ်လား"

"ဟုတ်တယ်လေ၊ ငါက ဘာလုပ်နေလို့လဲ။ ဘုမသိ ဘမသိ နဲ့ ဘာတွေလာပြောနေမှန်း မသိဘူး"

"သျှင်သွေးသစ္စာ"

"ဒေါက်"

ဘုန်းသိခ် သျှင်သွေးရဲ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး သူ့ဘက် ခပ်ကြမ်းကြမ်း ဆွဲလှည့်လိုက်တော့ သျှင်သွေးလက်ထဲက လက်သည် နီဘူးလေး အောက်သို့ပြုတ်ကျသွားပြန်သည်လေ။

"ဒါဆို ခြိတံခါးမှာရေးထားတဲ့ သျှင်သွေးသစ္စာကို အရမ်း ချစ်တယ်ဆိုတဲ့စာတမ်းက သူ့အလိုလိုပေါ်လာတာလား။ ဘယ်သူမှ လိုက်မှတ်လိုက်လို့ အဲဒီစာ ပေါ်လာတာလဲ။ ပြောစမ်း"

"ဘယ်ကစာလဲ ငါမသိဘူး"

"အေး သိအောင် ငါနဲ့လိုက်ခဲ့"

"အမေ့"

ဘုန်းသိခ် သျှင်သွေးလက်ကို ဆောင့်ဆွဲပြီး ခေါ်သွားသည် လေ။ သျှင်သွေး ခြေချင်းခလုတ်တိုက်မတတ် ခြေလှမ်းတို့နှင့် ပါလာ ခဲ့သည်ပေါ့။ ခြံတံခါးအနားကို မရောက်ခင်ကတည်းက ခရေပန်း တွေက နှာခေါင်းထဲမှာ သင်းပျံ့ကြိုင်လှိုင်နေလို့ပါ။

ခရေပန်းရနံ့က –





စိတ်ကိုပြုံးယောင်း အာရုံကိုမြူဆွယ်နေသည့်အလားနှယ်။ ခြံတံခါးအနားကိုရောက်တော့ သိခ်က ခြံတံခါးတစ်ဖက်ကို လက်ညှိုး ထိုးပြကာ –

"ဒီမှာကြည့် ဒါ ဘယ်သူလုပ်တာလဲ"

သျှင်သွေး စာတမ်းပုံဖော်ပုံကိုကြည့်ပြီး တွေတွေလေး ဖြစ် သွားသည်လေ။ ဒါ ဘယ်သူလုပ်တာလဲ။ နေသဏ္ဍာန်ပဲလား။ သူ စီတီးထားပုံက ရိုးရိုးရှင်းရှင်းပါပဲ။ ဒါပေမဲ့ ကြည်နူးစရာ မြင်ကွင်း တစ်ခုပါ။

သျှင်သွေးသစ္စာဆိုတဲ့နာမည်ကို အောက်ခံအနက်ရောင် ပတ်ပြားပေါ်မှာ နာမည်ကို ရွှေရောင်နဲ့ပုံဖော်ပြီး အဖြူရောင်ကျောက် စွင့်လေးတွေ စီထည့်ပေးထားတော့ သျှင်သွေးသစ္စာဆိုတဲ့ နာမည်က တလက်လက် တောက်ပနေသည်လေ။ ပြီးမှ ကိုဆိုတဲ့ အဖြူရောင် စာလုံးက ခပ်ကြီးကြီးပါ။ အောက်မှာက အရမ်းချစ်တယ်ဆိုတဲ့ စာတမ်း ကို အနက်ရောင်အောက်ခံပေါ်မှာ ပန်းရောင်နဲ့ ရေးထားပြန်သည်လေ။

ခရေပန်းရနံ့တွေ သင်းပျံ့ကြိုင်လှိုင်နေတာကတော့ သျှင် သွေးသစ္စာကို အရမ်းချစ်တယ်ဆိုတဲ့ စာတမ်းအားလုံးကို ခရေပန်း အသည်းပုံထဲမှာ ထည့်ထားတာလေ။ ခရေကုံးတွေ အများကြီးနဲ့ အသည်းပုံဖြစ်အောင် ပန်းကုံးချင်းလိမ်ပြီး ဖော်ထားတာလေ။

''ဘယ်လိုလဲ သျှင်သွေး။ ရင်တွေခုန်ပြီး ဒီလိုလုပ်ပေးတဲ့ အပေါ် စိတ်တိမ်းညွတ်ပြီး သာယာနေပြီလား''

''မသာယာပါဘူး။ ဘာလို့သာယာရမှာလဲ''

''ဟုတ်လို့လား''

''သိခ် နင် ငါ့ကိုမရစ်နဲ့နော်''

သျှင်သွေးလည်း မျက်နှာတင်းတင်းနဲ့ ပြန်အော်လိုက်သ ပေါ့။ သျှင်သွေးနဲ့သိခ်က သူတို့အခုံနဲ့သူတို့မို့ သတိမထားမိပေမ ကားရပ်ထားပြီး ကားပေါ်ကနေ သူတို့ကို စောင့်ကြည့်နေသူ ရှိသည်လေ။

အဲဒီလူကတော့ နေသဏ္ဍာန်ပါပဲ။

''ငါပြောမယ် သိခ်''

''ဘာကိုလဲ''

''ဒါတွေ ဘယ်သူလာလုပ်ထားလဲတော့ ငါမသိဘူး။ ငါ နိုင်တာက လွတ်လပ်တဲ့အပျိုတစ်ယောက်ကို လွတ်လပ်တဲ့ ဘယ် မှဆို ချစ်ပိုင်ခွင့် ကြိုက်ပိုင်ခွင့်ရှိတယ်။ ပြန်ချစ်တာ မချစ် မိန်းကလေးရဲ့ ဆန္ဒပဲလေ။ ငါ့ကို စိတ်ဝင်စားလို့ အခုလိုလု လုပ်ပေးသူရဲ့ လွတ်လပ်ခွင့်ပဲ။ ရင်ခုန်တာ မခုန်တာက ငါ့အပိုင်

ဘုန်းသိခ် တွေခနဲဖြစ်သွားပြီး –





''အခု နင့်စိတ်က သာယာနေပြီလား''

သျှင်သွေး မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားသည်ပေါ့။ အပျိုင်တွေရှိမှ အချစ်စစ်ဆိုတာကို သိလာတတ်ကြတာလေ။ အခုထိ အမှန်းမသိသေးတဲ့ သူတို့ညီအစ်ကိုနှစ်ယောက်ရဲ့ ရင်ထဲက အစစ် အမှန်တွေပေါ်လာအောင် –

''တို့ မိန်းကလေးတွေက ကလေးတွေလိုပဲ သိခ်ရဲ့။ လက်သာ ရာကို ခင်တွယ်တတ်ကြတယ်။ ဂရုစိုက်မှုအပေါ် သာယာတတ်ကြ တယ်။ အခုလောလောဆယ်တော့ ငါ့စိတ်က မသာယာမိသေးဘူး။ နောက်ဆိုရင်တော့ မပြောတတ်ဘူးပေါ့ဟာ''

''အဟွန်း''

ဘုန်းသိခ် ခြောက်ကပ်ကပ် ရယ်လိုက်မိသည်လေ။ မိန်း ကလေးတွေက လက်သာရာကို ခင်တတ်ကြသတဲ့လား။ ဒါဆို အချစ် က အဓိကမကျဘူးပေါ့။ သာယာမှုက အရေးကြီးဆုံးဆိုရင် ခဏတာ သာယာမှုပေးပြီး နောက်မှ ဖောက်ပြန်ရင် ဘယ်လိုလုပ်ကြမလဲ။

ကံကိုပဲ ပုံချကြဦးမှာပေါ့။

သာယာမှုဆိုတာကို ဘယ်လိုပေးရမှာတဲ့လဲ။

''အေးပေါ့လေ။ နင်နဲ့ငါက သူစိမ်းတွေပဲ။ နင့်စိတ်ကို ငါမှ မပိုင်တာ။ လုပ်ချင်တာလုပ်ပါ''

ပြောပြီး ဘုန်းသိမ်း လှည့်ထွက်သွားတော့သည်လေ။ သ
ကျောပြင်ကိုကြည့်ပြီး သျှင်သွေး မဲ့ပြုံးပြုံးလိုက်မိတော့သည်ပေ
ချစ်တာကို ချစ်တယ်လို့ ဝန်မခံဘဲ မာနကြီးနေတဲ့ ဘုန်းသိမ်း။ သူ
မာနကြီးပြနေတော့ –

မိန်းကလေးက စပြီး ချစ်ပါတယ်လို့ ပြောရမှာလား။ ဆော
ပဲ ဘုန်းသိမ်း။ နင်တောင် မာနကြီးသေးတာပဲ။ ငါက နင့်ထက်ပို
မာနကြီးပြလိုက်ရုံပဲ ရှိတော့တာပေါ့။

"သျှင်သွေး"

သျှင်သွေး ခြံထဲသို့ပြန်ဝင်သွားလေတော့ နေသဏ္ဍာ
သျှင်သွေးနာမည်ကို တိုးဖွဖွ ခေါ်မိတော့သည်သာ။ ကိုယ့်မှာ အ
အဆိုင်နဲ့ပါလား။ သျှင်သွေးသစ္စာနဲ့ ဟိုလူက ချစ်သူတွေလား မ
ဘူး။ နေသဏ္ဍာန် ကိုယ့်ကိုယ်ကိုယ် ကံဆိုးသူလို့ မသတ်မှတ်ပ
လေ။

ချစ်သူရှိတာ ဘာဖြစ်လဲ။

ကာမပိုင်လင်ယောက်ျားရှိတာမှ မဟုတ်ဘဲလေ။ သူလ
ကြိုးစား ကိုယ်လည်းကြိုးစားပေါ့။ သူ့မှာ ချစ်ခွင့်ရှိသလို ကိုယ်လ
ချစ်ခွင့်ရှိတာပါပဲ။ မချစ်ဖူးတော့ အချစ်ရူးလို့ပဲ ပြောပြော ဒီ
ကိုယ်က ဒသသဆိုရင်လည်း –





ဒသသကိုမီအောင် ချစ်မယ့်လူလေ။

လူတိုင်းက ဒသသကို လူကြမ်းလို့ သတ်မှတ်ကြလေရဲ့။ နေသဏ္ဍာန်ကတော့ အဲဒီလိုမသတ်မှတ်ပါဘူး။ ဒသသကို မင်းသားလို့ပဲ သတ်မှတ်တယ်။ ဒသသရဲ့အချစ်ကို လေးစားတယ်။ ဒါကြောင့် ကိုယ်က ဒသသထက် ပိုကြမ်းသူဖြစ်ချင်ဖြစ်မယ်။

ဒသသထက်လည်း ပိုချစ်ပြမယ်လေ။

"နေသဏ္ဍာန်"

"------"

"ဟော့ကောင်"

"အင်"

"ဟိုကသွားပြီး တို့လည်းပြန်ကြရအောင်"

မျိုးကိုကိုက မချစ်ဖူးတဲ့ အချစ်ရူး နေသဏ္ဍာန်လုပ်ရပ်တွေကို စိတ်ဝင်စားလို့ လိုက်ကြည့်တာလေ။

အခု ကောင်မလေးက ဘဲနဲ့ထွက်လာတာမြင်ရတော့ နေသဏ္ဍာန် အတွက် စိတ်မကောင်းဖြစ်ရသည်ပေါ့။

## အခန်း (၁၆)

နေသဏ္ဌာန်။

ကားပေါ်ကဆင်းပြီး တိုက်ထဲကိုဝင်ဖို့ ခြေလှမ်းစလိုက်တာ... ပထမဆုံး ဆီးကြိုလိုက်တာ စကားပြောသံ ဆူဆူညံညံတွေ။ ပြီး... သီချင်းသံ။ နေသဏ္ဌာန် မျက်နှာတည်တင်းသွားတော့သည်... ဟိုမိန်းမ သူငယ်ချင်းတွေစုခေါ်ပြီး သောင်းကျန်းနေပြီထင်ပါ့။

"ဟာ အဲဒီသီချင်းက မကောင်းဘူး။ ဖိုဖို့ သီချင်းဖွင့်ပ...

"ဖြူဖြူကကောင်းတာကို၊ ဖြူဖြူပဲဖွင့်စမ်းပါ"

"နားငြီးတယ်ဟာ၊ ဘာမှမဖွင့်နဲ့။ စားစရာရှိတာစား။ နား... ပါးအေး စားစမ်းပါ"





နေသဏ္ဌာန် ဝင်လာတာကိုမြင်တော့ တစ်ယောက်တစ်...ခက် ပြောဆိုနေတဲ့အသံတွေ တိတ်ကျသွားပြီး သရဖီက မျက်နှာ...အားတင်းတင်းနှင့် လှမ်းမေးသည်မှာ –

"နှင်ပြန်လာပြီလား နေသဏ္ဌာန်"

"သေရာသွားတာမှ မဟုတ်တာ။ ပြန်လာတာပေါ့။ ဘာလဲ ...င်များက တစ်သက်လုံး ပြန်မလာစေချင်တာလား"

"ဟုတ်တယ် မပြန်လေ ကောင်းလေပဲ"

သူ့ရှဲ့ ကိုယ်ရှဲ့ပေါ့လေ။ နေသဏ္ဌာန် ခပ်စူးစူးကြည့်ပြီး–

"ဆုတောင်းလေ၊ ဆုတောင်း။ နောက်ထပ် ဆယ်တာဝတိုင်အောင် ဆက်ပြီးဆုတောင်း"

ပြောပြီးသည်နှင့် နေသဏ္ဌာန် အပေါ်ထပ်သို့ တက်လာခဲ့တော့သည်လေ။ ပြီးတော့ ခြံစောင့်ကြီးကို ဖုန်းဆက်ခေါ်လိုက်သည်ပေါ့။

"ဦးလေး ... အပေါ်ထပ်ကို ခဏတက်လာခဲ့ဗျာနော်"

"အေး အေး ... အခုလာခဲ့မယ် သဏ္ဌာန်"

"မြန်မြန်နော်"

"အေးပါ"

နေသဏ္ဌာန် ဖုန်းချပြီး ဦးဆောင်းကို စောင့်နေလိုက်သည်

လေ။ သိပ်မကြာပါဘူး ဦးဆောင်းရောက်လာတော့ –

"သဏ္ဍာန် ဦးလေးကို ဘာခိုင်းမလို့လဲ"

"ဟို Song box တွေ လှေကားထိပ်ကို ရွှေ့ရအောင် ဦးလေး"

"ဟေ"

ဦးဆောင်း မျက်လုံးပြူးရပြီလေ။ TV ဘေးမှာထားတဲ့ Song box တွေကို လှေကားထိပ် ရွှေ့ခိုင်းတာပါ။ ဒါတွေက နေ သဏ္ဍာန် တစ်ခါတလေ သီချင်းဆိုရင် သုံးတာတွေလေ။ နေသဏ္ဍာန် စိတ်ကူးပေါက်တဲ့အခါ ကာရာအိုကေ ဆိုတတ်သူ။

သီချင်းရေးချင်ရေးလိုက်။ ပြီးတော့ သူ့ဘာသာ ဂီတာတီး ဆိုတဲ့အခါဆို။ သူ စိတ်ထင်တာကို လုပ်တတ်သူလေ။

"ဦးလေး . . . ဘာဖြစ်နေတာလဲ၊ လာလေဗျာ"

"အေး အေး"

ဦးဆောင်းနဲ့ နေသဏ္ဍာန် song box နှစ်လုံးကို လှေကား ထိပ်အထိ သယ်ခဲ့ကြသည်ပေ့ါ။ ပြီးတော့ နေသဏ္ဍာန်က လိုအပ်တာ တွေ ထပ်သယ်ပြီး သီချင်းဖွင့်ဖို့ လုပ်တော့သည်လေ။

"ဟဲ့ မျိုးမျိုး . . . ဝေဦး နင်တို့ သိပ်မကဲကြနဲ့နော်။ ဒီအိမ် သရဖီတစ်ယောက်တည်းနေတာ မဟုတ်ဘူးဆိုတာ သတိရကြဦး





"ဟာ သဲသဲကလည်း . . တို့က လူစုံတုန်း ကဲရတာလေဟာ"

"ခဏခဏဆုံနေကြတာပဲကို။ ကဲပဲကဲနိုင်လွန်းတယ်"

"နေပါစေ သဲသဲရယ် ကဲကြပါစေ။ ဒီအိမ်မှာ ငါတစ်ယောက် တည်းနေတာ မဟုတ်တော့ရော ဘာဖြစ်လဲ၊ မကြားချင်ရင် မကြားချင် သလို နားပိတ်ထားလိမ့်မယ်ပေ့ါ။ မမြင်ချင်ရင် မကြည့်နဲ့ ဒါပဲရှိတယ်"

ဦးဆောင်း မျက်ခုံးကတော့ ခပ်လှုပ်လှုပ်ပါ။ နေသဏ္ဍာန် ဘာလုပ်တော့မယ်ဆိုတာကို သူသိနေသည်လေ။

"တွေ့ကြသေးတာပေ့ါ"

အဲ တွေးနေရင်း ကြိမ်းဝါးသံကထွက်လာပြီ။ မိထွေးနဲ့ လင်ပါ သား။ အသက်က သိပ်မကွာပေ။ နှစ်ယောက်စလုံး စွာကစွာ။ မာနက ကြီး။ ဘယ်သူကမှ အလျှော့မပေးကြတော့ ဆုံလိုက်တိုင်း တကျက် ကျက်နှင့်ပါ။

"သရဖီ"

"-----"

"တို့ ဗိုက်ဆာတယ်ဟာ။ တစ်ခုခုစားစရာ စီစဉ်ပေးပါဦးဟ"

"နင်တို့ကလည်းလေ၊ ငါမပြောလိုက်ချင်ဘူး သိလား။ ငါ့ အိမ်ရောက်လာပြီဆို တစ်ခုပြီးတစခု ဂျီကျနေတာပဲ။ မလုပ်ပေးဘူး ဟာ"

"သရဖီ အဲဒီလိုမလုပ်နဲ့လေဟာ"

"ဒီလောက် လက်ဖက်သုပ်တွေ ကျောက်ပွင့်သုပ်တွေ ကျွေ… ထားတာတောင် ဆာတုန်းလား"

"စောစောက ကလိုက်တော့ ဗိုက်ချောင်သွားတာလေဟာ"

"မကျွေးတော့ဘူးဟာ၊ ဗိုက်ဆာရင် အပြင်ထွက်စားကြ…"

"ဟာ"

တစ်ယောက်တစ်ပေါက်နှင့် ဆူညံဆူညံဖြစ်သွားကြစဉ်-

ပေါ် ပေါ့် ပေါ် xxx ဟေ့ ဟေ့ xxx ပေါ် ပေါ့် ပေါ် x… ဟေ့ ဟေ့ xxx ပေါ် ပေါ့် ပေါ် xxx ဟေ့ ဟေ့ xxx ပေါ် ပေါ့် … xxx ဟေ့ ဟေ့

"ဟင်"

အားလုံး အသံတွေတိတ်သွားကြပြီး သီချင်းသံကြားရာ… အပေါ်ထပ်လှေကားထိပ်သို့ အကြည့်တွေ စုပြုံရောက်သွားကြသ… ပေါ့လေ။

ပေါ် ပေါ့် ပေါ် xxx ပေါ် ပေါ့် ပေါ် xxx ပေါ် ပေါ့် … မလုံ မလုံ

ပေါ် ပေါ့် ပေါ် xxx ပေါ် ပေါ့် ပေါ် xxx ပေါ် ပေါ့် … မလုံ မလုံ xxx





မြင်ကတည်းက ရင်ထဲကြွ xxx ဘဝင်အသည်းတုန် တော်တော်ကဲ ပေါ်ပေါ်ရယ် မော်ဒယ်ဂဲလ်ရဲ့ပုံ။

ရှေ့ကကြည့်လည်း မလုံ xxx မလုံ xxx နောက်ကကြည့်လည်း မလုံ xxx မလုံ အကြည့်လည်း မလုံ မလုံ

ဦးဆောင်းတစ်ယောက် စောစောကသာ ဟိုတွေး ဒီတွေး တွေးနေတာပါ။

အခုကျတော့ သီချင်းသံကြားတာနှင့် ကလိုက်တာမှ ကွေးကောက်နေတာပါပဲ။ အမြဲတမ်း ရုပ်တည်ကြီးနဲ့ နေသဏ္ဍာန်လည်း အခုတော့ အရွှဲ့အစောင်းစိတ်နှင့် ကနေပြီလေ။

ဦးဆောင်းနဲ့ နှစ်ယောက်သား။

တင်ပါးချင်းပေါက်လိုက် ကလိုက်ပါပဲ။

မြန်မာ မြန်မာ မြန်မာ ဆိုတာ မယုံရေးချ မယုံ။

မြန်မာ မြန်မာ မြန်မာ ဆိုတာ မယုံရေးချ မယုံ။

ပေါ် ပေါ့် ပေါ် xxx ပေါ် ပေါ့် ပေါ် xxx ပေါ် ပေါ့် ပေါ် မလုံ မလုံ

ပေါ် ပေါ့် ပေါ် xxx ပေါ် ပေါ့် ပေါ် xxx-ပေါ် ပေါ့် ပေါ် မလုံ မလုံ

"တောက်"

သရဖီ ဒေါသဖြစ်ပြီလေ။ ဒေါသဖြစ်နေတဲ့ မျက်နှာအမူအရာကိုသာ မြင်ရတယ်။ ထောက်ခံသံကိုတော့ မကြားကြဘူးပေါ့။

"ဒါ တို့ကို တမင်ရွဲ့တာ။ ငါနဲ့တွေ့ဦးမယ်"

"ဟဲ့ သရဖီ"

"သည်းခံလိုက်စမ်းပါဟာ"

"သည်းမခံနိုင်ဘူးဟေ့၊ သည်းမခံနိုင်ဘူး"

သူငယ်ချင်းတွေ ဝိုင်းတားနေတဲ့ကြားက သရဖီ အပေါ်ထပ်သို့ တလွှားလွှားနှင့် တက်သွားတော့သည်လေ။

"နေသဏ္ဍာန်"

"------"

"နေသဏ္ဍာန်"

ဘယ်လောက်ပဲ အော်ခေါ်ခေါ် နေသဏ္ဍာန်တို့နှစ်ယောက် အကာမပျက်ပေ။

"ဒီမှာ နေသဏ္ဍာန်၊ နေသဏ္ဍာန်"

သရဖီ ဒေါသနှင့် အသံကုန်အော်ခေါ်ပြီး နေသဏ္ဍာန်ရှေ့ ပိတ်ရပ်လေလျှင် ဦးဆောင်းက သီချင်းသံကို ပိတ်ပစ်လိုက်သည်။ နေသဏ္ဍာန်ကတာကို ရပ်ပြီး ခါးထောက်လိုက်ကာ –

"ဘာလဲ ဘာလဲ"





"နင် ဘာလုပ်တာလဲ၊ ငါ့ကိုရွဲ့တာလား"

"ဒီလောက်အရှင်းကြီးကို ဘာလို့ လေအပိုကုန်ခံပြီး မေးနေသေးလဲ"

"တောက်"

"ခင်ဗျား ကျွန်တော့်ကို တောက်မခေါက်နဲ့"

"နင့်အဖေပြန်လာရင် တိုင်ပြောမယ် သိလား"

"ဟာ နောက်ကျနေမှာပေါ့။ အခု ဖုန်းဆက်ပြီးတိုင်လိုက်။ ခင်ဗျားဖုန်းနဲ့ဆက်ရင် ဘေလ်ကုန်နေဦးမယ်။ ကျွန်တော်က စေတနာနဲ့ ဘေလ်ကုန်ခံလိုက်ဦးမယ် ရော့"

သရဖီက ဖုန်းကိုမယူပေ။

"လုပ်ထားဦးပေါ့"

"ဟား"

သရဖီ နိုင်တာလည်း မဟုတ်ဘဲနဲ့ စကားပြိုင်ပြောရန်ဖြစ်ပြီး ကိုယ်ပဲ ဒေါသပိုထွက်ရသည်လေ။ ကိုယ့်ယောကျ်ားနဲ့ အဆင်ပြေပါလျက်နဲ့ ဒင်းနဲ့ အဆင်မပြေလို့ စိတ်ကသိကအောက်ဖြစ်နေရတာ။ ကိုယ့်အလှ ကိုယ့်အသက်အရွယ်နဲ့ သူ့အဖေ အိုကြီးအိုးမကိုယူထားတာ ...

လိုတရာဘဝနဲ့ လုပ်ချင်တာလုပ်ခွင့်ရဖို့လေ။ အောက်ကျို့ခံပြီး

မဆက်သနိုင်ပါဘူး။ လောလောဆယ်တော့ စကားအရာနဲ့မနိုင်တဲ့ အတူတူ နေနှင့်ဦးပေါ့။

"ဦးဆောင်"

"ဟော"

"ဆက်ဖွင့်"

"-----"

"ကျွတ် ကျွန်တော်ပဲ ဖွင့်တော့မယ်။ သီချင်းပြောင်းမယ်ဗျ"

"ဖွင့် ဖွင့်"

"ဖွင့်မယ် ဖွင့်မယ်"

ပြောပြီး နေသဏ္ဍာန်က သီချင်းပြောင်းပြီး ထပ်ဖွင့်သည်လေ။ ဒီတစ်ခါဖွင့်တဲ့သီချင်းကတော့ မနောရဲ့ သီချင်းပဲပေါ့။

xxx ကြိုတာလေးတော့ ပြောချင်တယ် xxx လုံမလေး အရွယ်

အမြင်မတော်တာခက်တယ် xxx အစဉ်ပျော်စရာမက်လေ xxx စည်းကမ်းဘောင်နဲ့ နေတတ်ရင်တော့ အဆင်ပြေတယ်

စေတနာလေးနဲ့ ပြောချင်တယ် xxx ဝေဒနာအလေ မတွေးပါနဲ့ xxx လုံလုံခြုံခြုံဝတ်ကွယ် ကြိုကြိုဆုံဆုံမချစ်နဲ့ သတိနဲ့ယှဉ်လို့ ဖူးစာဘက်ကို ရွေးပါကွယ် xxx





နေသဏ္ဍာန်ဖွင့်နေတဲ့သီချင်းတွေကြောင့် သဲသဲတို့ မိန်းကလေးတွေ စိတ်မလုံဖြစ်ကုန်ကြရသည်လေ။ သူတို့ဝတ်လာတာတွေက အတိုအပြတ်တွေဆိုတော့ သီချင်းကြောင့် ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်ပြီး အမြဲပဲပြေးလဲချင်သလိုလို၊ ရင်ဖုံးအင်္ကျီပဲ ချက်ချင်းပဲ ဝတ်ချင်သလိုလို ဖြစ်ရသည်လေ။

သရဖီ -

အပေါ်ထပ်ကနေ ပြန်ဆင်းလာပြီးမှ ပြန်တက်သွားကာ-

"ဟဲ့ နေသဏ္ဍာန်"

"ဘာလဲ"

"အခြားဖွင့်စရာသီချင်း မရှိတော့ဘူးလား။ ဟိုနေရာမနော ဒီနေရာမနောနဲ့"

"ကျွန်တော်က မနောကြိုက်တယ်လေဗျာ။ ခင်ဗျား မကြားချင် နားပိတ်ထား။ ဦးဆောင်းရေ ခပ်ကြမ်းကြမ်းလေးဗျာ"

ဦးဆောင်းကို လိုသည်ထက်ပိုပြီးခုန်ကဖို့ အချက်ပေးလိုက်တာပါလေ။

## အခန်း (၁၇)

နေသဏ္ဍာန် သျှင်သွေးနဲ့ပတ်သက်ပြီး ခံစားရသမျှ အ
ပေါက်ကွဲပစ်လိုက်သည်လေ။ သရဖီဆိုတဲ့မိန်းမကတော့ နေသဏ္
ကို သတ်ချင်နေမလား မသိပါဘူး။ နေသဏ္ဍာန် သျှင်သွေးသ
ရအောင်ယူဖို့ ဆုံးဖြတ်ထားသည်လေ။

ဒီပွဲမှာ ကိုယ်ကလူကြမ်းပေါ့။

သျှင်သွေးအတွက်ဆို ဘာမဆိုလုပ်ရဲသူ။ အချစ်က
လောက် အစွမ်းထက်မယ်လို့ ထင်မထားမိပါဘူး။ ဒီလို မြန်မြန်
ချစ်မိလိမ့်မယ်လို့လည်း ထင်မထားခဲ့ဘူးလေ။ အရိုက်ခံလို
ပါးတစ်ဖက်ကို စမ်းပြီး ပြုံးလိုက်မိသည်လေ။





မနာပါဘူး။

မကျေနပ်သေးရင် နောက်ထပ် ရိုက်ပါစေဦးတော့။ နောက်
ထပ် သူ သျှင်သွေးအတွက် လုပ်ပေးချင်တာတွေ ရှိသေးသည်လေ။

"နေသဏ္ဍာန်"

နေသဏ္ဍာန် ဖိနပ်စီးနေရင်းမှ ခေါ်လိုက်တဲ့ ဖေဖေ့မျက်နှာကို
အံ့ချက်သာမော့ကြည့်ပြီး ဖိနပ်ကို ပြန်ငုံ့ကြည့်ပြီး ကြိုးချည်လိုက်သည်
ပေါ့လေ။

"မင်း မနေ့က သရဖီနဲ့ ပြဿနာတက်သေးတယ်ဆို"

"ပြဿနာတက်တာ မဟုတ်ဘူး ဖေဖေ။ စကားများတာပါ"

"ပြဿနာတက်တာနဲ့ စကားများတာ ဘာထူးသေးလဲကွ"

"ထူးတာပေါ့ ဖေဖေ။ ပြဿနာဆိုတာက ကြီးထွားမှုပဲ။
သူနဲ့ ကျွန်တော်က တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ်ခဲ့ကြတာမှ
မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ်၊ သူက မင်းရဲ့မိဘနေရာမှာလေကွာ"

နေသဏ္ဍာန် ဖေဖေ့ကိုတော့ ချစ်သည်လေ။ ချေပစကားလုံး
တွေနဲ့ စကားစစ်မထိုးချင်ပါဘူး။ ဒါကြောင့် –

"ဖေဖေ သားကိုဆူချင်ရင် နောက်မှပဲဆူတော့။ အခု သား
သွားစရာရှိသေးတယ်"

ပြောပြောဆိုဆိုနဲ့ နေသဏ္ဍာန် ထွက်လာခဲ့တော့–

"ဟော့ကောင်"

"-----"

"မင်းခေါင်းပေါ်က သရဲလိုလို တစ္ဆေလိုလို ဆံပင်ကို ဘယ်
တော့ ညှပ်မှာလဲ"

"ဘယ်တော့မှ မညှပ်ဘူး"

"ဟော့ကောင်"

"ဆံပင်ရှေးတွေ ဒီလောက်ကောင်းနေတာ မညှပ်ဘူး။ ဒါ
တော့ မိန်းကလေးတွေက တန်ဖိုးထားရကောင်းမှန်း မသိ
ကျွန်တော် တန်ဖိုးထားပေးနေတာ ဖေဖေ ဂုဏ်ယူလိုက်"

ပြောပြောသွားသွားပါပဲ။ ဦးမျိုးကြိုင် ဒီသားနဲ့တော့ စိတ်ည
ပါတယ်။ ကိုယ်ကဆူလိုက်တိုင်း သူပြန်ပြောတဲ့စကားတွေက အခေ
နဲ့အချာနဲ့ မှန်နေပြန်တော့ –

ဟူး

မလွယ်ပါဘူးလေ။

✱





"ကိုအောင်ထူး ... ရှင် ကျွန်မနောက်ကို ဆက်မလိုက်နဲ့
နော်"

"စိမ့်ကလည်း ကိုယ်က စိမ့်ကို တကယ်ချစ်လို့ ဒီလောက်
အထိ စိတ်ရှည်သည်းခံပြီး လိုက်နေတာပါကွာ။ ကိုယ့်ကို အဖြေပြန်ပေး
ပါနော်။ ကိုယ် စိမ့်ကို လက်ထပ်ပါရစေ"

"ဒီမှာ"

"ဟင်"

စိမ့် ခြေလှမ်းတွေကို ရပ်ပစ်လိုက်သည်လေ။ ဒီလူ လိုက်
နှောင့်ယှက်နေတာ တစ်ခါတည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်။ စိမ့်
အပျိုကြီးလုပ်နေတာကို ယူသူမရှိ ကြိုက်သူမရှိလို့လို့များ မှတ်နေ
သလား မသိဘူး။ တကယ်တော့ စိမ့် အိမ်ထောင်မပြုတာသည်

ကိုယ့်ချစ်သူနေရာမှာ အခြားသူကို အစားထိုးလို့ မရလို့ပါ။
ချစ်သူအပေါ် သစ္စာရှိတယ်ဆိုရင် ပိုမှန်တာပေါ့။ ကိုယ့်ချစ်သူက ကိုယ့်
အပေါ် သစ္စာဖောက်တာမဟုတ်ဘူးလေ။ လက်ထပ်ခါနီးမှ ကားအက်
ဆီးဒင့် ဖြစ်ပြီး သေဆုံးသွားတာပါ။

"စိမ့်ရယ် ... ကိုယ့်ကို မသနားဘူးလားဟင်"

"စောစောစီးစီး အာရုံနောက်အောင် လာမလုပ်နဲ့နော်။
ရှေ့ကဖယ်"

"စိမ့်"

"ဟာ"

ကိုအောင်ထူးက စိမ့်လက်ကို လှမ်းဆွဲလေတော့ စိမ့် ၁ လက်ကို ခါထုတ်ပစ်လိုက်ကာ –

"ရှင် ပါးရိုက်ခံချင်လို့လား။ ကျွန်မလက်ဝါးက မညှာတ တတ်ဘူးနော်"

"အဲဒီလိုတော့ မရက်စက်ပါနဲ့ စိမ့်ရယ်"

"အဟမ်း အဟမ်း"

"ဟင်"

"ဘာဖြစ်နေတာလဲ အန့်တီ"

"နေသဏ္ဍာန်"

နေသဏ္ဍာန့်ပုံစံက ခပ်တည်တည်။ ဆံပင်ရှည်နဲ့ဆိုင ဖိုက်တာရုပ်ပေါက်နေတာလေ။ ဒါကြောင့် ကိုအောင်ထူး ရှုံ့သွား ကာ –

"စိမ့် ကိုယ်သွားတော့မယ်နော်။ နောက်မှ ဆုံကြတာပေ

ကိုအောင်ထူး ထွက်သွားလေတော့ –

"အန့်တီ့ဘဲလား"

"ဟင် ပေါက်ပေါက်ရှာရှာပါယ်။ ဘယ်ကလာ ငို့ဘဲရမှာ





က်နှောင့်ယှက်နေလို့ အာရုံကိုနှောက်တယ်"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်ဆိုဟယ်"

"စောစောက အဲဒီလူ အန့်တီ့လက်ကို ဆွဲလိုက်တာ နော်မြင်ပါတယ်"

"ဟယ်"

အပျိုကြီး ရှက်ကိုးရှက်ကန်းဖြစ်သွားတော့သည်လေ။ ငယ် တော့တဲ့အရွယ် မဟုတ်တော့ ဒီလိုအဖြစ်ကို ကိုယ်နဲ့သိတဲ့လူတစ် ယောက်မြင်လေတော့ –

"တူလေးရယ် ... တကယ် အန့်တီလေးနဲ့သူ ဘာမှမပတ် က်ပါဘူးနော်။ သူ့ဘာသာသူ အတင်းလိုက်ကပ်နေတာပါ။ ဒီကိစ္စ မျှားတွေကို မပြောပြပါနဲ့ တူလေးရယ်၊ နော် နော်"

နေသဏ္ဍာန်၊ မျက်ခုံးကို လက်ညှိုးနဲ့ကုတ်ခြစ်လိုက်မိပြီး–

"ပါးစပ်စည်းစောင့်ရတာ မလွယ်ဘူးအန့်တီရေ။ တော်ရုံနဲ့ တ်မရဘူးလေ။ အဲဒီတော့"

"ဘာဖြစ်လဲဟင်၊ ဆက်ပြောပါ"

"အန့်တီနဲ့ကျွန်တော် အပေးအယူလုပ်ရအောင်"

"ဘာများလဲကွယ်၊ ပြောပါ"

"ဒီနေ့ည ကျွန်တော် အနှိတီတို့ခြံထဲမှာ လုပ်စရာ အလုပ်တစ်ခုရှိတယ်။ အဲဒါ ကျွန်တော်လာရင် အနှိတီ ခြံတံခါးလာဖွင့်ပေး"

"ဟင်"

ဟူး အခုမှ ကျဉ်းထဲကျပ်ထဲရောက်နေပါရောလား စိမ့်ရယ်

"စိတ်ချ၊ ကျွန်တော်လာတာ ဘယ်သူမှ မသိစေရဘူးငှ ကျွန်တော် ကတိပေးတယ်"

✲



## အခန်း (၁၈)

"ခစ် ခစ်"

"ဟား ဟား ဟား"

သိမ့် စိမ့်နဲ့သျှင်သွေး ဟာသကားကိုကြည့်ပြီး ရယ်နေကြတာ အလိုက် အသည်းလိုက်ပါ။ သူတို့က မြန်မာဇာတ်ကားတွေကို ကြည့်ခဲ့သည်လေ။ အခုကြည့်နေတဲ့ ဇာတ်ကားက ရယ်ရတယ်လို့ သူများတွေပြောလို့ ကြည့်ဖြစ်တာပါ။

"ဟင်"

"အင်"

ဖုန်းရိန်းတုန်းသံမြည်လာသဖြင့် သျှင်သွေး ကိုယ့်ဘေးမှာ

ချထားတဲ့ ဖုန်းကိုကောက်ကိုင်လိုက်စဉ် စိမ့် ဖုန်းကလည်း ရှိန်းတုန်
မြည်လာသည်လေ။ နှစ်ယောက်စလုံး ကိုယ်စီကိုယ်ငှထသွားကြ
တော့ –

ဒေါ်သိမ့်သိမ့်သူ

ကြည့်နေတဲ့ဇာတ်ကားကို ပိတ်ပစ်လိုက်သည်လေ။ ဇာတ်ကားထဲကအသံတွေကြောင့် ဖုန်းပြောလို့ အဆင်မပြေမှာစိုးလို့ စိမ့်က အခန်းအပြင်အထိ ထွက်သွားပေမယ့် သျှင်သွေးက အခန်းထဲပဲ ရှိနေသည်လေ။

"နင် ဘာပြောမလို့လဲ နန္ဒ၊ ပြောလေ"

"သျှင်သွေး နင် ခြံထဲကို ခဏလောက် ဆင်းခဲ့ပါလား"

"အရေးကြီးလို့လား နန္ဒ"

"ဆိုပါတော့"

"ဘာကိစ္စလဲ"

"နင် ခြံထဲဆင်းလာခဲ့ရင် အလိုလိုသိလာမှာပါ"

"အေးပါ၊ ဒါဆို ငါအခုပဲ ဆင်းလာခဲ့မယ်"

"ငါလည်း လာခဲ့မယ်"

"Ok ငါ ဖုန်းချလိုက်ပြီ"

သျှင်သွေးတို့အိမ်က အပေါ်ထပ်မှာ ဧည့်ခန်းရှိသည်





အောက်ထပ်မှာလည်း ဧည့်ခန်းရှိသည်လေ။ အပေါ်ထပ်ဧည့်ခန်းကတော့ လူတိုင်းကို မခေါ်ဘူးပေါ့။ ညအိပ်လာတဲ့ဧည့်သည်ရှိမှ သုံးတာလေ။

အောက်ထပ်ဧည့်ခန်းမှာ TV ရှိသလို အပေါ်ထပ်ဧည့်ခန်းမှာလည်း TV ရှိပါသည်။ အခု ဇာတ်ကားကြည့်နေတာ အပေါ်ထပ်မှာမို့ သျှင်သွေး အောက်ထပ်ကိုဆင်းရမှာပါ။

"သမီး"

"ရှင် မေမေ"

"ဘယ်သူဆက်တာလဲ"

"နန္ဒပါ မေမေ"

"ဘာတဲ့လဲ"

"ပြောစရာရှိလို့ ခြံထဲကိုခဏဆင်းခဲ့ပါတဲ့"

"အေး အေး"

သျှင်သွေး ခြံထဲဆင်းဖို့ ထွက်လာခဲ့တော့ အန်တီလေး လှေကားကနေ ဆင်းသွားတာကို မြင်လိုက်သည်လေ။ အန်တီလေးက ဘယ်ကိုပါလိမ့်။

သျှင်သွေးလည်း လှေကားကနေ ပြေးဆင်းလာခဲ့ပြီး ခြံထဲကို ရောက်လာခဲ့တော့ –

"ဟင်"

တဖျပ်ဖျပ်လက်နေတဲ့ ဆလိုက်မီးရောင်တွေ။ သျှင်သွေးရဲ့ ခြေလှမ်းတွေ ရပ်သွားသည်လေ။ ပြီးမှ ရှေ့သို့ ဖြည်းဖြည်းချင်းတိုးခဲ့သည်ပေါ့။ မီးရောင်တွေနဲ့ နီးလာလေ သျှင်သွေး အံ့ဩလေပါပဲ။ ဆလိုက်မီးတွေက နှင်းဆီပန်းတုန်းကလို ခရေပန်းတုန်းကလို အသည်းပုံပါပဲ။

ရောင်စုံမီးတွေက အသည်းပုံသဏ္ဍာန်ပေါ်မှာ အချို့အရောင်တွေ မှိတ်ရင် အချို့အရောင်တွေကလင်း ဖျတ်ခနဲ ဖျတ်ခနဲပါပဲ ပြီးတော့ အသည်းပုံထဲမှာ –

မင်္ဂလာပါ

သျှင့်သွေးသစ္စာ တဲ့။

စာလုံးကိုလည်း မီးပွင့်လေးတွေနဲ့ ဖော်ထားတာ။ မင်္ဂလာ လင်းလာရင် သျှင်သွေးသစ္စာဆိုတဲ့ စာတန်းကပျောက်သွားလိုက် သျှင်သွေးသစ္စာဆိုတဲ့ စာတန်းက လင်းလာရင် မင်္ဂလာပါ စာတန်း ပျောက်သွားလိုက်နဲ့လေ။ မြင်ကွင်းက ရင်ခုန်ကြည်နူးဖွယ်ရာပါ

"စိတ်ရှည်လက်ရှည်နဲ့ကို လုပ်ထားတာပဲ"

ပြောလိုက်တာက စိမ့်ပါ။

"အန်တီလေးက ဒီကိုလာတာ သိနေလို့လား"





"ဘာကိုမေးတာလဲ တူမလေး"

"ဒါတွေလုပ်ထားတာကို ကြိုသိနေလို့ လာကြည့်တာလားလို့

"အခုမှသိတာပါ"

ခြေသံတွေကြားလို့ ငဲ့ကြည့်လိုက်တော့ နန္ဒရောက်လာတာ လေ။ ပြီးတော့ သျှင်သွေးရဲ့မေမေ။ အားလုံး အတန်ကြာရပ်ကြည့်နေကြပြီးမှ စကားစပြောသူက ဒေါ်သိမ့်သိမ့်သူပါ။

"ဒါကို ဘယ်သူလုပ်တာလဲ"

အားလုံး ဒေါ်သိမ့်သိမ့်သူကို ငဲ့ကြည့်ကြသည်လေ။ ဘယ်သူ့ ဆီကမှ အဖြေထွက်မလာခဲ့ပါဘူး။

"နန္ဒတို့ညီအစ်ကိုတော့ မဖြစ်နိုင်ဘူး ထင်ပါရဲ့"

ထပ်မေးမှ –

"မဟုတ်ပါဘူး အန်တီသိမ့်"

"ဒါဆို"

"ကျွန်တော်လုပ်တာပါ အန်တီ"

"ဟင်"

အားလုံးရဲ့နောက်ကနေ ထွက်လာတဲ့အသံကြောင့် လှည့်ကြည့်မိကြသည်ပေါ့လေ။ ဒေါ်သိမ့်သိမ့်သူ ဆံပင်ရှည်တွေကို

နောက်မှာရပ်ပြီးစည်းထားတဲ့ ကောင်လေးကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး–

"မင်းက"

"ကျွန်တော့်နာမည် နေသဏ္ဌာန်ပါ"

"နေသဏ္ဌာန်"

"ဟုတ်ပါတယ်"

"မင်း ဘာလို့ ဒီလိုတွေ လုပ်ရတာလဲ"

စိမ့် နေသဏ္ဌာန့်မျက်နှာကိုမကြည့်ရဲတော့ပေ။ ကိုယ် ခြံတံခ ဖွင့်ပေးတာကို ပြောပြလိုက်ရင် ဒုက္ခ။ ပြီးတော့ ဒီကောင်လေးက ခပ်ရဲရဲလေ။ ဘာတွေပြောပြီး ဘယ်လိုဝန်ခံမလဲဆိုတာကို မတွေးရဲ ဘူး။

"ကျွန်တော်က စကားကို ဝေ့ဝိုက်ကွေ့ပတ်ပြီး မပြောတတ် ဘူး အန်တီ။ ကြိုက်တာမကြိုက်တာက ကာယကံရှင်ရဲ့အပိုင်းပ ကျွန်တော်က ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်"

"ပွင့်ပွင့်လင်းလင်းပဲပြောပါ။ အန်တီကလည်း ပွင့်လင တာကို သဘောကျတယ်"

သျှင်သွေး ရင်တွေခုန်နေပြီလေ။ ခေါင်းကိုငုံ့ထားလိုက် သည်ပေါ့။ သူ ဘာတွေပြောလို့ ရှေ့ဆက် ဘာတွေဖြစ်ကြမင





နိုင်မိစိတ်နဲ့ ရင်တွေခုန်နေမိတာပါ။

"ကျွန်တော် သျှင်သွေးသစ္စာကို စွဲလန်းမြတ်နိုးမိလို့ပါ အန်တီ။ သူ ကြည်နူးသာယာဖို့အတွက်၊ ကျွန်တော် ဘာမဆို လုပ်ပေးချင်တယ်။ ဒါ မြူဆွယ်ဖြားယောင်းတာမဟုတ်ပါဘူး။ သျှင်သွေးက ကျွန်တော့် အပေါ် ဘယ်လိုပဲ တုံ့ပြန်ပါစေ ကျွန်တော်ကတော့ ချစ်နေမှာပါပဲ"

"မင်းမိဘတွေက ဘယ်သူတွေလဲ၊ ဘာအလုပ် လုပ်ကြ သလဲ။ အန်တီသိချင်တယ်"

"ကျွန်တော့်မေမေက ကျွန်တော်ငယ်ငယ်လေးကတည်းက ဆုံးသွားခဲ့တာပါ။ ဖေဖေက သဏ္ဌာန်ကုမ္ပဏီရဲ့ MD ဦးမျိုးကြိုင်ပါ"

"ဩော် ... မင်းက ကိုမျိုးကြိုင်ရဲ့သားလား"

"ဟုတ်ပါတယ်၊ အန်တီက ဖေဖေ့ကိုသိလို့လားဗျ"

ဒေါ်သိမ့်သိမ့်သူ ခေါင်းညိတ်လိုက်ပြီး –

"သိပါတယ်၊ ဒီလိုပဲ လုပ်ဖော်ကိုင်ဖက်တွေပါ"

"နေသဏ္ဌာန်"

သျှင်သွေးသစ္စာက ခေါ်လိုက်တာပါလေ။

"ကျွန်မ ရှင်နဲ့အေးအေးဆေးဆေး တွေ့ပြီး စကားပြောချင် တယ်"

"ဘယ်တော့လဲ"

"မနက်ဖြန်"

"ကောင်းပြီလေ၊ ကိုယ် ဘယ်ကိုလာခဲ့ရမလဲ"

"အင်းလျားမှာ ဆုံကြတာပေါ့"

"Ok ဘယ်အချိန် လာခဲ့ရမလဲ။ အချိန်ကတော့ အတိအ... ရောက်ချင်မှရောက်မှာနော်။ ကားတွေကျပ်တော့ ပြောရခက်တယ်"

"ကျွန်မ်ဒ်အိမ်ကနေ မနက်ရှစ်နာရီထွက်လာခဲ့မယ်"

"သျှင်သွေး ခဏ"

နန္ဒက သျှင်သွေးကို လက်ဆွဲခေါ်ပြီး တိုက်ကြီးဆီသို့ ပြန်... ခဲ့ကာ တိုက်ဝကိုရောက်တော့ –

"သျှင်သွေး"

"––––––"

"မနက်ဖြန် နင်သွားရင် ငါလိုက်ပို့မယ်"

သျှင်သွေး နန္ဒမျက်နှာကို ဆတ်ခနဲမော့ကြည့်ပြီး ၀

"နင်က ဘာလိုက်လုပ်မှာလဲ။ မလိုဘူး မလိုက်နဲ့"

"လိုက်မှာပဲ"

"မလိုက်နဲ့"

"သျှင်သွေး"

"ဘာလဲ"





"နင် ဟိုလူ့အပေါ် သာယာနေပြီလား။ သူ့ကို စိတ်ဝင်စားနေပြီလား။ ပြောစမ်းပါ"

"အဲဒါ ငါ့ကိစ္စ၊ နင်မေးစရာမလိုဘူး"

သျှင်သွေး နှုတ်ခမ်းလေးမဲ့ကာ ပြောလိုက်မိသည်လေ။ ဘာလဲ အခုမှ မနာလို မရှုစိမ့်နိုင်ကြတော့ဘူးလား။ သျှင်သွေးက သူတို့အိတ်ထဲက ဖားလို့ ထင်နေတဲ့လူတွေ။ သူတို့ အခု အခံချိမခံသာဖြစ်နေကြရောပေါ့။

ဖြစ်ကြ

ဖြစ်ကြပေါ့။

ရွှဲ့ကို ရွှဲ့ဦးမှာ။

"အဲဒီလိုတော့ နင်မပြောနဲ့ သျှင်သွေး။ နင့်မှာ ကိုကိုရှိတယ်လေ။ နင့်ကို ကိုကို ဘယ်လောက်ချစ်တယ်ဆိုတာ သိရဲ့သားနဲ့"

"ဘာ"

သျှင်သွေးရဲ့အကြည့်က စောင်မဲနရွဲ့နိုင်လွန်းလှတော့ နန္ဒ ဒိုးရိမ်မိသွားတာ အမှန်ပါ။ ကိုကို့ကို ရွှဲ့ရင်း မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာစိုးတာလေ။

"နင့်ကိုကိုက ငါ့ကိုချစ်တယ် ဟုတ်လား"

"ဟုတ်တယ်လေဟာ။ နင် မသိဘူးလား"

"မသိဘူး။ သူမှ မပြောဘဲနဲ့ ငါက ဘယ်လိုလုပ်ပြီးသိမှာလဲ နန္ဒ။ ဘာလဲ ထင်ယောင်ထင်မှားနဲ့ ငါက မျှော်လင့်နေရမှာလား။ ဒါမှမဟုတ် ငါ့ဘက်ကစပြီး ချစ်တယ်လို့ပြောရမှာလား။ ပြောပါဦး နန္ဒ"

"မဟုတ်ဘူးလေဟာ"

"တော်တော့ နန္ဒ။ နင်လည်းအတူတူပဲ။ သတ္တိမရှိတဲ့ နင်တို့ တစ်ခုတော့သိထား နန္ဒ"

"ဘာကိုလဲ သျှင်သွေး"

"နင်တို့ညီအစ်ကို ဘယ်သူ့အပေါ်ကို ငါ သံယောဇဉ် ဆိုတာ ငါ့ကိုယ်ငါတောင် အခုထိစဉ်းစားလို့မရဘူးဆိုတာပဲ။ ချစ်တ ဆိုတဲ့စကားကို ငါက ဖွင့်ပြောရမလိုဖြစ်နေတော့ အဟွန်း မိန်း တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ငါ လဲလှယ်မှုတစ်ခုနဲ့ စောင့်ထိန်း စေ။ နလုံးသားရဲ့ဆန္ဒကို ဂုဏ်သိက္ခာနဲ့ ငါထိန်းချုပ်မယ်"

"သျှင်သွေးရယ်"

နန္ဒ ခေါင်းငိုက်စိုက်ချသွားတော့သည်လေ။ ပြောချင် ပေါ့။ သျှင်သွေးမျက်နှာကို တည့်တည့်ကြည့်ပြီး သျှင်သွေး နင့် ချစ်တယ်လို့ ပြောပစ်လိုက်ချင်တာ။ အခု မပြောဘဲ ကျိတ်ခံစား တာက ...





ကိုယ်နဲ့အပြိုင် သျှင်သွေးကို ချစ်နေတဲ့သူက ကိုယ့်အစ်ကို အရင်းခေါက်ခေါက်ဖြစ်နေလို့ပဲပေါ့။

"နင် ကိုကို့ကိုပဲ မျှော်လင့်ပါ သျှင်သွေး"

"မျှော်လင့်ပြီး ငါက စပြောရမှာလား နန္ဒ"

"မဟုတ်ပါဘူး။ ကိုကိုဖွင့်ပြောလိမ့်မယ်ပေါ့"

"နင်က တိုက်တွန်းပေးမယ်ပေါ့ ဟုတ်လား။ သူ့အလိုလို ဘယ်သူ့တိုက်တွန်းမှုမှ မပါပဲ ဖွင့်ပြောတာကသာ လေးစားလောက်တဲ့ အချစ်ဖြစ်မှာပါ"

နန္ဒမှာ ပြောစရာစကားမရှိတော့လောက်အောင်ကိုပဲ သျှင်သွေးက စကားလုံးကျစ်ကျစ်လစ်လစ်နဲ့ ချောင်ပိတ်သွားပြီလေ။

ကဲ ... ဘယ်လိုလုပ်ကြမလဲ။

# အခန်း (၁၉)

''ဖွင့်ပြောရမယ် ဟုတ်လား နန္ဒ။ ငါလည်း အစက ဖွင့်ပြ မလို့ပါပဲ။ အခုတော့ မပြောတော့ဘူးလို့ ငါ ဆုံးဖြတ်လိုက်ပြီ''

''ဟင်''

နန္ဒ ကိုကို့ကို အံ့ဩသလိုကြည့်မိသည်လေ။ ဘယ်လိုဝ ပါလိမ့်။ ဒီအချိန်က ကိုကို ဖွင့်အပြောသင့်ဆုံးအချိန်လေ။ အရင် ပြိုင်ဘက်မရှိဘူးလေ။ ဖွင့်မပြောသေးတာရတယ်။ အခုက ပြိုင်ဘ ရှိလာပြီ။

ပြိုင်ဘက်ရှိလာချိန်မှာ ကိုယ်က ဦးဆောင်ဖွင့်ပြောရမှာ ဒါမှ သျှင်သွေးက ဦးစားပေးစဉ်းစားမှာမဟုတ်လား။ ပြီးေ





သျှင်သွေးက မျှော်လင့်နေသူမို့ တစ်ခါတည်းလည်း ကိုကို့ကို အဖြေ ပေးနိုင်တာပဲလေ။ ဒါကို ဖွင့်မပြောတော့ဘူးဆိုတော့ –

ကိုကို ရူးများရူးနေပြီလား။

ဘာလို့ ဖွင့်မပြောတော့ဘူးလို့ ဆုံးဖြတ်သလဲဆိုတာ နန္ဒ နားမလည်တော့ပေ။

ကိုယ်ကဖြင့် ကိုယ်ချစ်နေတာတောင် ဖွင့်မပြောဘဲနဲ့ ကိုယ့်အစ်ကိုအတွက် အရှုံးပေးထားတာလေ။

''ကိုကိုက ဖွင့်မပြောဘူးပေါ့ ဟုတ်လား ကိုကို''

''ဟုတ်တယ်''

''ဘာဖြစ်လို့လဲ'ကိုကို''

''မင်း စဉ်းစားကြည့်လေ။ အဲ့ခုချိန်မှာ ငါ ဖွင့်ပြောလိုက်ရင် ပြိုင်ဘက်ရှိလာမှ ဖွင့်ပြောတယ်။ သူ့ကို ကိုယ့်အိတ်ထဲကဖား ဘယ် အချိန်ပဲ ထုတ်ရိုက်ရိုက်ရတယ်လို့ ထင်သလား။ ဒါ သူ့ကို အထင်သေး တာ ဘာညာဆိုတာတွေ လာဦးမှာ''

''အဲဒါက ကိုကို့အတွေးလေဗျာ။ ကိုကို့ကို သျှင်သွေးက မျှော်လင့်နေတယ်ဆိုရင်ရောဗျာ''

''အဲဒါ အရင်တုန်းကပဲ ဖြစ်မှာပါ''

''ကျွတ်''

စကားပြောရ လက်ပေါက်ကတ်လိုက်တာ။ ကိုကို့ကို နန္
သဘောမကျတာ အဲဒါတွေပါပဲ။ မထားသင့်တဲ့မာနတွေထားပြီး မ
သင့်တဲ့ အတ္တတွေ ရှိနေလို့လေ။ မိန်းကလေးဘက်က စပြီး သူ့ကို
ချစ်တယ်လို့ ပြောရမလိုပါလား။

ညီအစ်ကိုချင်းတောင် –

နန္ဒစိတ်တိုလာမိတော့သည်လေ။

"သူသာ ငါ့ကို တကယ်ချစ်တယ်။ တကယ်မျှော်လင့်တယ်
ဆိုရင် ဖွင့်ပြောသည်ဖြစ်စေ ဖွင့်မပြောသည်ဖြစ်စေ ငါ့အပေါ် သစ္စာရှိ
စောင့်နေမှာပဲ။ အဲဒီလို မဟုတ်လို့ အခြားတစ်ယောက်အချစ်ကို လက်
မယ်ဆိုရင် သူ ငါ့အပေါ်ချစ်တဲ့အချစ်က မစစ်လို့ပဲ"

"ဟာ ကိုကို"

"-----"

"ကျွန်တော် ထင်မထားဘူးဗျာ။ ကိုကို့ကို အဲဒီလော
အတ္တကြီးလိမ့်မယ်လို့ ကျွန်တော်တကယ် ထင်မထားမိဘူး"

"ဘယ်လို"

နန္ဒ ကိုကို့ကို တော်တော်စိတ်ပျက်သွားမိတော့သည်

"ငါက အတ္တကြီးတယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ သျှင်သွေးကို ကိုကို တကယ်ချစ်





မာနနဲ့ တွက်ကပ်နေစရာ လိုလို့လား။ ကိုကိုက သျှင်သွေးကို တကယ်
ချစ်တာမဟုတ်ဘူး။ မာနချင်းပြိုင်ပြီး အနိုင်ယူချင်တာ"

"မင်းရဲ့ စွပ်စွဲချက်က ပြင်းလှချေလားကွ"

"ရတယ်ကိုကို၊ ကိုကို သျှင်သွေးကို ဖွင့်မပြောဘူးဆိုရင်"

နန္ဒ စကားကို ဖြတ်ထားပြီး သိခ်ကို ခပ်စူးစူးကြည့်လိုက်မိ
သည်ပေါ့။ ကိုယ်လည်း သျှင်သွေးကို သိပ်ချစ်တဲ့ကောင်ပဲလေ။ ဪ
ကိုကိုလည်း သျှင်သွေးကို ချစ်နေရှာပါလားဆိုပြီး ကိုယ့်အစ်ကိုမို့
ရင်နာခံပြီး အရှုံးပေးခဲ့တာ။ သူ့ကြောင့် မျိုသိပ်ထားခဲ့တာ။

အခု –

သူက အတ္တတွေ မာနတွေကို ကိုးကွယ်နေလေတော့ အခြား
သူရင်ခွင်ထဲတော့ ဘယ်ထည့်ပါ့မလဲ။

"ဘာဖြစ်လဲ ဆက်ပြောလေကွာ"

"ကိုကို ဖွင့်မပြောဘူးဆိုရင် ကျွန်တော်ဖွင့်ပြောမယ် ကိုကို"

သိခ် မျက်မှောင်ကြုတ်သွားပြီး –

"မင်းက ဘာကိုဖွင့်ပြောမှာလဲ"

"ကျွန်တော် သျှင်သွေးကို ချစ်နေတဲ့အကြောင်းပေါ့"

"ဘာကွ"

သိခ် ၊နန္ဒနဲ့ မျက်နှာချင်းဆိုင်ကာ ရပ်လိုက်မိသည်လေ။

ပြီးတော့ တင်းမာစွာ ခပ်စူးစူးအကြည့်နှင့် –

"မင်း ပြောစရာမလိုဘူး နန္ဒ"

"ကိုကို"

"မင်း မပြောရဘူး"

"မပြောလို့မရဘူး။ ပန်းဆိုတာ ကိုယ်မခူးရင် သူများခူးမှာပဲ၊ ကျွန်တော် သူများခူးမှာကို မခံစားနိုင်ဘူး"

"နန္ဒ"

ဘုန်းသိမ် နန္ဒရဲ့ရင်ဘတ်က အင်္ကျီစကို ဆုပ်ကိုင်လိုက်ပြီး–

"မင်က ငါ့ညီ၊ ငါဖွင့်မပြောတဲ့ မိန်းကလေးတစ်ယောက်ကို မင်းလည်း ဖွင့်ပြောစရာမလိုဘူး။ မင်း သူ့ကို အောက်ကျို့ပေးစရာ မလိုဘူးကွ"

"ကိုကို ရူးနေပြီ"

"ဘာကွ"

"ကိုကိုက အတ္တရူး မာနရူး။ ဘာမဟုတ်တာကို ပုံကြီးချဲ့ပြီး ဘဝင်ရူး ရူးနေတာ။ တကယ်ချစ်ရင် ဘာမဆို ရင်ဆိုင်ရဲရမယ် သတ္တိရှိရမယ်လေဗျာ"

"တိတ်စမ်း"

"------"





"ငါပြောတာ ရှင်းရှင်းလေးပဲ။ ငါလိုချင်တာ ငါ့အပေါ် သစ္စာရှိနဲ့ စောင့်ပြီးချစ်မယ့် အချစ်စစ်"

"ကိုကို"

နန္ဒ စိတ်တိုတိုနှင့် အော်ပစ်လိုက်မိသည်ပေါ့။ သျှင်သွေးသာ ကိုယ့်အစ်ကို ကိုယ့်ညီမဖြစ်နေလို့ ကိုယ့်ရှေ့မှာ ဒီစကားမျိုးပြောရင် ကိုကို ထသတ်မိမလားမသိပေ။ မိန်းကလေးတစ်ယောက်ကို တစ်ချက်မှမငဲ့ ပြောထွက်လိုက်တဲ့ပါးစပ်။

အချစ်ကို အဲဒီလို အထက်စီးဆန်ဆန် လိုချင်လို့ရမတဲ့လား။

"ကောင်းပြီလေ၊ ကိုကို့စိတ်တိုင်းကျပေါ့။ တစ်ခုတော့ရှိတယ်။ သျှင်သွေးက သုံးစွဲလို့မရတဲ့ မူးစေ့ပေါက် မတ်စေ့ပေါက်မဟုတ်ဘူး ဆိုတာပဲ။ တစ်နေ့ ကိုကို နောင်တမရပါစေနဲ့"

နန္ဒ မိဘတွေရဲ့သုံးစွဲတဲ့စကားနဲ့ ပြောပစ်လိုက်မိတာပါ။ သုံးစားမရတဲ့လူဆိုရင် လူကြီးတွေက မူးစေ့ပေါက် မတ်စေ့ပေါက်နဲ့ နှိုင်းနှိုင်းပြောဆိုတတ်ကြသည် မဟုတ်လား။

## အခန်း (၂၀)

ပန်းရောင် သူငယ်ချင်းနဲ့အတူတူ ဝက်သားတုတ်ထိုးစားနေ ရင်းမှ ဆိုင်ရှေ့မှ ဖြတ်သွားတဲ့ ကောင်မလေးကို မျက်တောင်မခတ် လိုက်ကြည့်နေမိတာ အကြောင်းရှိလို့ပါလေ။ ဒီမျက်နှာ ဒီပုံစံ ရင်းရင်းနှီးနှီး သိနေလို့ပေါ့။

သျှင်သွေးသစ္စာ။

ဟုတ်တယ်၊ သျှင်သွေးသစ္စာမှ သျှင်သွေးသစ္စာအစစ်ပါ

''ချီဆင့် ... နင် ဒီကစောင့်နေနော်။ ငါပြန်လာခဲ့မယ်

''နင်က ဘယ်သွားမလို့လဲ ပန်းရောင်''

''မမေးနဲ့ဟာ၊ ဒီကပဲ စောင့်နေပါဆို''





''အေးပါ''

ပန်းရောင် သျှင်သွေးသစ္စာ လျှောက်သွားတဲ့ ကန်ဘောင် အတိုင်း နောက်ကနေလိုက်လာခဲ့တော့သည်သာ။ ပန်းရောင်က ဘုန်း နန့်ကို အရူးအမူးစွဲလမ်းခဲ့သူပါ။ ဘုန်းနန္ဒက ပန်းရောင်ကို စိတ်မဝင် စားဘူးလေ။ ပန်းရောင်ကတော့ အခုထိ သူ့ကို ချစ်နေတုန်း။ သူ့ အကြောင်းတွေကို စုံစမ်းနေမိတုန်းပါ။

ဖေဖေနဲ့မေမေကပြောတယ်

သမီး ပညာရေးကိုသာကြိုးစား။ သိပ်တော်သိပ်ထက်မြက်တဲ့ မိန်းကလေးဖြစ်အောင်လုပ်။ တစ်နေ့ ငါ့သမီးချစ်တဲ့လူကို ပိုင်ဆိုင်ခွင့် ရအောင် ကြိုးစားလို့ရတယ်တဲ့။

မဆိုင်ဘူးလို့ တွေးမိပေမယ့် –

နန္ဒက သျှင်သွေးသစ္စာတစ်ယောက်ကိုမှ မိန်းကလေးလို့ မြင်နေတော့ မခံချင်စိတ်ရှိလာသည်လေ။ ဒါကြောင့် နန္ဒကို မေ့နိုင် အောင် ကြိုးစားရင်း စာကြိုးစားခဲ့သလို အဖက်ဖက်မှာ တော်အောင် ကြိုးစားခဲ့သည်ပေါ့။

အရင်က မေ့မေ့ပျောက်ပျောက်နေတာ အဟုတ်သာ။ အခု ကျတော့ သျှင်သွေးသစ္စာကို မြင်လိုက်တာနဲ့ ဝေဒနာဟောင်းက ထလာ ပြန်သည်လေ။

"နေသဏ္ဍာန် ... ရှင်လာပြီလား။ ကျွန်မက ရောက်နေပြီ"

"ကိုယ် မင်းရှေ့မှာ"

သျှင်သွေး ရှေ့ကိုကြည့်လိုက်တော့ မမြင်ပေ။ ကန်ဘောင်အောက်က မြက်ခင်းဘက်ကိုကြည့်လိုက်တော့မှ သူက ကန်ဘောင်ပေါ်ကို တက်လာနေသည်လေ။

"တစ်ယောက်တည်းလာတာလား"

"ဟုတ်တယ်၊ ကျွန်မတစ်ယောက်တည်းပဲလာတာ"

"ကိုယ်က ဘုန်းနန္ဒ လိုက်လာမယ်လို့ ထင်ထားတာ"

ဘုန်းနန္ဒဆိုတဲ့နာမည်ကို ကြားတာနှင့် ပန်းရောင်ရဲ့ စိတ်ေ က လှုပ်ရှားလာပြန်သည်လေ။ သူတို့ ဘာတွေပြောကြမလဲလို့ ယော လည်လည်နဲ့ နားထောင်နေရတာပါ။ ဖုန်းကိုထောင်ပြီး ဓာတ်ပုံရိုက်ေ ရတာ။ ဟိုရိုက် ဒီရိုက်နဲ့ ဘယ်နေရာ ဘယ်ရှုခင်းတွေ ရိုက်မိမှန်း မသိပေ။

"သူက လိုက်ချင်နေတာ၊ ကျွန်မ မခေါ်တာလေ"

"သူက မင်းကို တော်တော်ချစ်ပုံရတယ်နော်။ သူ့အစ်ကို ငဲ့နေလို့သာ မင်းကို ဖွင့်မပြောတာ"

"ရှင်က သူတို့အကြောင်းတွေကို သိနေတာလား"





"ဒီမှာက နေပူတယ်။ တစ်ခုခုသွားစားရင်း စကားပြောကြ ပေါ့"

"ကောင်းသားပဲ"

သျှင်သွေးသစ္စာတို့ ထွက်သွားတော့ ပန်းရောင်လိုက်ရပြန် ည်လေ။ ချိဆင့်ကို ဝက်သားတုတ်ထိုးဆိုင်ရှေ့ကအပြတ် လက်ပြ ခဲ့ပြီး သျှင်သွေးတို့ကို အမီလိုက်ရပြန်သည်ပေါ့။ ဒီအဖြစ်ကို ျှင်သွေးက သတိမထားမိပေမယ့် နေသဏ္ဍာန်က သတိထားမိသည် ။ နေသဏ္ဍာန်က အကင်းပါးသူပဲဟာ။ ဒါပေမဲ့ ဂရုမစိုက်ပေ။ ိုင်ထဲကိုရောက်တော့ စားစရာ သောက်စရာတွေမှာပြီး –

"သျှင်သွေး"

"ရှင်"

"ဘုန်းနန္ဒတို့ ညီအစ်ကိုအကြောင်းကို ကိုယ် ဘာလို့သိနေ တာလဲ သိလား"

သျှင်သွေးက ခေါင်းခါလိုက်ပြီး –

"ကျွန်မ မသိဘူး"

"ကိုယ်က မင်းကိုချစ်နေတဲ့ကောင်လေ။ ဒါကြောင့် မင်းနဲ့ ်သက်တဲ့ကောင်တွေရဲ့အကြောင်း စုံစမ်းတာပေါ့"

"ဘယ်လို"

''မင်းကို ကိုယ်အရမ်းချစ်တယ်၊ မြတ်နိုးတယ်''

သျှင်သွေး ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားသည်ပေါ့လေ။ ကိုယ် ကြားချင်တာက ဒီစကားကို သူ့ဆီက မဟုတ်ဘူးလေ။ ကိုယ် ကြားချင်တာက ဘုန်းသိခ်နဲ့ ဘုန်းနန္ဒ တစ်ယောက်ယောက်ဆီက။ အခုတော့ -

''ကျွန်မမှာ ချစ်သူရှိတယ်''

''ဘုန်းသိခ်လား ဘုန်းနန္ဒလား''

သျှင်သွေး သိခ်ကို စိတ်နာသည်လေ။ နန္ဒက အစ်ကို ငဲ့ညှာပြီး ဖွင့်မပြောတာကို ဖြေသာသေးရဲ့။ သိခ်က အတ္တ၊ မာနတွေ ကြီးနေတာ။ ဘယ်သူ့ကို ချစ်မိတာလဲ သျှင်သွေးကိုယ်တိုင်ကတော့ မဝေခွဲတတ်သေးပေ။

''ဘုန်းနန္ဒပါ''

''ဟင်''

ဟင်ဆိုတာက ပန်းရောင်နှုတ်က ထွက်သွားတာပါ။ သျှင် သွေးနဲ့ ဘုန်းနန္ဒက ချစ်သူတွေတောင် ဖြစ်နေကြပြီလား။ အူနုလေး ကျွဲခတ်ပြီလေ။

''အရွယ်ရောက်နေတဲ့ မိန်းကလေးတစ်ယောက်မှာ ချစ်သူ ရှိနေတာ အဆန်းမှမဟုတ်ဘဲ သျှင်သွေးသစ္စာ။ ချစ်သူရှိတာ ကာမ





ဘင်ယောက်ျားရှိတာမှ မဟုတ်တာ''

သျှင်သွေး၊ တွေခနဲဖြစ်သွားပြီး သူ့မျက်နှာကို ငေးခနဲကြည့် ဖြစ်သွားသည်လေ။ နေသဏ္ဌာန်က ဘယ်လိုလူပါလိမ့်။ မိန်းကလေး တစ်ယောက်မှာ ချစ်သူရှိတယ်ဆိုရင် အချို့ယောက်ျားလေးတွေက စိတ်ပျက်သွားတတ်ကြတာပဲလေ။

နေသဏ္ဌာန်ကျတော့ အဲဒီလိုမဟုတ်ပါလား။

''ဒါဆို ရှင်က နောက်မဆုတ်ဘူးဆိုတဲ့ သဘောပေါ့''

နေသဏ္ဌာန်က ခေါင်းခါလိုက်ပြီး -

''သျှင်သွေးဘက်က ဘယ်လိုပဲ တုံ့ပြန် တုံ့ပြန် ကိုယ်ကတော့ ချစ်နေမှာပဲ။ ကိုယ်က ချစ်ပြီဆိုကတည်းက နောက်ဆုတ်ဖို့ တစ်ခါမှ စဉ်းစားခဲ့ဘူး''

''ကျွန်မကမှ ရှင့်ကိုမချစ်တာ''

''ကိုယ်ကတော့ မင်းကိုချစ်တယ်။ မင်းက အိမ်ထောင်သည် တစ်ယောက်ဖြစ်နေရင်တော့ ကိုယ် ဒုသနသောကအထိုက်မခံပါဘူး။ မင်းက အခု အိမ်ထောင်သည်မှ မဟုတ်တာ။ မင်း အိမ်ထောင်မကျ ခင်း ကိုယ် မင်းကို ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးစားနေမယ် သျှင်သွေးသစ္စာ''

''ပိုင်ဆိုင်ခွင့် ဟုတ်လား''

''ဟုတ်တယ်''

''ကျွန်မ ရှင့်ကို ဘယ်တော့မှမချစ်ဘူးဆိုရင်''

''သျှင်သွေးသစ္စာ''

သျှင်သွေး စကားဆုံးအောင် မပြောဖြစ်လိုက်ပေ။ သူ... သျှင်သွေးလက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်သဖြင့် သျှင်သွေး... ရုန်းလိုက်ပေမယ့် မရပေ။

''ကိုယ့်ကို မင်းပြန်ချစ်ဖို့ ကိုယ် မမျှော်လင့်ဘူး။ ကို... မင်းကို ချစ်နေခွင့်ရရင် ကျေနပ်တယ်''

''ရှင်က အရူးပဲ''

''မင်းပြုစားလိုက်လို့ ရူးသွားတာပါ''

သျှင်သွေး သက်ပြင်းချလိုက်မိတော့သည်သာ။ သူပြော... တော့ သူ့အချစ်ကို လေးစားပါသည်လေ။ ဒါပေမဲ့ ကိုယ့်စိ... သိမ်နဲ့ နန္ဒတောင် ဘယ်သူ့ကို ဘယ်လို သံယောဇဉ်နဲ့ချစ်ပြီး ဘယ်... ပိုချစ်သလဲတောင် ဝေခွဲလို့မရတာကို –

နောက်တစ်ယောက်ပါဆိုတော့–

ဟူး ဘာမှမတွေးတာအကောင်းဆုံးပါပဲ။ ပြောတာက... ပြော ရဦးမည်သာ။

''နေသဏ္ဍာန်''

''ပြောပါ သျှင်သွေး''





''ကျွန်မ ရှင့်ကိုစောင့်ကြည့်သေးတာပေါ့။ ရှင့်အချစ်က ဘယ် ...ိုအချစ်မျိုးလဲဆိုတာကိုလေ''

''မင်းသဘောပါ။ ကိုယ်ကတော့ လူကြမ်းပဲ။ မင်းကို မပတ် ...သက်တဲ့အချိန်ကတောင် စိတ်မထင်ရင် မထင်သလို ကြမ်းတတ်ရမ်း ...တတ်တာ။ မင်းနဲ့ပတ်သက်လာတော့ အချို့နေရာတွေမှာ ပိုဆိုးနိုင် ...တယ်''

''ကျွန်မ ရှင့်ကို တစ်ခုပြောချင်တယ်''

''မင်းပြောသမျှ နားထောင်ဖို့အသင့်ပါ။ အရာအားလုံး နာခံ ...တော့ မဟုတ်ဘူးနော်။ ကိုယ် လုပ်ပေးနိုင်တဲ့အရာဆိုရင်တော့ နာခံ ...မယ်''

သျှင်သွေး ခေါင်းညိတ်ပြလိုက်သည်လေ။ ကိုယ်ပြောမယ့် ...အရာက သူ လက်ခံနိုင်မယ့်အရာလား။ လက်မခံနိုင်လား မသိပေမယ့် ...ပြောတာတော့ ပြောရမှာပေါ့။

''ရှင် ဆံပင်ညှပ်နိုင်မလား''

နေသဏ္ဍာန် ချက်ချင်းပြန်မဖြေပေ။ စဉ်းစားနေပုံပါပဲ။ ...တန်ကြာမှ။

''ကိုယ် ကတိမပေးနိုင်ဘူး''

✹

## အခန်း (၂၁)

ဦးမျိုးကြိုင် ဒီနေ့အလုပ်နားရက်မို့ စိတ်ချလက်ချ အိ
လိုက်တာ နံနက် ဆယ်နာရီပင်ထိုးသွားသည်လေ။ ကောင်း
နေမကောင်းတာလည်း ပါတာပေါ့။ အိပ်ရာကနိုးတော့ ရေချိုး
သေးသည်လေ။

ရေချိုးလိုက်တော့ စိတ်ထဲ လန်းဆန်းသွားတာပေါ့။
ထပ်ကို ဆင်းလာခဲ့တော့ ဦးမျိုးကြိုင် မျက်မှောင်ကြုတ်သွား
လေ။ ညွှန့်ခန်းထဲမှာ ညွှန့်သည်တစ်ယောက်တည်း ထိုင်နေ
ညွှန့်သည်က ခေါင်းငုံ့ပြီး ဖုန်းကိုပဲ လက်နဲ့ပွတ်နေတာ မျက်နှာ
ဘူးလေ။





"ဟော့ အိမ်ကလူတွေ ညွှန့်ခန်းထဲမှာ ညွှန့်သည်ရောက်နေတာ ဘယ်သူမှ မသိကြဘူးလား"

အော်ပြောပြီး ဦးမျိုးကြိုင် ညွှန့်ခန်းထဲသို့ ဆက်လျှောက်လာခဲ့သည်ပေါ့။ ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်ပြီး –

"ညွှန့်သည်ရောက်နေတာ ဘယ်သူမှမသိကြဘူးထင်တယ်။ ဒါမှမဟုတ် လုပ်စရာရှိကြလို့ ခဏထားခဲ့တာလား မသိဘူး။ အားနာလိုက်တာ စိတ်မရှိပါနဲ့နော်"

"ဘယ်မှာလဲ ညွှန့်သည်"

"ဟင်"

စကားသံနှင့်အတူ မော့လာတဲ့ မျက်နှာကိုမြင်ရတော့ ဦးမျိုးကြိုင် မျက်လုံးအဝိုင်းသား ဖြစ်သွားရသည်။ ပြီးတော့ လက်ညှိုးတထိုးထိုးဖြစ်ပြီး –

"မင်း မင်း"

"ဖေဖေ့သားလေ၊ နေသဏ္ဌာန်"

ဦးမျိုးကြိုင် သားဖြစ်သူကို ခပ်ကြောင်ကြောင်ကြည့်နေမိပြီး ခဏကြာမှ –

"မင်းဆံပင်တွေ ဈေးကောင်းရလို့ ဖြတ်ရောင်းခဲ့တာလား။ ဒါမှမဟုတ် မိန်းကလေးတွေက ဆံပင်အရှည်ထားပါတော့မယ်လို့

ကတိကဝတ်တွေပြုလိုက်ကြလို့လား။ ပြောပြပါဦး သား။ မင်းအဖေ ငါ စိတ်ဝင်စားလွန်းလို့ပါ''

''ဖေဖေပြောတာ တစ်ခုမှ မဟုတ်ဘူး''

ဖေဖေ ရွဲ့မေးတာကို ပြန်ဖြေချင်လိုက်မိတာကိုက အချစ်က အစာသွပ်ပေးလိုက်တဲ့ နူးညံ့မှုလားတော့မသိပေ။

''ဖေဖေပြောတဲ့ အချက်အလက်တွေကြောင့်ဆိုရင် သား ကိုယ်မြတ်နိုးလို့ မွေးမြူထားတဲ့ အဲဒီဆံပင်ရှည်ကို ညှပ်မပစ်ဘူး''

''ဟေ ဟုတ်လား။ ဒါဆို ဘယ် ကဝေမကများ ငါ့သားစိတ် ကို ပြောင်းလဲအောင် ညှို့ယူဖမ်းစားလိုက်သလဲကွ''

''ဟာ ဖေဖေကလည်း ကဝေလို့တော့ မပြောပါနဲ့ဗျ။ မေ့ ဆရာမလေး အချစ်မှော်ဆရာမလေးလေ''

''ဟေ''

ဦးမျိုးကြိုင် မျက်လုံးပြူးပြီးရင်း ပြူးပါပဲ။ အရင်ကတော့ အချစ်အကြောင်း လာမပြောနဲ့။ အိမ်ထောင်ရေးဆိုတာ ဝေလာဝေး အတုအယောင်တွေပေါတဲ့ ဒီခေတ်ကြီးထဲမှာ အချစ်ဆိုတာကို အ… အကြည်မရှိဘူးတဲ့။

ဖေဖေ့ကိုပဲကြည့် ကိုယ့်သမီးလောက်ကလေးကို ရအော… ယူနိုင်တာ ဖေဖေ့နှလုံးသားအလှကို တစိမ့်စိမ့်ထိုင်ကြည့်ဖို့မှ မဟု…





…ဘ။ ငွေများလို့ ငွေနဲ့အနိုင်ယူခဲ့တာတဲ့လေ။ သူပြောတာလည်း …ဟုတ်နေသားပဲ။ ကိုယ့်မှာ ချမ်းသာကြွယ်ဝမှုသာမရှိရင် –

အခုလို လှပချောမောတဲ့ ကိုယ့်သမီးအရွယ်လောက်ကလေး ကို ရဖို့မပြောနဲ့ ရွယ်တူထဲက သန့်သန့်ပြန့်ပြန့်ရုပ်ရည်နဲ့ မိန်းမရဖို့တောင် …ွယ်မှာမဟုတ်ပါဘူး။

အခု သားပါးစပ်က အချစ်အကြောင်းပြောလာတော့ အံ့ဩ …မိတာ အမှန်ပဲလေ။

''ဟား ငါ့သားပါးစပ်က ထူးထူးခြားခြား အချစ်အကြောင်း …တွေ ဘာတွေ ပြောလို့ပါလားကွ။ ပြောစမ်းပါဦး။ သားချစ်တဲ့ မိန်း …ကလေးက နာမည်ဘယ်လိုခေါ်လဲ၊ ဘယ်လိုပုံစံမျိုးလဲ။ ပြောစမ်းပါကွ။ အဲဒီမိန်းကလေးကို ဖေဖေ လေးစားအထင်ကြီးလို့ပါ''

''ဖေဖေ သားနဲ့လိုက်ခဲ့''

''ဘယ်ကိုလိုက်ရမှာလဲကွ''

''သားရဲ့အခန်းထဲကိုပါ''

''အေး အေးပါကွာ''

နေသဏ္ဍာန် ထသွားလေတော့ ဦးမျိုးကြိုင်လည်း လိုက်လာ ခဲ့သည်သာ။ ဆံပင်အရှည်ထားပြီဆိုကတည်းက ညှပ်နိုင်းလို့မရတဲ့ သား။ ပါးမြိုင်းမွေး နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးစကို တသသနဲ့

ဖအေက ဆူလွန်း မာန်လွန်းမှ ရိုတ်တတ်တဲ့သားလေ။

အခုကျတော့ ဆံပင်လည်းညှပ်ပြီး နှုတ်ခမ်းမွေး မုတ်ဆိတ် မွေးတွေလည်း ရိတ်ပြီး သပ်သပ်ရပ်ရပ်ဖြစ်လာတော့ ကိုယ့်သားပုံစံ မင်းသားလို ရှင်းသန့်ချောမွေ့နေတော့သည်သာ။ နေသဏ္ဍာန်ရဲ့ အခန်းထဲကို ရောက်လာတော့ နေသဏ္ဍာန်က လှည့်ကြည့်ကာ -

"သားချစ်တဲ့မိန်းကလေးက သူပဲ ဖေဖေ"

နေသဏ္ဍာန် လက်ညှိုးထိုးပြရာသို့ ဦးမျိုးကြိုင် ကြည့်လိုက်၏။

"အဲဒီလောက်တောင်လားကွာ"

"ဘာကိုလဲ ဖေဖေ"

"ငါ့သားရဲ့အိပ်ခန်းထဲမှာ မိန်းကလေးက နေရာယူထားနိုင် ပါ"

"ချစ်တာကိုး ဖေဖေရ"

"အေးပါကွာ၊ ကဲ ပြော။ ဖေဖေ ဘယ်တော့လိုက်တောင်း ပေးရမလဲ"

ဖခင်မေးတော့ နေသဏ္ဍာန် သက်ပြင်းချမိတော့သည်သ အဖြစ်က ကိုယ့်ဘက်သာ ဖိတ်စာတစ်ခြမ်းရိုက်ထားတာ ဟိုဘက် မချစ်နိုင်ပါဘူးတဲ့လေ။





"ကြိုးစားရဦးမှာပါ ဖေဖေ"

"ဟော"

"သူမှာ ချစ်သူရှိနေတယ် ဖေဖေ။ အဲဒါက သားအတွက် အချစ်ရေးကံမကောင်းခြင်းပေါ့။ ဒါပေမဲ့ သား သူ့ကို အဆုံးရှုံးမခံနိုင် ဘူး ဖေဖေ။ ရအောင်ယူမယ်"

ဦးမျိုးကြိုင် ခေါင်းသာကုတ်မိတော့သည်လေ။ ကိုယ့်သားကို လက်မခံနိုင်တဲ့ မိန်းကလေးက ရှိသေးတယ်လား။ ဒါပေါ့ မိန်းကလေး မှာက ချစ်သူရှိတယ်ဆိုတော့လေ။ တစ်ဖက်က မတုံ့ပြန်လို့ ဆက်မချစ် နဲ့ ပြောချင်ပေမယ့် -

ကိုယ့်သားရဲ့ဝေဒနာက သေးသေးကွေးကွေး မဟုတ်တော့ ဘူးဆိုတာ သိနေတော့ တားဖို့ခက်နေပြန်ရောလေ။

"သား"

"ဗျာ"

"သူများချစ်ခြင်းကို မခွဲပါနဲ့လို့ ကိုယ်ချင်းစာစိတ်နဲ့ တားချင် ပေမယ့် မိဘတိုင်းမှာ ကိုယ့်သားသမီးအတွက် အတ္တချိုချိုတွေ ရင်ထဲ မှာ အပြည့်ရှိတယ် သား။ ဒါကြောင့် ရှေ့ဆက်တိုးကွာ။ လိုအပ်တာ ရှိရင် ဖေဖေ့ကိုပြော။ ဖေဖေ့ရဲ့က အတ္တချိုချိုတွေနဲ့ အတားအဆီးမှန် သမျှ ဖေဖေ တိုက်ထုတ်ပေးမယ်"

နေသဏ္ဍာန် ခေါင်းခါလိုက်မိသည်လေ။ နေသဏ္ဍာန်ဆိုတဲ့ ကောင်က မိဘအားကိုးနဲ့သိုတဲ့စကားမျိုး အပြောမခံချင်ပါဘူး။ နေ... တကာမှာ မိဘကိုအားကိုးပြီး ဒုက္ခမပေးချင်ဘူးလေ။

''ရပါတယ် ဖေဖေ။ ဖြစ်လာသမျှ သားဘာသာသား ရင်ဆိုင် ပါ့မယ်။ တစ်ခုပဲ''

''ဘာလဲ သား''

''ဒီဇာတ်လမ်းမှာ သားက ဒသသနေရာဝင်ကရတော့မှာ ဦးမျိုးကြိုင် သားရဲ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်က...

''ငါ့သား ကံကောင်းပါစေ''

''_____''

''ဒါနဲ့ မိန်းကလေးရဲ့ နာမည်က ဘယ်သူလဲ သား။ သူ့... တွေက ဘာလုပ်ကြလဲ''

''သူ့နာမည်က သျှင်သွေးသစ္စာပါ။ သူ့မှာ အဖေမင်း ဖေဖေ။ သူ့မေမေက ဒေါ်သိမ့်သိမ့်သူပါ''

သားပြောပြတာတွေကို နားထောင်ရင်း ဦးမျိုးကြိုင် ဦးနှောက်က အလုပ်လုပ်နေသည်သာ။ သားအတွက် ဘာလုပ်ပေး... ကောင်းမလဲလို့ပေါ့။



# အခန်း (၂၂)

××× ကောင်မလေး မင်းနဲ့စတွေ့တဲ့နေ့ကစ ××× ငါ့ရဲ့ ပြတင်းတံခါးမှာ ××× အချစ်တစ်စ ပေါက်ဖွားခဲ့တာ

တစ်ရက်ပြီးတစ်ရက်

သွေးကြောထဲမှာ ××× အချစ်တွေ လိုက်ပါစီးဆင်း ××× သွေးကြောထုံးမှာ ကောင်မလေးတစ်ယောက်နဲ့ ××× ထုံးဖွဲ့နေတာ×××

ကောင်မလေး ×××

ငါ့အသွေးနဲ့တည်တဲ့မင်း ××× အချစ်စတင် စီးဆင်းရာ ××× ငါ့ရင်တစ်ချပ်ချပ်နဲ့ ခုန်ခုန်တိုင်း မင်းနာမည်ကို အော်ခေါ်မိ ××× ကောင်မလေး ငါ့အချစ်နဲ့တည်တဲ့မင်း ××× ငါ့နှလုံးသားလေးလည်း

နှမ်းလျက်ပေါ့ ××× လူလည်း နှမ်းပါးပါးမို့ ရှူးတော့မယ် ×××

ဂစ်တာတီးပြီး သီချင်းဆိုတဲ့အသံကြောင့် သျှင်သွေး face book သုံးနေရင်းမှ အင်တာနက်ကို ပိတ်ပစ်လိုက်တော့သည်လေ။ ပြီးတော့ အောက်ထပ်သို့ ပြေးဆင်းလာခဲ့တော့သည်ပေါ့။ ညအချိန် မတော် ဖြစ်နေပြီလေ။

အခု သီချင်းဆိုနေတာ –

နေသဏ္ဍာန်ပဲဖြစ်မှာပေါ့။ သူ့အပြင် ဘယ်သူရှိဦးမှာတဲ့လဲ ဒီအချိန်ဆိုတာ အပုပ်ချိန်လေ။ လူကောင်းသူကောင်းတွေ သွားလာ လှုပ်ရှားနေတာ နည်းပါးတဲ့အချိန် မဟုတ်လား။ သူက သျှင်သွေးတို့ နီးနီးနားနားကလည်း မဟုတ်။ ဒီလိုအချိန်မှာ အန္တရာယ်ကများပါတ် ဒီအတွက်တော့ သျှင်သွေး စိုးရိမ်မိတာအမှန်ပါ။

ကိုယ့်ကို သူက မုန်းနေတဲ့သူမှ မဟုတ်ဘဲလေ။ ကိုယ့်ကို ချစ်နေတဲ့သူဆိုတော့ ဒီလောက်လေး မေတ္တာပြန်ထားမိတာ သျှင်သွေး မလွန်ဘူးထင်ပါရဲ့။ ရှင် ကျွန်မကို မချစ်ပါနဲ့လား နေသဏ္ဍာန်ရယ် ကျွန်မစိတ်က ကျွန်မကိုယ်တိုင်တောင် နားလည်ရခက်လို့ပါ။

ပြီးတော့ သျှင်သွေး စိုးရိမ်မိတာ နောက်တစ်ခုက နေသဏ္ဍာန် အခုလိုလုပ်တာကို သိခံနဲ့နန္ဒသီမှာစိုးတာလေ။ နေသဏ္ဍာန်ကို ပြဿနာရှာကြမှာစိုးလို့ပါ။





ဒါကြောင့် သျှင်သွေး ခြံအပြင်ကိုထွက်လာခဲ့ပြီး –

"နေသဏ္ဍာန်"

"––––––"

"နေသဏ္ဍာန်"

"ဟော့ကောင်"

မျိုးကိုကို တံတောင်နှင့်တုတ်လိုက်တော့ နေသဏ္ဍာန် ဂစ်တာ ...နေတဲ့လက်က ရပ်သွားပြီး သီချင်းသံလည်း တိတ်သွားသည်လေ။ ...ကိုကို မေးဆတ်ပြရာကို ကြည့်လိုက်မိတော့ –

"ဟင် သျှင်သွေးသစ္စာ"

နေသဏ္ဍာန် ကားခေါင်းပေါ်မှာ ထိုင်နေရင်းမှ ဆင်းလိုက်ပြီး ...င်သွေးဆီသို့ လျှောက်လာလေလျှင် –

"ဟင်"

သျှင်သွေး သူ့မျက်နှာကို မော့ကြည့်ပြီး ပါးစပ်ကလေး ပွင့်ဟ ...သည်သာ။

"ရှင် ရှင် ဆံပင်ညှပ်ထားတယ်နော်"

"မင်းမြင်ချင်တဲ့ပုံစံ မဟုတ်လား"

သျှင်သွေး ခေါင်းညိတ်ပြလိုက်ပြီး –

"ကျွန်မ အတဲင်းမတိုက်တွန်းခဲ့ဘူးနော်"

"ကိုယ်ကိုယ်တိုင်က မင်းရဲ့ဆန္ဒကို လိုက်လျောချင်ခဲ့တာပါ"

"ကျေးဇူးပါ"

"ဘာအတွက်လဲ သျှင်သွေးသစ္စာ"

"ကျွန်မဆန္ဒကို လိုက်လျောပေးတယ်ဆိုလို့ပါ"

"ကိုယ် မင်းကို အရမ်းချစ်တယ်ဆိုတာကို အသိအမှတ် ပြုပေးရင်ပဲ ကိုယ်ကျေနပ်ပါတယ်"

သျှင်သွေး သက်ပြင်းချလိုက်မိသည်သာ။ ဘယ်လိုပြန်ပြော ရင် ကောင်းမလဲ။ အသိအမှတ်ပြုပါတယ်လို့ ပြန်ပြောရင် ကော မလား။ အသိအမှတ်မပြုဘူးလို့ ပြောရင် ကောင်းမလား။

စိတ်က ဇဝေဇဝါနဲ့ –

ခေါင်းတွေတောင် နောက်လာတော့သည်လေ။

"သျှင် သွေး သစ္စာ"

"ဟင်"

တစ်ခွန်းချင်း ပြတ်ပြတ်သားသား ခေါ်လိုက်တဲ့အသံက ထန်နေသည်လေ။ လှည့်ကြည့်လိုက်တော့ မျက်ဝန်းမှာ ဒေါသငေ တွေ တစ်လက်လက်ထနေသလားမသိသော ဘုန်းသိမ်ပါ။ နော ဘုန်းနန္ဒလည်းပါလာသည်လေ။

"နင်က အဲဒီလိုလား သျှင်သွေးသစ္စာ"





"မဟုတ်ဘူး သိမ်"

"ဘာမဟုတ်တာလဲ။ ဒီလောက် လက်ပူးလက်ကြပ်မိနေတာ တောင် နင်က ပြောင်လိမ်ပြောင်စား လုပ်ချင်တုန်းလား သျှင်သွေး"

"ဒီမှာ"

နေသဏ္ဍာန် အသံကလည်း တိုတိုပြတ်ပြတ်ပါ။ သိမ်ဆီသို့ ခြေလှမ်းတိုးသွားပြီး မျက်နှာချင်းဆိုင်လိုက်တော့ နေသဏ္ဍာန်က အရပ်ရှည်နေသည်လေ။

"မင်းက ဘာလဲ၊ ဒီကိစ္စမှာ သျှင်သွေးသစ္စာရဲ့ချစ်သူသာ သဝန်တိုပိုင်ခွင့် ပြဿနာရှာပိုင်ခွင့် ရှိတာနော်။ ငါ သျှင်သွေးရဲ့ချစ်သူ ကိုသာ အောက်ကျို့ခံချင်ခံမယ်၊ မဆိုင်တဲ့လူကို သည်းခံမှာမဟုတ်ဘူး"

"ဘာကွ"

"ဘုန်းနန္ဒက သျှင်သွေးရဲ့ချစ်သူဆိုတော့ သူ မကျေနပ်လို့ ထိုးထိုးသတ်သတ် ငါခံမယ်။ ငါ ဘာမှ လက်တုံ့မပြန်ဘူးလို့လည်း ကတိပေးတယ်။ အေး မဆိုင်တဲ့လူပါလာရင်တော့ ငါ့လက်က ငါးပါး သီလ ခံယူမထားဘူး"

ဘုန်းသိမ် ညီဖြစ်သူကိုလှည့်ကြည့်လိုက်တော့ နန္ဒက သျှင်သွေးကို အံ့ဩဟန်နှင့် ကြည့်နေသည်လေ။ အံ့ဩမှာပေါ့။ နေ သဏ္ဍာန်က နန္ဒကို သျှင်သွေးရဲ့ချစ်သူလို့ အတိအကျ သတ်မှတ်လိုက်

တာသည် သူများပြောလို့သိရတဲ့ ထင်ယောင်ထင်မှား ပုံစံမျိုးမှ မဟုတ် တာ။

ဒါကြောင့်

သျှင်သွေးကိုယ်တိုင်ပြောလို့သိတာပါဆိုတဲ့ သတ်မှတ်ချက်နဲ့ အံ့ဩနေတာလေ။ သျှင်သွေးက နန္ဒကို ချစ်သူအဖြစ် သတ်မှတ်ခြင်း ပေါ့။ ဘာကြောင့်ပဲပြောပြော မိန်းကလေးဘက်က ပြောတာ အားနာ စရာပါ။

မိန်းကလေးက သတ္တိရှိရှိပြောရဲပြီး နန္ဒမှာတော့ –

"နန္ဒ"

"ဟင်"

"သူပြောတာ ကြားလား"

နန္ဒ ခေါင်းညိတ်မိလား ခေါင်းခါမိလားပင် ကိုယ့်ကိုယ်ကို မသိတော့ပေ။ တကယ်က ခေါင်းမညိတ်မိသလို ခေါင်းလည်းမခါ ပါဘူး။

"တစ်ခုတော့ရှိတယ်"

နေသဏ္ဍာန် အသံထွက်လာတော့ သိခ်အကြည့်က နေ သဏ္ဍာန်ဆီသို့ ရောက်သွားပြန်သည်လေ။

"ဘာလဲ"





"သျှင်သွေးမှာ ချစ်သူရှိတာ ငါသိတယ်။ ချစ်သူရှိတာ လက် ထပ်ထားတဲ့ ကာမပိုင်လင်ယောကျ်ားရှိတာ မဟုတ်ဘူး။ ဒုသနသော တ် မထိုက်ဘူးလေ။ လွတ်လပ်တဲ့အပျိုကို လွတ်လပ်တဲ့လူပျိုက ချစ်ခွင့်ရှိတယ်။ ရယူပိုင်ဆိုင်ခွင့်ရှိတယ်။ အဲဒါကိုသိအောင် ပြောပြတာ"

"ဟင်"

"နေသဏ္ဍာန်"

သျှင်သွေး နေသဏ္ဍာန်အနားကို ရောက်သွားသည်လေ။ သိခ် တစ်ခုခုလုပ်လိုက်မှာစိုးလို့ပါ။ ပြဿနာကို ဒီထက်ပိုပြီး မကြီးထွား စေချင်ပါဘူး။

"သျှင်သွေးမှာ ချစ်သူရှိတယ်ဆိုလို့ ငါ နောက်ဆုတ်မယ် ထင်နေ"

"မင်း"

"ငါပြောထားပြီးသားနော်။ မင်းက သျှင်သွေးရဲ့ချစ်သူ မဟုတ်ဘူး"

ဘုန်းသိခ်က နေသဏ္ဍာန်ရဲ့ရင်ဘတ်က အင်္ကျီစကို ဆုပ်ကိုင် လိုက်တော့ နေသဏ္ဍာန်က သိခ်လက်ကို ခပ်ကြမ်းကြမ်း ဖယ်ချရင်း ပြောလိုက်တာပါ။ ပြီးတော့ ဆက်ပြောလိုက်သေးရဲ့။

"သျှင်သွေးကို မင်းတို့ညီအစ်ကို ဘယ်လိုအချစ်မျိုးနဲ့ ချစ်ခဲ့

ကြလဲဆိုတာ ငါ မသိဘူး။ အခု နန္ဒက လက္ခဏာနေရာမှာပေမယ့် လက္ခဏာလို အချစ်ပုန်းသမားမဟုတ်ဘဲ သျှင်သွေးရဲ့ချစ်သူ ဖြစ်ခွင့်ရနေပြီ၊ ငါကတော့ ဒဿရဲ့အချစ်ကိုမှီအောင်ချစ်မယ့်ကောင်

''ဟော့ကောင် ဘုန်းနန္ဒ''

''ကိုကို''

''သူပြောတာတွေ ကြားတယ် မဟုတ်လား။ ဒီကောင် မင်း ပညာပြမလား ငါ ပညာပြရမလား''

''မလုပ်နဲ့ မလုပ်ရဘူးနော်''

သျှင်သွေးကအော်ပြောလေတော့ ဘုန်းနန္ဒ မဲ့ခနဲ ဖြစ် သည်လေ။ အခြေအနေက ရှုပ်ထွေးစပြုလာပြီပေါ့။ နေသဏ္ဍာန် ပထမထင်ထားတာ သျှင်သွေးရဲ့ချစ်သူက ဘုန်းသိခ်လို့ပေါ့။ လိုက်တော့ ညီအစ်ကိုနှစ်ယောက်စလုံးက သျှင်သွေးကို ချစ်နေ တဲ့။

သျှင်သွေးက ဝန်ခံတော့ –

သူ့ချစ်သူက ဘုန်းနန္ဒပါပဲလေ။ သျှင်သွေးရဲ့ချစ်သူ ဘ ဖြစ်ဖြစ် နေသဏ္ဍာန် ဂရုမစိုက်ပါဘူး။

ဘုန်းနန္ဒက ဘာပြောပြီး ဘာလုပ်ရမှန်းမသိ။ ဘုန်း တော့ သူ့အတွက် သူ့ဒေါသနှင့်သူ မွန်နေသည်လေ။ သျှင်





သဏ္ဍာန်က ရအောင်ယူမှာလည်းစို။ သျှင်သွေးက သူ့ချစ်သူဟာ ပါလို့ ပြောသတဲ့၊ ဒါကိုလည်း မခံမရပ်နိုင်ဖြစ်ကာ ပေါက်ကွဲပြီလေ။

''သျှင်သွေး . . . နင်က သူ့ကိုထိမှာစိုးသလား''

''ဘုန်းသိခ် နင် ဘာဖြစ်နေတာလဲ''

''နန္ဒ မင်း အဲဒီကောင်ကို သတ်ကွာ''

''ကိုကို''

''မင်း သူ့ကိုထိုးမလား။ မထိုးဘူးလား။ ဒါပဲပြော''

ညီဖြစ်သူကို လက်ဆွဲခေါ်ပြီး နေသဏ္ဍာန်ဆီသို့ တွန်းပို့ကာ

''ထိုးလေကွာ၊ ထိုးစမ်းပါ''

''ဘုန်းသိခ် နင် ရူးနေပြီလား''

''ဟော့ကောင် . . . မင်း ဘာမှမလုပ်ဘူးလား''

နန္ဒ လက်သီးကို ကျစ်နေအောင် ဆုပ်လိုက်မိတော့သည်သာ။

သဏ္ဍာန်က ကိုယ်ဘာပဲလုပ်လုပ် မတုံ့ပြန်ဘူး ငြိမ်ခံနေမယ်တဲ့။ ကိုလုပ်တာဆို မခံဘူးတဲ့လေ။ ဒါကြောင့် ကိုယ့်အစ်ကိုဘက်ကိုပဲ ိုက်မိတဲ့အတွက် အပြစ်တင်ချင်သလို တင်ကြပါစေတော့။

တကယ်လို့

နေသဏ္ဍာန်က ပြောသလို ငြိမ်ခံမနေဘဲ ကိုယ့်အပေါ် ဒေါသ တုံ့ပြန်မယ်ဆို ကိုယ်ပဲ ခံလိုက်တော့မည်လေ။

''ထိုးပါ၊ မင်းကြိုက်သလိုထိုး။ မင်းကြိုက်သလို လုပ်
သျှင်သွေးရဲ့မျက်နှာကြောင့် မင်းကိုငါ တကယ် ဘာမှပြန်မလုပ်ဘူ
ယောက်ျားကတိ ဘာလို့လဲဆို ငါက မင်းရဲ့ချစ်သူကို လုယူမယ့်ကော
မို့လို့ပဲ''

''နန္ဒ''

''------''

''ထိုးလေကွာ၊ ဘာလုပ်နေလဲ။ ချ ချစမ်းပါ''

နန္ဒ ဘာမှဆက်ပြီး တွေးမနေတော့ပဲ လက်သီးကိုသာ
အောင် ဆုပ်ကာ –

''ကဲကွာ''

''ခွပ်''

''ကဲကွာ''

''ခွပ်''

''ချ ချ''

''ခွပ်''

''နန္ဒ မလုပ်နဲ့''

''ဟော့ကောင် မလုပ်နဲ့တော့''

''မျိုးကို မင်း ဝင်မပါနဲ့''





ပြဿနာက ကြီးထွားရှုပ်ထွေးသွားလေတော့သည်သာ။ နေ
သဏ္ဍာန်က နန္ဒထိုးသမျှ တစ်ချက်မှမညည်းဘဲ ငြိမ်ခံနေသည်လေ။
တိအတိုင်း ဘာမှလည်း ပြန်မလုပ်ပေ။ မျိုးကိုကိုက ကိုယ့်သူငယ်
ချင်းခံနေရတော့ ဝင်ပါဖို့လုပ်တာပေါ့လေ။

ဒါကို နေသဏ္ဍာန်က အပါမခံဘဲ တားမြစ်ထားသည်ပေါ့။
သျှင်သွေးကလည်း နန္ဒကိုတား၊ သိခ်က အားပေး၊ အခြေအနေက
ရှုပ်ထွေးသွားသည်ပေါ့လေ။

''ခွပ်''

''ဟာကွာ တောက်''

''သိခ် မလုပ်နဲ့နော်။ နန္ဒတော်တော့''

သျှင်သွေးတားနေတဲ့ကြားက သိခ်ပါ ဝင်ပါတော့ မျိုးကိုကို
လည်း ဝင်ပါပြီ။

''ခွပ်''

''တော်ကြပါတော့''

''တောက် ခွေးမသား''

''မေမေရေ အန်တီလေး လာကြပါဦး''

''ခွပ်''

''နေသဏ္ဍာန် သေတော့မယ်၊ ကယ်ကြပါဦး''

နေသဏ္ဍာန်က ကတိအတိုင်း ဘာမှပြန်မလုပ်တော့ လိမ်း
နေရတာပေါ့။ ဒီလိုကျတော့ သျှင်သွေး ဘယ်လိုလုပ်ပြီး ကြည့်ရက်
လဲလေ။ ဒါကြောင့် အော်နေမိတာပါ။

"ဟဲ့ ဟဲ့ ... ဘယ်လိုဖြစ်နေကြတာလဲ"

"မေမေ ကယ်ပါဦး"

"ခွပ်"

"တောက်"

"တော်ကြပါတော့"

"ဟိတ် တော်ကြတော့လို့ ပြောနေတယ်နော်"

သျှင်သွေး နေသဏ္ဍာန်ကို မကြည့်ရက်တော့သဖြင့် ပြေး
သွားကာ နန္ဒရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်တော့သည်လေ။ ဘုန်း
သိခ်ကိုလည်း –

"ကဲ"

"ဖြန်း"

"ဟာ"

ပါးကိုရိုက်ချလိုက်တော့သည်သာ။

"ဟော့ တော်ကြတော့"

"ဘာဖြစ်နေကြတာလဲ"





လူကြီးတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြလေ
တော့ အားလုံးငြိမ်သက်သွားကြတော့သည်လေ။

သျှင်သွေး –

ဘုန်းသိခ်ကို ဒေါသမျက်ဝန်းနှင့် ခပ်စူးစူးကြည့်ပြီး –

"နင့်ကို ငါ အရမ်းမုန်းတယ်၊ ဘုန်းသိခ်"

## အခန်း (၂၃)

"ဖြန်း"

နန္ဒ ပါးတစ်ဖက်ပူသွားလေသည်။ သျှင်သွေးတစ်ယော ညက ဒေါသအရှိန် မပြေသေးဘူးထင်ပါရဲ့။ ညက လက်သီး ကျစ်နေအောင် ဆုပ်ပြီး နေသဏ္ဍာန်ကို နှစ်ချက်လောက်ထိုး ကတည်းက စိတ်ထဲမှာ 'တစ်ခုခု ဝင်ပူးကပ်ခံရသလို လက်က မရပ် တော့ပေ။

တကယ်က ပေါက်ကွဲသွားခြင်းပါပဲ။ ဒေါသဖြစ်သွားတာ အဲဒီဒေါသက ဘယ်သူ့ကို ထွက်တာလည်းဆိုတော့ မသိပြန်။ ကိုက် လား။ နေသဏ္ဍာန်ကိုလား။ သျှင်သွေးကိုလား။ ကိုယ့်ကိုယ်ကိုယ်





သိတော့ပါဘူး။

ဒါကြောင့် လွှန်သွားခဲ့သည်လေ။

"သျှင်သွေး"

သျှင်သွေးက နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်လေ။

"နင် ငါ့ပါးကိုရိုက်တယ်နော်"

"အဟွန်း နာသွားလား နန္ဒ"

နန္ဒ ခေါင်းညိတ်လိုက်ကာ –

"ရိုက်ပါဟာ၊ နင်ကျေနပ်တဲ့အထိ ရိုက်ပါ"

"နင့်ပါးနာသွားတာ အသေးအမွှားလေးပါ။ နေသဏ္ဍာန်မှာ သာ အခုလောက်ဆိုရင် တော်တော်နာကျင်နေတော့မှာ။ သေးရုံမတက် ရရင် ကံကောင်းပဲ"

"ဟူး"

"ကိုယ့်ကို ဘာမှပြန်မလုပ်တဲ့လူကို အိတ်တစ်အိတ်လို လိုမ့် ထိုးရဲတဲ့သတ္တိကို ချီးကျူးပါတယ် နန္ဒ"

"ပြောတော့ဟာ၊ နင်ပြောချင်သလိုသာ ပြောပါတော့"

"နင့်ကို ငါ သိပ်ရွံတာပဲ"

"ဟင်"

ဒီတစ်ခါတော့ နန္ဒ တုန်လှုပ်သွားပြီလေ။ သျှင်သွေးပါးစပ်က

ဒီစကားမျိုး ပြောလိမ့်မယ်လို့ လုံးဝထင်မထားခဲ့ပါဘူး။ ပြောထွက်လိုက်တာ။

"နင်က ခွေးပဲနန္ဒ၏ သူမျှားရှူးတိုက်ပေးတိုင်း ကိုက်တတ်တဲ့ခွေး"

"သျှင်သွေး"

နန္ဒ မခံစားနိုင်စွာ အော်လိုက်မိတော့သည်လေ။ သျှင်သွေးက နေသဏ္ဌာန်အတွက် အဲဒီလောက်အထိ ဆတ်ဆတ်ခါနာသွားသလား

"နင် နင်က နေသဏ္ဌာန်အတွက် အဲဒီလောက်အထိဖြစ်သွားတာလား သျှင်သွေး"

"ဟုတ်တယ်"

"နင်ဟာ"

"နင့်အစ်ကိုက အတ္တသမား။ မာနကို ကိုးကွယ်တဲ့လူ။ သူ့သူ့အတ္တနဲ့ နင့်ကို ခဲပေါက်ပြတယ်။ နင်က မစူးစမ်း မဆင်ခြင် လိုက်ကိုက်တယ်"

"သျှင်သွေး ဇတ်တော့ဟာ"

နန္ဒ နှာခေါင်းထဲမှာ မွှန်စပ်စပ်လိုဖြစ်လာပြီး မျက်ရည်ဝေဝဲလာသည်အထိ ခံစားသွားရသည်လေ။ ကိုယ်သိပ်ချစ်ရတဲ့ မိန်းမလေးက ကိုယ့်ကို အခုလို ပက်ပက်စက်စက်ကြီး ပြောလာ





မခံစားနိုင်ပါဘူး။

"ဆက်မပြောပါနဲ့တော့ သျှင်သွေးရယ်။ ငါ တောင်းပန်ပါတယ်။ ငါ မခံစားနိုင်ဘူး"

"မခံစားနိုင်ဘူး ဟုတ်လား နန္ဒ"

"ဟုတ်တယ်၊ ငါ မခံစားနိုင်ဘူး။ ငါသိပ်ချစ် ချစ်တဲ့ မိန်းကလေးက ငါ့ကို အခုလိုပြောတော့ ငါ ဘယ်လိုမှ မခံစားနိုင်ဘူးဟာ"

"ဘယ်လို"

သျှင်သွေး မကြားလို့ မေးတာမဟုတ်ပေ။ ထပ်ကြားချင်လို့ မေးမှန်း နန္ဒသိတာပေါ့။ ဒါကြောင့် –

"ဟုတ်တယ် သျှင်သွေး။ နင့်ကိုငါချစ်ယ်။ နင့်ကိုငါ အရမ်းချစ်တယ်"

"အဟွန်း"

သျှင်သွေး လှောင်ပြုံးပြုံးလိုက်ပြီးမှ –

"အဟား ဟား ဟား"

မချိပြုံးနဲ့ လှောင်ရယ် ပေါင်းစပ်ထားတဲ့ ခြောက်ကပ်ကပ်ရယ်နည်းမျိုးကို ထပ်ရယ်မိသည်လေ။ နန္ဒကပြောပြီပေါ့။ သျှင်သွေးကို အရမ်းချစ်တယ်တဲ့။ ကိုယ်မျှော်လင့်နေမိတဲ့အချိန်က ပြောရင်တော့ ဝမ်းသာအားရ ဖြစ်မိမှာလေ။

နှင် ငါ့ကိုချစ်တာ တကယ်လားလို့တောင် အငမ်းမရ မေး
ကောင်း မေးမိနိုင်သေးရဲ့။ အခုက သျှင်သွေး သူတို့သင်ပေး
တည်ငြိမ်ရင့်ကျက်စပြုနေပြီလေ။ အစ်ကိုဖြစ်သူက မနာကြီးလို့ မာန
တုံ့ပြန်လိုက်တယ်။

ညီဖြစ်သူက ဥပေက္ခာပြုနိုင်လို့ သျှင်သွေး ဥပေက္ခာနဲ့ ရ
ပြန်နိုင်အောင် ကြိုးစားတာရော ဆန်းသလား။ အခု သျှင်သွေးစိတ်ရေ
တည်ငြိမ်လာမှ ချစ်တယ်တဲ့။ တကယ့်ဟာသပါပဲ။

"သျှင်သွေး"

"-----"

"နှင်က ငါ့ကိုလှောင်တာလား။ မလှောင်ပါနဲ့ဟာ။ နှင် အဲဒီ
မရယ်ပါနဲ့"

"ဒီမှာ နန္ဒ"

"သျှင်သွေး"

"စောစောက နှင်ပြောလိုက်တဲ့စကားကို အရင်က
ကြားလိုက်ရင် ငါ ဝမ်းသာအားရဖြစ်မိမှာပါ။ အခုကတော့ ငါ ဝ
မသာဘူး"

နန္ဒရင်ထဲမှာ နင့်ပြီးရင်း နင့်ပါပဲ။ ပြောရက်လိုက်တာ
တော့ မပြောတော့ပါဘူး။ သူ့ဘက်က အမှန်၊ ကိုယ်တွေဘက်





မားနေခဲ့တာပဲလေ။ သူပြောသလိုပါပဲ၊ ကိုကိုက အတ္တသမား။ မာနကို
ကိုးကွယ်တဲ့လူ။

ကိုယ့်ကျတော့ –

သတ္တိမရှိခဲ့ဘူး မဟုတ်လား။

"ဘာကြောင့် ငါ ဝမ်းမသာလဲဆိုရင်"

"သျှင်သွေး။ နှင် အခုလိုပြောင်းလဲသွားတာ နေသဏ္ဍာန်
ကြောင့်လား"

"မဟုတ်ဘူး"

"ဒါဆို"

သျှင်သွေးက နန္ဒမျက်နှာကို စေ့စေ့ကြည့်ပြီး –

"အရင်က ငါ မစဉ်းစားမိခဲ့ဘူး။ အခုနောက်ပိုင်းမှာတော့
စဉ်းစားမိလာတယ်"

"ဘာကို စဉ်းစားမိတာလဲ သျှင်သွေး"

"နှင် ငါ့ကိုချစ်တယ်ဆိုတာ အသေးအမွှားလေးပါ။ နှင်က
နင့်အစ်ကိုကို ငါ့ထက်ပိုချစ်တာပဲ။ အဲဒီတော့ နင့်အစ်ကို ခဲပေါက်ပြ
ဘိုင်း"

"တော်တော့ သျှင်သွေး"

"----"

''နင် ဆက်မပြောနဲ့တော့''

''ဘာလဲ မှန်တာပြောလို့ မခံနိုင်တော့ဘူးလား''

''နင်ဟာ ကျွတ်''

နန္ဒ ရှေ့ဆက်ဆို ပိုမိတော့မယ်လေ။ ဒါကြောင့် သျှင်သွေး ရှေ့ကနေ ချာခနဲလှည့်ထွက်လာခဲ့တော့သည်သာ။

ပါးက နာကျင်မှုထက်

ရင်ထဲမှာ ပိုနာမိတယ် သျှင်သွေး။

✹



## အခန်း (၂၄)

''အား ကျွတ် ကျွတ်''

ဦးဆောင်းက ဆေးလိမ်းပေးတော့ နေသဏ္ဍာန်မျက်နှာလေး ရှုံ့တွပြီး ညည်းမိသည်လေ။ ဒသသရဲ့အချစ်ကို မီအောင်ချစ်မယ့်သူ ဆိုတော့ ဒါက အပျော့စားလေးလို့ပဲ သတ်မှတ်ထားရသည်ပေါ့လေ။ နောက်ထပ် ဘာတွေရင်ဆိုင်ရဦးမလဲ။

ဘာတွေပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ နေသဏ္ဍာန်ဆိုတဲ့ကောင်က မှုပေ။ သျှင်သွေးသစ္စာကို ပိုင်ဆိုင်ခွင့်ရဖို့အတွက် ကြိုးစားနေဦးမှာပါပဲ။

''မင်းကတော့ကွာ အပြင်ကြေပဲ။ ဖြူဖြူကျော်သိန်းက အတွင်းကြေ။ မင်းက လောလောဆယ်မှာ အပြင်ကြေပဲ''

''အပြင်ရော အတွင်းရော ကြေနေတာပါ ဦးဆောင်းရာ''

''မင်းဟာက အဲဒါဆို အသက်နေကွင်းထောင် မရှိတော့ ဘူးလား''

"အသက်ကတော့ ပြင်းပါတယ်။ ငါမသေဘူး ရေကူးတတ်တယ်ပေါ့"

ဦးမျိုးကြိုင် သက်ပြင်းချလိုက်မိသည်ပေါ့လေ။ သားအဖြစ်ကြည့်ပြီး ဘယ်လိုလုပ် စိတ်ချမ်းသာနိုင်မှာတဲ့လဲ။ ကိုယ့်သားက မချစ်နဲ့ ချစ်ပြီဆိုတော့ ဒသသရဲ့အချစ်မျိုးတဲ့။

မိဘကတော့ ကိုယ့်သားကိုပဲ မင်းသားဖြစ်စေချင်တာပေါ့လေ။

"သား"

"----"

"မလွယ်ရင်လည်း လက်လျှော့လိုက်ပါတော့လား သားရယ်"

"ဟာ"

"မိန်းမတွေ ပေါပါတယ်ကွ"

"ဖေဖေ ဘယ်လိုပြောလိုက်တာလဲ။ မိန်းမပေါတိုင်း ချစ်ရတာမှ မဟုတ်တာ။

ပြီးတော့ လွယ်လွယ်မရတာနဲ့ လက်လျှော့လိုက်ရင် သားသွေးကြောင်တဲ့ကောင် ဖြစ်သွားမှာပေါ့။ လွယ်လွယ်ရတာ ကိုလည်း သားမလိုချင်ဘူး"





"ခက်တယ်"

"ခက်တာကိုလွယ်အောင်လုပ်ဖို့ ဖွဲတော့ရှိရမှာပေါ့ ဖေဖေ။ အမည်ကိုက နေသဏ္ဍာန်။ ပူပြင်းချင်တာတော့ မဟုတ်ဘူး။ ကိုယ့်အသတ္တိမျိုးကို ဘယ်သူမှ လိုက်မမီအောင် တောက်ပချင်တာ"

ဦးမျိုးကြိုင် မဲ့ခနဲဖြစ်သွားပြီး –

"မင်းက ဘယ်နေရာမှာ တောက်ပချင်တာလဲ ပြောပါဦး"

"နေရာတိုင်းမှာပေါ့"

"လောလောဆယ်တော့ ဆိုးတဲ့ပေတဲ့နေရာမှာပဲ မင်းက တောက်ပနေတာ။ ဂျစ်ကန်ကန် ကျွတ်ဆတ်ဆတ်"

"ဆိုးတာတော့ ပယ်လိုက်ပါ"

"စီးပွားရေး ကြီးပွားရေး လူမှုရေးနယ်ပယ်မှာ တောက်ပအောင် လုပ်ပါတော့လား"

"တစ်နေ့နေ့တော့ ဖြစ်လာမှာပေါ့"

"××× တစ်နေ့နေ့တော့ ဖြစ်လာလိမ့်မယ် ××× သို့သော် ဘယ်နေမှန်းမသိ ××× အဟိ"

ဦးဆောင်းက သီချင်းတစ်ပိုင်းတစ်စကိုဆိုပြီး ရယ်လေလျှင်

"အံမယ် ဦးဆောင်းက ကျွန်တော့်ကို မယုံသက်ာနဲ့။ ကြိုးစားပြမယ် စောင့်ကြည့်"

"ကိုကြီးရေ ဒီမှာ သရဖီညီမဝင်းကွဲပါလာတယ်။ ပန်းရော
က သရဖီတို့အိမ်ကို တစ်ခါမှ မရောက်ဖူးတော့ လိုက်ချင်တယ်ဆို
ခေါ်လာတာ။ ညီအစ်မတွေ မတွေ့ရတာကြာတော့ အပေါ်ထပ်မှာ
အေးအေးဆေးဆေး စကားပြောလိုက်တော့မယ်နော်"

"အေးပါ အေးပါကွာ"

နေသဏ္ဍာန် ပန်းရောင်ကိုလိုက်ကြည့်မိလိုက်သည်လေ။ စိတ်
ဝင်စားလို့တော့ မဟုတ်ပါဘူး။ မြင်ဖူးသလိုလို ရှိနေလို့ပါ။ ဘယ်
မြင်ဖူးပါလိမ့်။

"အပေါ်ထပ်တက်မယ်၊ လာ ပန်းရောင်"

သရဖီ ပန်းရောင်ကို လက်ဆွဲခေါ်လာခဲ့တော့သည်
ပန်းရောင် အိမ်ကိုလာတာ အကြောင်းမဲ့တော့ မဟုတ်ပါဘူး။
သရဖီဆီမှာ အကြံတောင်းထားတာလေ။ သျှင်သွေးသစ္စာက
ပတ်သက်ပြီးတော့ပေါ့။

သရဖီ ခေါင်းက မကောင်းတာကြံဖို့ဆို ဉာဏ်တွေက
မြူးပါ့ ။ ပြီးတော့ သရဖီက ပန်းရောင်ကိုချစ်သည်လေ။ ပန်းရော
ပန်းရောင်ခံစားရတာတွေကို ပြောပြတော့ အဲဒီကိစ္စ မမတာဝန်
သျှင်သွေးသစ္စာကို အပြတ်ရှင်းပေးမယ်လို့ ပြောခဲ့သူပါ။ ညီမဖြ
ပတ်သက်ပြီး သျှင်သွေးသစ္စာဆိုတဲ့နာမည်ကိုတော့ သိသည်





သူကိုတော့ မမြင်ဖူးသေးပါဘူး။

"ကဲ ပန်းရောင်"

"ရှင် မမ"

"သျှင်သွေးသစ္စာကို ငါက မမြင်ဖူးတော့ မြင်ဖူးအောင်
အရင်လုပ်ရဦးမှာနော်"

"ပန်းရောင်ဖုန်းထဲမှာ သူ့ဓာတ်ပုံရှိတယ် မမ။ Facebook
ကနေ save ယူထားတာ။ သူနဲ့ပန်းရောင်က facebook မှာတော့
friend ဖြစ်နေတာ မမ"

"အေး ပြပါဦး"

ပန်းရောင်က ဖုန်းထဲမှာပုံတွေရှာပြီး –

"ဒီမှာ မမ၊ သူပေါ့"

သရဖီ ပန်းရောင်ပြတဲ့ပုံတွေကိုကြည့်ပြီး –

"ဟင်"

သရဖီ မျက်မှောင်ကြုတ်သွားရသည်လေ။ ဒီမျက်နှာမျိုးကို
မြင်ဖူးသလိုလိုပါပဲ။

"မမကို ပန်းရောင်မေးစရာရှိသေးတယ် သိလား"

"ဘာများလဲ ပန်းရောင်"

"အောက်ထပ်မှာ တွေ့ခဲ့တဲ့တစ်ယောက်က နေသဏ္ဍာန်

ဆိုတာလားဟင်''

''ဟုတ်တယ် ပန်းရောင်။ နေသဏ္ဌာန်ဆိုတဲ့အတိုင်း
အတွက် သူက နေလိုမီးလိုပူတဲ့ကောင်ပဲ''

''အရင်တုန်းက သူ ဆံပင်အရှည်ကြီးနဲ့လား''

''ဟုတ်ပါ့။ ဘီလူးလိုလို သရဲလိုလိုပုံစံနဲ့လေ။ ပန်းရောင်
သူ့ကိုသိလို့လား''

''သိတော့မသိဘူး မမ။ သိပ်မကြာသေးဘူး။ သူနဲ့ သျှင်
သစ္စာကို အင်းယားကန်မှာ ပန်းရောင်တွေ့ပြီးတွေ့ခဲ့တယ်။ အဲဒီတုန်း
ပန်းရောင် သျှင်သွေးသစ္စာနောက်ကို နောက်ယောင်ခံပြီးလိုက်ခဲ့
နေသဏ္ဌာန်က သျှင်သွေးကို ချစ်နေတာထင်တယ်''

''ဟင်''

''သျှင်သွေးသစ္စာက သူ့မှာ ချစ်သူရှိတယ်။ သူ့ချစ်
ဘုန်းနန္ဒလို့ပြောလို့ ပန်းရောင်လည်းသိခဲ့တာ မမ''

ဒါဆိုသေချာပါပြီ။ နေသဏ္ဌာန် အရူးအမူးဖြစ်နေတဲ့
မလေးက သျှင်သွေးသစ္စာပေါ့။ သျှင်သွေးသစ္စာက ကိုယ့်ည
အသည်းကိုမှ ပိုင်ဆိုင်ခွင့်ရသူ။ နေသဏ္ဌာန်ကတော့ ကိုယ်နဲ့ရန်
တွေကြသေးတာပေါ့။

မြားတစ်ချောင်းတည်းနဲ့ ငှက်နှစ်ကောင်ကို မှန်အောင်





ယ်။ အဲ ဘုန်းနန္ဒနဲ့ဆို ငှက်သုံးကောင်ပေါ့။ သျှင်သွေးသစ္စာကသော၊
နေသဏ္ဌာန်နဲ့ ဘုန်းနန္ဒက ရူးရင်ရူး မရူးရင် ဘဝပျက်ကြ။ အနည်းဆုံး
တော့ စိတ်ထောင်းလို့ ကိုယ်ကြေဘဝနဲ့ နလန်မထူနိုင်ကြဘူးပေါ့လေ။

''ပန်းရောင်''

''ရှင် မမ''

''မမနဲ့ခဏလိုက်ခဲ့''

ပြောပြီ သရဖီက ရှေ့မှထွက်သွားတော့ ပန်းရောင်လည်း
လိုက်ခဲ့ရသည်ပေါ့လေ။ ပန်းရောင်ကို သရဖီခေါ်သွားတာ နေသဏ္ဌာန်
အခန်းထဲကိုပါ။ သရဖီ ဟိုနေ့က ဒီအခန်းထဲကို ဝင်ခဲ့ဖူးသည်လေ။
ကိုကြီးကအတင်းခေါ်လို့ ပါလာခဲ့တာပေါ့။

သူ့သားအရမ်းချစ်နေတဲ့ကောင်မလေးရဲ့ပုံကို ပြတာလေ။

''ဟိုမှာကြည့် ပန်းရောင်။ အဲဒါ သျှင်သွေးသစ္စာ မဟုတ်
လား''

-ပန်းရောင် သရဖီလက်ညှိုးထိုးပြရာကိုကြည့်ပြီး အံ့ဩသွား
သည်သာ။ သျှင်သွေးသစ္စာမှ သျှင်သွေးသစ္စာ အစစ်ပါပဲ။ ဖုန်းကို
ကိုင်ပြီး ရှေ့မှာရှိနေတဲ့ တစ်ယောက်ယောက်ကို ဓာတ်ပုံရိုက်ပေးနေတဲ့
လေ။ နေသဏ္ဌာန်ကလည်း သျှင်သွေးသစ္စာကို အဲဒီလောက်တောင်
ချစ်သတဲ့လား။

"မနာလိုစရာကောင်းလိုက်တာ"

သရဖီ ပန်းရောင်ပခုံးကိုဖက်လိုက်ပြီး –

"မနာလိုမဖြစ်ပါနဲ့ ညီမရယ်။ အခုသာ မနာလိုစရာ ကောင်း လောက်အောင် သူက ယောကျ်ားနှစ်ယောက်ရဲ့အချစ်ကို ခံနေရတာ မကြာခင် သူ့ဘဝက ဇာတ်သိမ်းရမှာပါ"

"မမ"

"ဟင်"

"မမက ဘာလိုလုပ်မယ် စိတ်ကူးထားလဲဟင်"

"မသိချင်စမ်းပါနဲ့ ကလေးရယ်။ အေးအေးဆေးဆေး နေစမ်းပါ"

"ဟုတ်ကဲ့ပါ မမ"

"ပန်းရောင်အတွက် သျှင်သွေးသစ္စာက ပျောက်ကွယ်ပေ ဖြစ်သလို မမဘဝမှာလည်း နေသဏ္ဍာန်က ဆူးငြှော့ငှခလုတ်ပ"

ပန်းရောင်တစ်ယောက် သရဖီ့စကားကို သဘောကျသ သည်လေ။

ဟုတ်တယ်။ သျှင်သွေးသစ္စာက လူ့လောကထဲက ပျောက်ကွယ်သွားမှ အေးမှာ။



## အခန်း (၂၅)

ဖုန်းကိုကောက်ကိုင်လိုက် ပြန်ချလိုက်နှင့် သျှင်သွေး စိတ်တွေ ငြိမ်ပေ။ နေသဏ္ဍာန် ခံလိုက်ရတာ သက်သာတာမှ မဟုတ်တာ။ မြင်ခဲ့ရတဲ့မြင်ကွင်းကြောင့် စိတ်မကောင်းဖြစ်မိတာတော့ အမှန်ပါပဲ။ နီးဆက်ပြီးတောင် သတင်းမေးဖော်မရတာ ကိုယ် တာဝန်မဲ့လွန်းရာ ကျနေပြီလား။

ဟိုတွေး ဒီတွေးနဲ့ –

နှစ်ရက်သာကြာလာတယ် သတင်းမမေးဖြစ်ဘူးလေ။ သူ တော်တော်များ နာကျင်ခံစားနေရမလား။ သူ့ကို ပြန်မချစ်နိုင်ပေမယ့် ချန်သူမှ မဟုတ်ပဲလေ။ သတင်းတော့ မေးသင့်တာပေါ့။

ဟူး သူ့ဖုန်းနံပါတ်ကို သျှင်သွေးမှမသိတာ။ အန်တီလေး
သိတာလေ။ အန်တီလေးဆီမှာ ဖုန်းနံပါတ်တောင်းရင် ဟိုမေး ဒီမေး
မေးဦးမှာ အသေအချာပါပဲ။ နေပါစေတော့။

"တူမလေး"

"––––"

"ခဏလေး ခဏလေးကိုင်ထားဦးနော် သား"

စိမ့် ဖုန်းပြောနေရင်းမှ သျှင်သွေးဆီသို့ လျှောက်လာ

"တူမလေး၊ နေသဏ္ဍာန်က တူမလေးနဲ့ ခဏလော
ဖုန်းပြောချင်လို့တဲ့။ ပြောလိုက်ပါကွယ်နော်"

စိမ့်က ဖုန်းကမ်းပေးပေမယ့် သျှင်သွေး မယူပေ။ စောစော
ဖုန်းဆက်ဖို့ စိတ်ကူးနေပေမယ့် အခုကျတော့ စိတ်ထဲ တစ်မျိုးပ
သူ ဘာများပြောမလဲလို့ပေါ့။

"ရော့ ယူပါ တူမလေးရဲ့။ ခဏဖြစ်ဖြစ် ပြောလိုက်ပါနေ

စိမ့်က ဖုန်းကို သျှင်သွေးလက်ထဲသို့ အတင်းထည့်ပေးသ
လေ။ သျှင်သွေး ဖုန်းကို နားမှာ ကပ်လိုက်ပြီး –

"ဟယ်လို"

"သျှင်သွေး"

သျှင်သွေး တံတွေးမျိုချလိုက်ပြီး –





"ရှင် . . . ဘာပြောမလို့လဲ နေသဏ္ဍာန်"

"နေနိုင်လိုက်တာနော်။ ကိုယ် ဒဏ်ရာဒီလောက်ရထားတာ
တောင် သတင်းမေးဖော်မရဘူး။ ဒဏ်ရာတွေ သက်သာရဲ့လား
ဘယ်လိုနေသေးလဲလို့ မင်းမေးလာမယ့်အသံကို ကိုယ်မျှော်လင့်နေခဲ့
တာ"

"နေသဏ္ဍာန်"

"ပြောလေ သျှင်သွေး။ ကိုယ်နားထောင်နေပါတယ်"

"ရှင် ရှင် ကျွန်မကို မေ့နိုင်အောင်ကြိုးစားပါ"

နေသဏ္ဍာန်ဘက်က အသံတိတ်သွားလေတော့သည်ပေါ့။
ငြိမ်သက်သွားပြီး ခဏကြာမှ –

"ကိုယ် မင်းကိုချစ်ခဲ့တာ မေ့ဖို့မှမဟုတ်ပဲ သျှင်သွေးသစ္စာ"

"အချစ်ဆိုတာ ကံစမ်းမဲဖောက်လို့မရတဲ့အရာဆိုတော့"

"ကံစမ်းမဲဖောက်စရာမလိုပါဘူး။ ကိုယ်က မင်းတုံ့ပြန်လာ
မယ့် ချစ်ခြင်းကို မျှော်လင့်နေသူမှ မဟုတ်တာ။ ကိုယ်က ချစ်နေရရင်
ဦးရောပဲလေ"

"ရှင် စိတ်ဆင်းရဲရလိမ့်မယ် နေသဏ္ဍာန်"

"မင်းနဲ့ပတ်သက်သမျှ ဆင်းရဲဒုက္ခအားလုံးကို ကိုယ် ရင်ဆိုင်
ခံမယ်"

သျှင်သေါ်၊ ခေါ်ငင်းခါလိုက်တာကို နေသဏ္ဍာန်ကတော့ မမြ
နိုင်ပေ။

မြင်နေရတဲ့စိမ့်ကတော့ သက်ပြင်းချမိတော့သည်သာ။ ဘယ်
သူ့ကိုသနားပြီး ဘယ်သူ့ကို ရွေးချယ်ပါလို့ ပြောမထွက်အောင်ကိုပဲ
သုံးယောက်စလုံးကတော့ သျှင်သွေးကို ချစ်နေကြတာပဲလေ။

ချစ်ကြပုံချင်းတော့ မတူဘူးပေါ့။

စိမ့်သဘောအရဆို ဘုန်းသိခ်ကို အားမရပေ။ ဘုန်းနန္ဒ
သနားသည်လေ။ သူ့ခမျာ သျှင်သွေးကို ချစ်လျက်နဲ့ အစ်ကို
ငဲ့နေရရှာတာ မဟုတ်လား။ နေသဏ္ဍာန်ကတော့ နောက်မှပေါက်
ရွှေကြာပင်ပဲလေ။ သူ့အချစ်ကိုလေးစားပေမယ့် ဖြစ်မှမဖြစ်နိုင်တ

"သျှင်သွေးသစ္စာ"

"ပြောပါ နေသဏ္ဍာန်"

"ကိုယ်နဲ့စကားပြောရတာ စိတ်အနှောင့်အယှက်ဖြစ်သ
လား"

"အဲဒီလိုတော့ မဖြစ်ပါဘူး"

"ကျေးဇူးပါ"

"ရပါတယ်"

"ကိုယ် ဖုန်းချလိုက်တော့မယ်"





နေသဏ္ဍာန် ကိုယ့်ဘက်ကစပြီး ဖုန်းချပစ်လိုက်တော့သည်
သာ။ ကိုယ်က မဖြစ်နိုင်တာကိုမျှော်လင့်ပြီး ဖုန်းဆက်ခဲ့တာ မဟုတ်
သား။ နေသဏ္ဍာန် ကြားချင်တာက ကိုယ့်ကို သျှင်သွေးက ဘယ်လို
နေသေးလဲ၊ ဒဏ်ရာသက်သာလားဆိုတဲ့ အသံလေ။

တကယ်ဆို –

စိုးရိမ်ပူပန်စိတ်နဲ့ မမေးတောင် လူမှုရေးအရတော့ မေးသင့်
တာပေါ့။

# အခန်း (၂၆)

သျှင်သွေး စိတ်ညစ်ညစ်နှင့် ခြံထဲက ခုံတန်းလေးမှာ ထိုင်... မိသည်လေ။ ခုံတန်းလေးက ကံ့ကော်ပင်လေးအောက်မှာ လုပ်ထ... တာပါ။ ကံ့ကော်ပင်လေးဆိုတာ အပင်အမြင့်ကြီးမဟုတ်လို့ ပြော... ပါလေ။ အပင်က ခပ်နိမ့်နိမ့်ပါပဲ။ ငါးကိုက်နီးပါးလောက်ပဲ ရှိ... ထင်ပါရဲ့။

သျှင်သွေးရဲ့စိတ်တွေ –

အခုတလောမှာပဲ ပြောင်းလဲသွားတာ ကိုယ့်ကိုယ်ကိုယ်... မယုံချင်တော့ပါဘူး။ သူတို့သင်ပေးလို့ တတ်တယ်ပဲပြောရမလ... အချစ်ဆိုတာကို နာနာကြည်းကြည်း ဖြစ်လာတာလေ။ ကိုယ် မျှော်... တာတွေ ဖြစ်မလာလို့ပဲ စိတ်ပျက်သွားတာလား။





ဘာတွေမှန်းမသိအောင်ပဲ စိတ်တွေ ရှုပ်ထွေးနေတော့သည် သာ။

“ရှပ် ရှပ် ရှပ်”

သျှင်သွေးရဲ့နားထဲသို့ ခြေသံသဲ့သဲ့ တိုးဝင်လာသည်လေ။

“ရှပ် ရှပ် ရှပ်”

“– – – –”

“ရှပ် ရှပ် ရှပ်”

ခြေသံက သျှင်သွေးနဲ့ တဖြေးဖြေးနီးကပ်လာပြီမို့ သျှင်သွေး လှည့်ကြည့်လိုက်မိတော့ . . . ဩော် . . . ဘုန်းသိခ်ကို။

သူက သျှင်သွေးရှေ့မှာ ရပ်လိုက်ပြီး –

“သျှင်သွေး”

သျှင်သွေးက မေးဆတ်ပြပြီး ထူးဟန်ပြလိုက်သည်လေ။

“နင့်ကိုငါ ပြောပြစရာရှိလို့ လာခဲ့တာ”

“ထိုင်လေ”

သိခ်က ခေါင်းညိတ်ပြပြီး သျှင်သွေးဘေးမှာ ဝင်ထိုင်လိုက် တာ –

“ပြောစရာရှိတာထက် ဝန်ခံစရာရှိတယ်လို့ ပြောရင် ပိုမှန် မယ်”

"ပြောပါ"

သိခ် သျှင်သွေးဘက်သို့ ကိုယ်ကို စောင်းထိုင်လိုက်တော့သည်လေ။ ပြီးတော့ သျှင်သွေးမျက်နှာကို ခပ်ငေးငေးလေးကြည့်ပြီး–

"နင့်ကို မွေးနေ့လက်ဆောင်ပေးတဲ့ လော့ကတ်သီးပုံစံလေး အကြောင်း ပြောပြမလို့ပါ။ အဲဒီနေ့က နင်မေးခဲ့တယ်။ ဒီအသည်းပုံ ကျောက်ခဲလေးကို နင် ဘယ်ကရလာတာလဲတဲ့"

အသည်းပုံကျောက်ခဲလေးအကြောင်းပြောတော့ သျှင်သွေး စိတ်ဝင်စားသွားသည်လေ။ မျက်လုံးလေးတွေ ကြည်လင်တောက်လာပြီး –

"ပြောပါ သိခ်"

"ငါ နင့်ကို ကျောက်ခဲနဲ့ပေါက်လို့ နင့်နဖူး အာလူးသီးထွက်တဲ့နေ့ကပေါ့"

သူပြောပြလိုက်တာနှင့် သျှင်သွေး အဲဒီနေ့က အဖြစ်အပျက်ခန့် သတိရသွားမိသည်သာ။

အဲဒီနေ့က –

သျှင်သွေးတို့အိမ်မှာ မုန့်ဟင်းခါးချက်စားလို့ သိခ်တို့အိမ်ကို လာခဲ့တာလေ။ ရွက်လှပန်းအိုးလေးတွေ ချထားတဲ့နေရာ ဖြတ်အလျှောက် –





"ဒေါက်"

"အား"

နဖူးဆီမှာ ပူခနဲဖြစ်သွားပြီး သျှင်သွေးနဖူးကို လက်ဝါးနှင့် အုပ်ကာ ငိုပါတော့သည်လေ။ မငိုဘဲနေပါ့မလား။ ပူခနဲဖြစ်သွားပြီး ဘက်ထဲက ချိုင့်လွှတ်ချမိတဲ့အထိ နာကျင်သွားတာပါ။ နောက်ရက် တွေဆိုပဲ နဖူးမှာ အဖုကြီးနဲ့ တော်တော်ခံစားခဲ့ရသည်လေ။

သိခ်က –

သျှင်သွေးလာတာကိုမြင်လို့ ရွက်လှပန်းအိုးဘေးကို ပြေးပုန်း လိုက်တာပါ။ ကျောက်ခဲနဲ့ပစ်မယ်ဆိုပြီး ကျောက်ခဲရှာလိုက်တော့ တွေ့တဲ့ကျောက်ခဲက ဖြူဖြူပြားပြားလေးပါ။ ဖြူတာမှ ဖြူဖြူဖွေးဖွေး ကျောက်ခဲလေးလေ။ ပြားပြားလေးဆိုတော့ ကျောက်ပြားလေးပဲ ပြောပါတော့။

ပစ်တုန်းကပစ်ပြီး သျှင်သွေးနာလို့ငိုတော့ သနားသွားရသည်သာ။

"အီး ဟီး ဟီး"

"သျှင်သွေး"

"မေမေရေ ဟီး"

"ဟာ သျှင်သွေး … ငါကစပြီး ပစ်လိုက်တာဟ။ တော်

တော်နာသွားလားဟင်''

''နာတာပေါ့ ဟီး မေမေရေ''

''သျှင်သွေး အသံပြကြီးနဲ့ဟာ''

''ဟဲ့၊ သျှင်သွေး ဘာဖြစ်တာလဲ သား''

အကြောင်းရင်းကိုပြောပြတော့ သိခ်မေမေက သိခ်ကို ဆူတော့သည်လေ။ ဆူမှာပေါ့ ခံလိုက်ရတဲ့သူက သက်သာတာ မဟုတ်တာ။ ပြီးတော့ မေမေက သျှင်သွေးကိုချစ်တယ်လေ။

''နင် မှတ်မိလား သျှင်သွေး''

''မှတ်မိပါတယ်။ နှစ်တွေ သိပ်ကြာသေးတာမှ မဟုတ်တာ သုံးနှစ်လောက်တော့ ရှိပြီထင်တာပဲ''

''နင် ငါ့ကြောင့် နာကျင်သွားရတာဆိုပြီး ငါ နင့်ကို သနား သွားခဲ့တယ်''

''ဩော်''

''ပြီးတော့၊ အဲဒီကျောက်ခဲလေးကို ကောက်ပြီး သိမ်းထား ခဲ့တယ်။ နောက်တော့ အသည်းပုံလေးဖြစ်အောင် ငါသွေးထားခဲ့တာ''

သျှင်သွေး သိခ်မျက်နှာကို ခပ်ငေးငေးလေး ပြန်ကြည့်မိသည် လေ။ သျှင်သွေးကို ပစ်ခဲ့မိတဲ့ ကျောက်ခဲကို အသည်းပုံဖြစ်အောင် သွေးထားခဲ့တယ်တဲ့လား။ ဒါ သျှင်သွေးကို ချစ်လို့လုပ်ပေးခဲ့တာလား





အဲဒီလောက် ချစ်တတ်ပြီးမှ –

အဲဒီအချစ်ကို ဘာကြောင့် မာနနဲ့ ဖုံးကွယ်ထားခဲ့တာလဲ သိခ်။ မာနဆိုတာ အရောင်တင်တိုင်း ကောင်းတာမှမဟုတ်တာ။ အရောင်ရင့်လေ လူတွေ မနှစ်သက်ကြလေပဲဆိုတာ မသိဘူးလား။

''အဲဒီလို ငါ လုပ်ပေးခဲ့မိတာ''

သိခ်က စကားကို ဖြတ်ထားလေတော့ –

''ဆက်ပြောပါ သိခ်''

''နင့်ကို ချစ်လို့ပေါ့ သျှင်သွေး။ ငါ မပြောလည်း နင်သိနေပြီး သားပါ''

''ငါ သိနေပြီးသားဆိုပြီး နင်က ငါ့ကို မိန်းကလေးတန်မဲ့ အရင်က စပြီး ချစ်တယ်လို့ ပြောစေချင်တာလား သိခ်''

''အဲဒီလိုတော့ မဟုတ်ဘူး သျှင်သွေး''

''ဒါဆို''

''ငါဖွင့်ပြောလာမယ့်နေ့အထိ နင် ငါ့အပေါ် သစ္စာရှိရှိ စောင့်နေပေးစေချင်တာ''

''ဩော်''

ဩော်ဆိုပြီး သျှင်သွေးဆီက ဘာစကားသံမှ ထပ်ထွက် မလာပေ။ သိခ်ကတော့ မျှော်လင့်နေသည်လေ။ သျှင်သွေးနှုတ်က

တစ်ခုခု ပြန်ပြောလာလေမလားလို့ပေါ့။ သူမျှော်လင့်ပေမယ့် သျှင်သွေ
က ဘာမှပြောမလာတော့ –

''နင့်မှာ ငါ့ကို ပြန်ပြောစရာစကား မရှိတော့ဘူးလား
သျှင်သွေး''

''ပြောစရာ စကားမရှိလို့ မပြောတာ မဟုတ်ဘူး သ
ပြောချင်တာတွေများလွန်းလို့ မျိုသိပ်လိုက်တာပါ''

''ပြောစရာရှိရင်ပြောပါ သျှင်သွေး။ ပြောမထွက်ရလော
အောင် ဘယ်လောက်ဆိုးတဲ့စကားတွေမို့လို့လဲ''

သျှင်သွေးက ခေါင်းခါလိုက်ပြီး –

''ငါ တစ်ခုပဲမေးမယ်''

''ဘာလဲ''

''အခု ငါက နင့်အပေါ် သစ္စာမရှိဘူးလို့ စွပ်စွဲလိုက်တာ
သိမ်''

''ငါစွပ်စွဲတာမဟုတ်ဘူး။ အတိအကျပြောတာ''

''ဘယ်သူနဲ့ငါ သစ္စာဖောက်တာလဲ။ နန္ဒနဲ့လား''

''နေသဏ္ဍာန်နဲ့ရောပဲ။ နင့်စိတ်က နားလည်ရခက်နေ

''အဲဒါတော့ ငါဝန်ခံပါတယ်။ ငါ့စိတ်ကို ငါကိုယ်တိုင်
နားမလည်ဖြစ်နေတာ။ နေသဏ္ဍာန်ကို ထည့်မတွေးနဲ့။ နင်





အစ်ကိုအပေါ်မှာတောင် ဝေခွဲမရဖြစ်နေတာ။ အဲဒါ အရိုးသားဆုံး
ဝန်ခံတာပဲ သိမ်''

''အဲဒီလို ဝေခွဲမရတာကိုက သစ္စာဖောက်ခြင်းပဲပေါ့''

သျှင်သွေး မငြင်းပါဘူး။ ပြောချင်သလိုပြောပေါ့။ သူ
ကောင်းလို့ ကိုယ်မတော်တာပါလို့ပြောရင် စကားလုံး စစ်ပွဲတွေ
ပြင်းထန်ဦးမယ်လေ။ ဖြေရှင်းတယ်ဆိုတာ လိမ်ညာသူတွေလုပ်တဲ့
အလုပ်ပဲလေ။

သျှင်သွေးက လိမ်ညာနေတဲ့သူမှ မဟုတ်တာ။

''နင် မဖြေရှင်းတော့ဘူးလား သျှင်သွေး''

သျှင်သွေး ခေါင်းခါလိုက်ပြီးမှ –

''နင်က ရာမမင်းသားနေရာမှာ အပီအပြင်ကပြတော့မယ်
ထင်တယ်''

''ဘယ်လိုသျှင်သွေး''

''ငါ့ကို မီးပုံနင်းပြီး သစ္စာဆိုခိုင်းဖို့ အစီအစဉ်ရောရှိလား
သိမ်''

ဒါ သက်သက်ရွဲ့တာပဲ။ ကိုယ့်ချစ်ခြင်းမေတ္တာကို အလေး
ထားလို့ မေးလိုက်တာပဲလေ။ တကယ်ဆို ကိုယ်က ခွင့်မလွှတ်လို့
မီးပုံကို နင်းခိုင်းလည်း နင်းပြီး သစ္စာဆိုပြရဲရမှာပေါ့။ ဒါကမှ အချစ်စစ်။

အခုတော့ –

ရာဇဝင်ထဲက ရာမမင်းသားကိုတော့ အားနာပါရဲ့။

"အဲဒီလို ရှုံးကြောင်ကြောင်အလုပ် ငါ ဘယ်တော့မှ မလု
ဘူး သျှင်သွေး။ အဲဒါ နင်မြဲမြဲမှတ်ထား"

✿



## အခန်း (၂၇)

နန္ဒ သျှင်သွေးနဲ့မျက်နှာချင်းမဆိုင်ဘဲ ရှောင်နေတဲ့ရက်တွေက
နေလို့မရပေ။ ရင်ထဲမှာ ဟာတိဟာတာနဲ့ ဘာလိုမှန်းမသိ လိုနေတာ
လေ။ ဒါကြောင့် အစားအသောက်တွေပဲ ပိုစားဖြစ်ခဲ့သည်ပေါ့။ စားလို့
စား သောက်လို့သာ သောက်နေရတယ်။

စားသမျှ သောက်သမျှ အရသာမရှိသလိုပါပဲ။ ဒီနေ့တော့
ဘာပဲဖြစ်ဖြစ် သျှင်သွေးကို တောင်းပန်မယ်။ သျှင်သွေး ကျေနပ်တဲ့
အထိပေါ့။ သျှင်သွေးပြောသမျှ ခေါင်းညိတ်ပေးမယ်ဆိုတဲ့အတွေးနဲ့
သျှင်သွေးဆီသို့လာခဲ့ရာ –

"တူမလေး ကားကို ဖြည်းဖြည်းမောင်းနော်"

"ဟုတ်ကဲ့ အန်တီလေး"

သျှင်သွေးကားပေါ်သို့တက်ကာနီးတွင် –

"သျှင်သွေး"

"------"

"သျှင်သွေး နေဦး"

နန္ဒက သျှင်သွေးအနားသို့ အပြေးရောက်လာပြီး –

"နင် ဘယ်သွားမလို့လဲ သျှင်သွေး"

"မြို့ထဲ"

"ငါလိုက်ပို့မယ်"

သျှင်သွေးက သူ့မျက်နှာကို မော့ကြည့်လိုက်တော့ –

"နော်"

သျှင်သွေး ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဘဲ ကား သို့ တက်လိုက်သည်လေ။ မောင်းသူနေရာကို တက်ထိုင်တာမ လေတော့ နန္ဒသဘောပေါက်ကာ မျက်နှာလေး ဝင်းပသွားသည်

မောင်းသူနေရာကို ချန်လှပ်ပေးထားမှတော့ နန္ဒကို မေ နိုင်းတာပေါ့။ ဒါကြောင့် နန္ဒ ကားပေါ်သို့တက်ကာ မောင်းခဲ့တော့ လေ။

"ဘယ်ကိုလိုက်ပို့ပေးရမလဲ သျှင်သွေး"





"ပြည်သူ့ရင်ပြင်"

"ဘာသွားလုပ်မှာလဲ"

"သွားကစားမလို့လေ။ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ပေါ့"

"ဟင်"

ပြည်သူ့ရင်ပြင်မှာ သွားကစားမလို့ဆိုပြီး ထွက်လာတော့ တစ်ယောက်တည်းပါလား။ ကိုယ်သာပါမလာရင် တစ်ယောက်တည်း ပဲလေ။

"သူငယ်ချင်းတွေနဲ့ ချိန်းထားလို့လား"

"ဟုတ်တယ်"

"ဘာဟုတ်တာလဲ"

"သူငယ်ချင်းတွေနဲ့ ချိန်းထားတယ်"

"သြော်"

အဲဒီကနေ နှစ်ယောက်သား စကားမဆက်ဖြစ်ဘဲ တိတ်ဆိတ်သွားကြတော့သည်လေ။ တစ်လမ်းလုံး စကားမပြောဖြစ်တော့တာ ပြည်သူ့ရင်ပြင်ရောက်တဲ့အထိပါ။ နှစ်ယောက်သား ကားပေါ်က ဆင်းပြီး လျှောက်လာခဲ့စဉ် –

"သျှင်သွေး"

"-----"

"သျှင်သွေးသစ္စာ"

"ဟင်"

အသံကြားရာဆီသို့ လှည့်ကြည့်လိုက်တော့ –

"နေသဏ္ဍာန်"

နေသဏ္ဍာန်က သျှင်သွေးဆီသို့လျှောက်လာပြီး –

"သျှင်သွေး ဒီကိုလာမယ်ဆိုတာ သိလို့ ကိုယ်လာစောင့်နေတာ"

"ဟင် ဘယ်လိုသိတာလဲ"

"အစကတော့ သျှင်သွေးကိုသတိရလို့ သျှင်သွေးအကြောင်း စုံစမ်းမိတာပါ။ သျှင်သွေး ပြည်သူ့ရင်ပြင်သွားတယ်တဲ့"

သျှင်သွေး သိလိုက်ပါပြီ။ နေသဏ္ဍာန်က သျှင်သွေး ဖုန်းဆက်ချင်ရင် သျှင်သွေးဆီ တိုက်ရိုက် တစ်ခါမှ မဆက်ဘူးလေ အန်တီလေးဆီကိုပဲ ဆက်တာမဟုတ်လား။ အန်တီလေးပြောလိုက် ဖြစ်မှာပေါ့။ အန်တီလေးကနေတစ်ဆင့် ဖုန်းဆက်တယ်ဆိုတာ အန်တီလေးဆီက ခွင့်ပြုချက်ကိုယူလိုက်တာပဲလေ။

နေသဏ္ဍာန်က . . . အဲဒီလို အကင်းပါးသူပါ။

"ဩော် . . . ဘုန်းနန္ဒလည်း ပါလာတာ မေ့သွားတ





ဆောရီးပါ ဘုန်းနန္ဒ"

"ရပါတယ် နေသဏ္ဍာန်"

"ကဲ တစ်ခုခုတော့ လိုက်စားကြ။ ဆိုင်တစ်ဆိုင်ဆိုင် သွားရအောင်"

"နေပါစေ နေသဏ္ဍာန်"

နေသဏ္ဍာန် လွင့်ခနဲ ပြုံးလိုက်ပြီး –

"မျက်နှာချင်းဆိုင်ထိုင်ရုံလောက်ကို သဘောထားကြီးမပေးနိုင်ဘူးလား ဘုန်းနန္ဒ"

"ဟာ အဲဒီလိုမဟုတ်ဘူး နေသဏ္ဍာန်"

"ဒါဆို လိုက်ခဲ့ပါ"

သျှင်သွေးနဲ့ ဘုန်းနန္ဒ အကြည့်ချင်းဆုံသွားကြသည်လေ။ နန္ဒ ခေါင်းညိတ်ပြတော့ သျှင်သွေး ပြုံးမိသည်ပေါ့။ ပြီးတော့ နေသဏ္ဍာန်နောက်ကနေ လိုက်ခဲ့ကြသည်ပေါ့လေ။

ညီအစ်ကိုဆိုပေမယ့် –

သိခ်နဲ့နန္ဒက စိတ်ချင်းသိပ်မတူကြပေ။ ရုပ်ချင်းကတော့ ခပ်ဆင်ဆင်တူပါရဲ့။ ဒီနေရာမှာ သိခ်သာဆိုရင် ပြဿနာဖြစ်မှာကြိမ်းသေ သိခ်က နန္ဒလောက်မှ သဘောထားမကြီးသူပဲလေ။

နန္ဒက –

သျှင်သွေးအနားသို့ကပ်ပြီး ခပ်တိုးတိုးမေးလိုက်သည်မှာ-

''သျှင်သွေး''

''ဟင်''

''ငါ ရှောင်ပေးရမလား''

''မလိုပါဘူး''

စကားက တိုတိုပြတ်ပြတ်ပါ။ ရှေ့ဆက်လည်း မပြောဖြစ်ကြ တော့ပါဘူး။ သျှင်သွေးက စားသောက်ဆိုင်တွေဘက် ရောက်တော့ ဓာတ်ပုံရိုက်ပြီး ထုံးစံအတိုင်း ဖိသနာအရ facebook မှာတင်လိုက် သည်ဆိုရင်ပဲ -

''ဟင်''

သျှင်သွေးသစ္စာ Account မှတက်လာတဲ့ post ကိုမြင် လိုက်တော့ ပန်းရောင် စိတ်လှုပ်ရှားသွားရသည်ပေါ့လေ။ သူ အ ဘယ်သူနဲ့အတူရှိနေမလဲ။ ဘုန်းနန္ဒနဲ့လား။

''ဟာ''

ဟိုတွေး ဒီတွေးနဲ့တက်လာတဲ့ post တွေကို လျှောက်ကြ နေတုန်းရှိသေး သျှင်သွေးသစ္စာနဲ့ ဘုန်းနန္ဒ နှစ်ယောက်အတူ ရိုက်ထ တဲ့ပုံ တက်လာပြန်သည်လေ။

ဘာတဲ့





သူငယ်ချင်းတွေ ပြည်သူ့ရင်ပြင်ရောက်နေသည်တဲ့။

''တောက်''

မနာလိုစရာကောင်းလိုက်တာ။ ပန်းရောင် မမသရဖီဆီသို့ နံးခေါ်လိုက်ပြီး -

''မမ သျှင်သွေးသစ္စာနဲ့ ဘုန်းနန္ဒ ပြည်သူ့ရင်ပြင်ကို ရောက် နေတယ် သိလား''

''သိပါတယ်၊ ငါလည်း အခု ပြည်သူ့ရင်ပြင်ကိုရောက်နေ တာ။ သူတို့အခြေအနေကို စောင့်ကြည့်နေတာ ပန်းရောင်''

''ဟင် မမက ဘယ်လိုလုပ်ပြီးသိတာလဲ''

''နေသဏ္ဍာန် သူ့အဖေကိုပြောပြနေတာကို ကြားတာလေ။ ပြည်သူ့ရင်ပြင်မှာ သျှင်သွေးသစ္စာနဲ့ သွားတွေ့မလို့တဲ့''

''ဟင် ဒါဆို နေသဏ္ဍာန်လည်း သွားတယ်ပေါ့''

''ဟုတ်တယ်၊ အခု သူတို့သုံးယောက် အတူတူရှိနေတယ်။ အဲဒါ ငါ့အတွက် အခွင့်အရေးပဲပေါ့''

''မမ ဘယ်လိုလုပ်မှာလဲ''

''ငါ ဘာလုပ်မယ်ဆိုတာ နင်စောင့်ကြည့်လိုက်ပေါ့ ပန်းရောင်''

''----''

"ဒါနဲ့ နင် ဘုန်းနန္ဒရဲ့ဖုန်းနံပါတ်ကို သိလား"

"သိတယ် မမ၊ မသိရင် ပန်းရောင်ညှို့ရာကျသွားမှာပေါ့"

"ဒါဆို သူ့ဖုန်းနံပါတ် ငါ့ကိုပေး"

ပန်းရောင် ဘုန်းနန္ဒရဲ့ ဖုန်းနံပါတ်ကို ပြောပြလိုက်တော့သည်လေ။

မမသာရဖီတစ်ယောက် –

ဘယ်လိုတွေ ကြံစည်လို့ ဘယ်သူ့အကြောင်း ဘယ်ငံ သတင်းကြားရမလဲတော့မသိပေ။



## အခန်း (၂၈)

နေသဏ္ဌာန်က ကြိုက်တာမှာစားကြ။ ကျသင့်တဲ့ငွေ သူရှင်းမယ်ဆိုတော့ နန္ဒ စားသာစားရတယ် မျိုမကျပေ။ ကိုယ်က သူ့ကို ဒဏ်ရာရပြီး နာကျင်စေအောင် လုပ်ခဲ့သူပဲလေ။ ဒါကြောင့် အားလည်းနာ မျက်နှာလည်း ပူရသည်ပေါ့။

"နန္ဒ"

"ဟင်"

"စားလေ"

"အင်း စားပါတယ်"

"မင်း ငါ့ကို အားနာနေစရာမလိုဘူးနော် ဘုန်းနန္ဒ။ ငါက

အမှတ်ကြီးတဲ့ကောင်ဆိုပေမယ့် နေရာတကာ လိုက်မှတ်နေတာ မဟုတ်ဘူး။ ပြီးခဲ့တာတွေ မေ့ထားလိုက်''

ကဲ မှတ်ကရော။ နေသဏ္ဍာန်က ကိုယ့်စိတ်ကို ဖောက်ထွင်းပြီး မြင်နေတဲ့အတိုင်းပါပဲ။ သူပြောမှပဲ ကိုယ့်မှာ မျက်နှာဘယ်လိုထားရမှန်းမသိတော့ပေ။ သျှင်သွေးကတော့ စောစောက ဘာမှမသိတဲ့ ကလေးတစ်ယောက်လို ပေါ့ပေါ့ပါးပါးပဲလေ။

နန္ဒစားလေလို့ပြောပြီး –

အခုကျတော့ နေသဏ္ဍာန့်မျက်နှာကိုကြည့်လိုက်၊ ဘုန်းနန္ဒ မျက်နှာကိုကြည့်လိုက်ပါ။

နေသဏ္ဍာန်က –

နန္ဒ သူ့ကို ဒီလောက်လက်သီးနဲ့ထိုးခဲ့တာတောင် တကယ် စိတ်ထဲမှာ ဘာမှမထားဘူးတဲ့လား။ ဒါ ရိုးရိုးသားသား သဘောထား ပြည့်ခြင်းတော့ မဟုတ်နိုင်ဘူးလေ။

သျှင်သွေး ပျော်ရွှင်ရင် ကျေနပ်တယ်ဆိုပြီး

အနစ်နာခံ ဖြည့်ဆည်းခြင်းအချစ်နဲ့ ချစ်တာလား။ ဒါမှမဟုတ် ရှေ့ကို ခုန်ကျော်ဖို့ နောက်ကို ခြေတစ်လှမ်းဆုတ်တာလားမသိပေ ဘူး။

''နန္ဒ''





''ဟင်''

''ဖုန်းလာနေတယ်''

နန္ဒ အတွေးလွန်သွားလို့ ဖုန်းလာနေတာကို သိပြီး ချက်ချင်း ကိုင်ဖြစ်တာလေ။ သျှင်သွေးပြောမှ ဖုန်းကိုင်ဖြစ်ပြီး –

''ဟယ်လို အမိန့်ရှိပါ ခင်ဗျာ''

''အခု ပြောနေတာ ဘုန်းနန္ဒ ဟုတ်ပါသလားရှင်''

''ဟုတ်ပါတယ်ခင်ဗျာ။ အခုပြောနေတာ ဘယ်သူများပါလဲ ခင်ဗျာ''

''အဲဒါတွေ မေးမနေပါနဲ့။ အခု မင်းအစ်ကို ဘုန်းသိခ် အက်ဆီးဒင့်ဖြစ်လို့ ဆေးရုံရောက်နေတယ် ဘုန်းနန္ဒ''

''ဗျာ''

''သေမလား ရှင်မလားတော့ မသိဘူး။ အဲဒါ အကြောင်း ကြားပေးတာပါ''

''ဟာ ဟုတ်ရဲ့လားဗျာ''

''ငါ မင်းကို ရှင်းပြဖို့အချိန်မရှိဘူး''

''ဟင်''

တစ်ဖက်ကပြောပြီး ဖုန်းချသွားတော့ မေးချင်တာ မမေး လိုက်ရပေ။ ဒဏ်ရာဘယ်လောက်ပြင်းလဲ၊ ဘယ်ဆေးရုံမှာလဲဆိုတာ

မေးချင်တာလေ။ ခုတော့။

"နန္ဒ"

"----"

"ဟဲ့ နန္ဒ"

နန္ဒ ပြေးထွက်သွားလေတော့ သျှင်သွေး ကြောင်တက်တက်နှင့် ကျန်ခဲ့ရသည်လေ။ အကျိုးအကြောင်းလည်း ပြောမပြ ဘာဖြစ်လို့ဖြစ်မှန်း မသိရနဲ့။

"ကျွတ် ဘာဖြစ်လို့ဖြစ်မှန်းမသိ"

"အရေးကြီးကိစ္စဖြစ်မှာပေါ့ သျှင်သွေးရဲ့။ သျှင်သွေးကို ကိုယ် ပြန်ပို့ပေးမှာပေါ့"

"ဟင့်အင်း"

"ဟာ သျှင်သွေး"

သျှင်သွေး နန္ဒနောက်သို့ ပြေးလိုက်သွားတော့ နေသဏ္ဍာန် လည်း လိုက်ခဲ့ရတော့သည်လေ။ အတ္တလို့ပဲပြောပြော။ ဘယ်သူ ဘာပဲဖြစ်ဖြစ် နေသဏ္ဍာန် ဂရုမစိုက်ပေမယ့် သျှင်သွေးအတွက်တော့ စိုးရိမ်ပူပန်မှုတွေနဲ့ လိုက်လာခဲ့တာပါ။

သျှင်သွေးပြေးလိုက်ပေမယ့် –

နန္ဒက ကားမောင်းပြီးထွက်သွားပြီလေ။





"နန္ဒ"

"-----"

"နန္ဒ နေဦးလေ"

"သျှင်သွေး မပြေးနဲ့လေ။ ကိုယ်လိုက်ပို့မယ်"

"နန္ဒ"

"သျှင်သွေး"

နေသဏ္ဍာန်ပြောတာကို သျှင်သွေးကမကြားသည့်အလား ပြေးနေဆဲပါ။

"နန္ဒရေ"

"သျှင်သွေး"

သျှင်သွေး ကားလမ်းပေါ်ရောက်သွားပြီလေ။ နန္ဒအတွက် စိုးရိမ်စိတ်တို့နှင့် အော်ခေါ်နေမိတာ ရှက်ရကြောက်ရကောင်းမှန်း တောင် မသိပါဘူး။

"သျှင်သွေး မလိုက်နဲ့တော့"

"----"

"သျှင်သွေး"

"ဟာ"

နေသဏ္ဍာန် သျှင်သွေးဆီသို့ ဦးတည်လာနေတဲ့ကားကို

မြင်လိုက်တော့ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပဲ သျှင်သွေး
ပြေးတွန်းလိုက်တော့သည်။ စဉ်းစားချိန်ကမရ၊ ဘာပဲဖြစ်ဖြစ် သျှင်ဆွေ
လွတ်ရင်ပြီးရောပဲ။

"အား"

"ဟင်"

"ကျွီ"

နောက်ကတွန်းလိုက်တဲ့အရှိန်နှင့်ဗို ရှေ့သို့ ခြေလှမ်းပေ
ရွေ့လျားသွားပြီး ဟပ်ထိုးလဲတော့မလို ဖြစ်သွားတဲ့ ကိုယ်ကိုပြန်ထိ
ပြီး လှည့်ကြည့်လိုက်တော့ –

"ဟင်"

"––––––"

"နေသဏ္ဍာန်"



## အခန်း (၂၉)

"တောက် ယုန်ထောင်ကြောင်မိဆိုတာ ဒါမျိုးပဲ။ စိတ်တိုဗို့
ကောင်းလိုက်တာ"

သရဖီ မကျေမချမ်းနှင့် ရေရွတ်လိုက်မိသည်လေ။ ဖြစ်စေချင်
တာက တစ်မျိုး။ ဖြစ်သွားတာကတစ်မျိုး။ စိတ်တိုဖို့ကောင်းလိုက်တာ။

"မမ ဒေါသထွက်နေတာလား"

"ဟုတ်တယ်၊ ဖြစ်ချင်သလို မဖြစ်တော့ ဒေါသထွက်တယ်"

"ဖြစ်သွားတာနဲ့ ဖြေသိမ့်လိုက်ပါ မမ။ နေသဏ္ဍာန်ကို မမ
မုန်းတယ်မဟုတ်လား။ သူဖြစ်သွားတာ မမအတွက် ဝမ်းသာစရာပဲလေ
မမရဲ့"

"တစ်ခါတည်း သေသွားရင်တော့ ဝမ်းသာတာပေါ့ပန်းရော ထတောင်ကမိဦးမှာ။ ဒုက္ခိတဖြစ်ရင် ငါ ဒုက္ခဖြစ်မှာစိုးလို့ပေါ့။ မိ နေရာနေတာဆိုတဲ့စကားနဲ့ သူ့အဖေက ငါ့ကို ဘာတွေခိုင်းမလဲ မသ နိုင်ဘူးလေ။ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ မမ"

"အခုကိစ္စက ငါကြံစည်တဲ့အတိုင်း မဟုတ်ဘူးလေ။ မထင် မှတ်ဘဲ ဖြစ်သွားတာ။ ငါက ငါကိုယ်တိုင် ဒင်းတို့ကို ကားနဲ့တိုက်ပစ်ချင် တာ။ အခု ငါ ဘာမှမလုပ်လိုက်ရလို့ပေါ့"

"ကျေနပ်လိုက်ပါ မမ။ အချိန်တွေအများကြီး ရှိပါသေး တယ်"

မမကိုသာ နှစ်သိမ့်ပေးရတယ်။ တကယ်တော့ ပန်းရော လည်း ဒီကိစ္စအတွက် မခံချိ မခံသာ ဖြစ်နေတာလေ။ သျှင်သွေးသ ကို မနာလိုလိုက်တာ။ သူ့ကို အသက်ပေးပြီးချစ်မယ့်သူနဲ့။ ဂရုစိ ကြင်နာမယ့်သူနဲ့။

ကိုယ်တွေကျတော့ –

ဘာကြောင့်များ အချစ်ရေးမှာ စုန်းပြူးနေပါလိမ့်။ သျှင်သေ သစ္စာကျတော့ ကံကောင်းလိုက်ပုံများ သေစေချင်လို့လုပ်ကြံတာတေ ကိုယ်စားဝင်ခံပေးမယ့်သူက ရှိသေး။





"ငါက စိတ်မရှည်တတ်ဘူးလေ ပန်းရောင်"

"စိတ်ရှည်လိုက်ပါ မမ။ စိတ်မြန်တာက မှားတတ်တယ်။ ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့"

"တောက်"

"ဟူး"

"သျှင်သွေးသစ္စာ ဘာလို့ အဲဒီလောက် ကံကောင်းနေတာ လဲ"

"သူ့မှာ ဇာတာပိုးထိုးမယ့်နေ့ဆိုတာ ရှိလာဦးမှာပေါ့ မမရယ်"

သုရဇီ ခေါင်းညိတ်လိုက်ကာ –

"အေးပေါ့လေ၊ နင်ပြောသလိုပဲပေါ့"

"ဘာလဲ မမ"

"နေသဏ္ဍာန် ဖြစ်သွားတော့လည်းကောင်းတာပါပဲ။ သူ ရှိရင် ငါ အဆင်ပြေတယ်။ မသေလို့ ဒုက္ခိတဖြစ်လည်း နေရာတကာ ိုက်ပါလို့မရတော့ဘူးပေါ့၊ အေးတာပဲ"

"ဟုတ်တာပေါ့၊ ဒါနဲ့ မမ ဟိုကိစ္စ အဆင်ပြေလား"

"ဘယ်ကိစ္စလဲ"

"မမဖဲရှုံးတဲ့ကိစ္စလေ"

"အဆင်ပြေပါတယ်။ အိမ်ကအဘိုးကြီး သိမ်းထားတဲ့ပိုက်ဆံ

တွေယူပြီး ဆပ်လိုက်တယ်။ ပျောက်လို့မေးရင် မသိဘူး ဖြေလိုက်ရုံ
ပေါ့။ အဲဒါဆို သူ့သားကိုပဲ မလွဲမသွေထင်မှာလေ"

"ပိုင်ပဲ"

"အဟွန်း"

"ပန်းရောင်က အစွဲအလန်းကြီး အချစ်ကြီးတတ်လို့သာ
မဟုတ်ရင် မမလိုပဲ အရမ်းချမ်းသာပြီး အရမ်းအလိုလိုက်တဲ့ အဘိုးကြီး
ကို ယူလိုက်ပါတယ်"

"နင့်ကိုတော့ ငါ့လမ်းစဉ်လိုက်ပါလို့ မတိုက်တွန်းချင်ဘူး
ပန်းရောင်။ ဘာဖြစ်လို့လဲဆို နင်က ငါ့လိုမဟုတ်လို့ပဲ။ ငါက အခ
ဆိုတာထက် ငွေကိုပဲ ကိုးကွယ်တာ။ အိမ်ထောင်ရေးမှာ ဘယ်လို
ပြီး သာယာမှာလဲ။ နင်က အသည်းနုတယ်"

"ဟုတ်ကဲ့"

"ဒါပဲဟာ၊ ငါ ရှေ့ဆက်ဘာလုပ်သင့်သလဲဆိုတာ အ
ထုတ်လိုက်ဦးမယ်"

ဦးမျိုးကြိုင် ခေါင်းခါပြီး ခြေဖွ၍ ထွက်လာခဲ့တော့သည်။ သ
သရဖီတို့က ကောင်းရောင်းကောင်းဝယ်စကားပြောနေကြတာ မဟု
တော့ အခုရှိနေတာ ညည့်ခန်းထဲမှာမဟုတ်ပေ။ လွတ်နေတဲ့အခန်းထဲ
ဝင်ပြောနေကြတာပါ။





ဒါကြောင့်

ဦးမျိုးကြိုင် ပြန်လာတာကို မသိကြဘူးပေါ့။ အခု ချောင်းနားထောင်မှပဲ ကိုယ်ယူထားတဲ့မိန်းမက သိုးရေခြုံထားတဲ့ ဝံပုလွေဆိုတာသိပြီလေ။ အရင်ကတည်းက သိတော့ သိသားပေမယ့် ကြားကားတွေဆိုပြီး မယုံခဲ့တာပါ။ အခုတော့ ကိုယ်ကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားရပြီပေါ့။

ဟူး –

အခု သားက ကားတိုက်ခံရလို့ ဆေးရုံမှာ။ အိမ်မှာတော့ မိန်းမက မကောင်းတဲ့အကြံတွေထုတ်လို့။

ဟူး

စိတ်မောလိုက်တာ။ ဘာပဲဖြစ်ဖြစ် အခုပြဿနာက ထား။ ဦးမျိုးကြိုင် ဆေးရုံကိုပြန်သွားရဦးမည်လေ။ အခြေအနေကို စောင့်ကြည့်ပြီး လုပ်သင့်တာတွေ လုပ်ရတော့မည်ပေါ့။

သား အသက်အန္တရာယ် ကင်းပါစေ။

# အခန်း (၃၀)

''နေသဏ္ဍာန်''

သျှင်သွေး နေသဏ္ဍာန်မျက်နှာကို ငုံ့ကြည့်ပြီး ခေါ်လိုက် တာပါ။ နေသဏ္ဍာန်က ကိုယ့်အသက်ကို သူ့အသက်နဲ့လဲပြီး ကာကွ ခဲ့သူဆိုတော့ အနားနေပြီး စောင့်ရှောက်ပေးရမယ့်တာဝန် သျှင်သွေ မှာ ရှိသည်ပဲလေ။

သေကံမရောက် သက်မပျောက်ဆိုသလိုပါပဲ။ ခြေထော တင် ဒဏ်ရာရတာမို့ တော်ပါသေးရဲ့။ ကားသမားကလည်း ဘရိ အုတ်လိုက်လို့ သက်သာသွားတာပေါ့။

''နေသဏ္ဍာန်''





''သျှင်သွေး''

နေသဏ္ဍာန် သျှင်သွေးလက်ကို ဆုပ်ကိုင်လိုက်ပြီး -

''သျှင်သွေး''

''နေသဏ္ဍာန် ဘယ်လိုနေသေးလဲဟင်''

နေသဏ္ဍာန် ခေါင်းခါလိုက်ပြီး -

''ကိုယ့်ကို မမေးပါနဲ့။ သျှင်သွေး ဘာမှမဖြစ်ရင် ကိုယ် ကျေနပ်ပါတယ်''

သျှင်သွေး နေသဏ္ဍာန် လက်ကို ပြန်ဆုပ်လိုက်ပြီး -

''သျှင်သွေး ဘာမှမဖြစ်ပါဘူး နေသဏ္ဍာန်''

''ဘုန်းနန္ဒရော ဘာဖြစ်တာတဲ့လဲ''

နန္ဒအကြောင်းမေးတော့ သျှင်သွေး ခေါင်းခါလိုက်သည်သာ။ ပြည်သူ့ရင်ပြင်မှာ နန္ဒ ဖုန်းပြောပြီးတာနှင့် ထပြေးသွားတဲ့ကိစ္စက အပြောရခက်သည်လေ။ ပြဿနာအရင်းအမြစ်ကို ပိုင်းပြီးစဉ်းစားနေ ကြပေမယ့် အခုထိ အဖြေမထွက်သေးပါဘူး။ သူငယ်ချင်းတွေ စတယ် နောက်တယ်ဆိုရင် ဒီလိုကိစ္စမျိုးတော့ မစသင့်ပါဘူး။

ဒါမျိုးက -

အစ်ကိုဇောနဲ့ ဘုန်းနန္ဒ ဒုက္ခရောက်သွားနိုင်တာမျိုးလေ။

''သား''

"ဟင်"

သားလို့ခေါ်ပြီး နေသဏ္ဍာန့်ဘေးသို့ရောက်လာသူက ဦးမျိုး ကြိုင်ပါ။ ကိုယ့်မိန်းမရဲ့စရိုက်မှန်နဲ့ အကြံအစည်တွေကို သိလိုက် တော့ သားနဲ့မျက်နှာချင်းဆိုင်ရမှာတောင် မျက်နှာပူမိပါရဲ့။ ကိုယ်မှား တာပါလေ။

စိတ်ကို အလိုလိုက်ပြီး ငယ်ငယ်ချောချော မိန်းမကို ယူမိတ ကိုက မှားတာ။ တကယ်ဆို စဉ်းစားခဲ့ရမှာမဟုတ်လား။ ဒီလော ငယ်ငယ်ချောချော မိန်းကလေးက ကိုယ့်ကို လက်ထပ်ခဲ့တာ၊ တက ချစ်လို့ မဖြစ်နိုင်ဘူးဆိုတာကိုလေ။

အဟွန်း

သရဖီက အပြောကောင်းတော့ ကိုယ်လည်း ပစ်ကျခဲ့တ ပေါ့။ ဘာတဲ့။

"ကိုကြီးကို သရဖီ တကယ်ချစ်မိသွားတာပါ။ အချစ် မျက်စိမရှိဘူးဆိုတာကို သရဖီ ယုံသွားပြီသိလား။ တကယ်ချစ်လာ အသက်အရွယ်နဲ့လည်း မဆိုင်တော့ဘူး ကိုကြီးရဲ့"

"သရဖီ တကယ်ပြောတာလား"

"တကယ်ပေါ့ကိုကြီးရဲ့။ သရဖီကို မထားခဲ့ပါနဲ့နော်။ ကို သရဖီကိုမယုံရင်လည်း အမြန်ဆုံးလက်ထပ်ကြမယ်လေနော်"





အဲဒီလို မာယာချိုချိုကိုပဲ ကိုယ်က တကယ်ယုံမိသူပါလေ။ ကယ်တမ်းကျတော့ သရဖီက ကိုယ့်ပိုင်ဆိုင်မှု ကိုယ့်စည်းစိမ်တွေကို က်မောလို့ လက်ထပ်ခဲ့တယ်ဆိုတာ သိချိန်နောက်ကျခဲ့ပြီပေါ့။

"ဖေဖေ"

"ဘယ်လိုနေသေးလဲ၊ ခြေထောက်က သက်သာရဲ့လား သား"

"သက်သာပါတယ် ဖေဖေ၊ သား ဘာမှမဖြစ်ပါဘူး။ မသေ ဘူးဆိုရင်ပဲ ဝမ်းသာစရာမဟုတ်လား ဖေဖေ"

"ဟာကွာ သားကလည်း"

"ဟုတ်သားပဲ ရှင် ဘာတွေလျှောက်ပြောနေတာလဲ နေ သဏ္ဍာန်ရဲ့။ အန်ကယ်လ် စိတ်မကောင်းဖြစ်အောင်"

နေသဏ္ဍာန် ခပ်ယဲ့ယဲ့ပြုံးလိုက်မိပြီး –

"သျှင်သွေး"

"ပြောလေ နေသဏ္ဍာန်"

"ဘုန်းနန္ဒအကြောင်း ဆက်ပြောလေ"

သျှင်သွေး ခေါင်းညိတ်ပြလိုက်ပြီး –

"အဲဒီနေ့က နန္ဒကို ဖုန်းဆက်တာ မိန်းကလေးတစ်ယောက် လေ။ ဘုန်းသိခ် အက်ဆီးဒင့်ဖြစ်လို့ ဆေးရုံရောက်နေတယ်လို့

ပြောတာတဲ့"

"ဟင် ဟုတ်လား။ ဒါဆို ဘုန်းသိမ်ရော ဘာဖြစ်သွားသေး
အခု ဘယ်လိုနေသေးလဲ"

"သိမ်က ဘာမှမဖြစ်ပါဘူး နေသဏ္ဍာန်။ ကား အက်ဆီး
ဖြစ်တယ်ဆိုတာ တကယ်မှမဟုတ်တာ"

"ဟင်"

နေသဏ္ဍာန် မျက်မှောင်ကြုတ်သွားမိသည်လေ။ ဘာဆို
ကို ချက်ချင်းနားမလည်လိုက်တာပေါ့။

"ဖုန်းဆက်တဲ့လူက တမင်ညာတာလေ။ ဘာရည်ရွယ်
ခုလိုပြောတယ်ဆိုတာကို အခုထိ စဉ်းစားလို့မရကြသေးဘူး
သဏ္ဍာန်။ အဲဒီဖုန်းကို ပြန်ဆက်ကြည့်တော့လည်း ဆက်လို့မရ
ဘူး။ ဆင်းကတ်ကို ဖုန်းဆက်ပြီးတာနဲ့ ထုတ်ပစ်တာပဲ ဖြစ်မှာ

ဦးမျိုးကြိုင် မျက်နှာမထားတတ်အောင်ဖြစ်နေရပါပြီ။
လည်း အမှတ်မထင် ချောင်းနားထောင်သလို ဖြစ်ခဲ့ရာမှ သိခဲ့ရ
ဒီပြဿနာရဲ့ အဓိကတရားခံက သရဖီမဟုတ်လား။

ဒါကြောင့် –

ဒီအကြောင်းကို မကြားချင်ပေမယ့် မကြည့်ချင်မြင်လျှ
ဖြစ်နေတာမျိုးလေ။





"ဘုန်းနန္ဒရဲ့ သူငယ်ချင်းထဲက တစ်ယောက်ယောက် 'စ'
တာရော မဖြစ်နိုင်ဘူးလား သျှင်သွေး"

"မဖြစ်နိုင်ဘူးလို့တော့ ပြောနေကြတာပဲလေ။ သျှင်သွေး
လည်း မစဉ်းစားတတ်တော့ဘူး"

"ကဲ အဲဒါတွေထားလိုက်ပါ။ သား ဖေဖေ့ကိုလိုအပ်တာရှိရင်
ပြောနော်။ လိုအပ်မယ်ထင်တာတွေ ဖေဖေလည်းလုပ်ပေးနေတာပဲ။
ဒါပေမဲ့ လိုအပ်ချက်ရှိနေမှာစိုးလို့ ဖေဖေက မေးတာပါ"

"ဖေဖေ"

"ပြောလေသား"

"အခုမလိုအပ်သေးဘူးလို့ ပြောမလို့ပါ။ လိုအပ်တဲ့အချိန်ကျ
ရင်သာ ဖေဖေကူညီပေးပါ"

သားပြောတဲ့စကားကို ဦးမျိုးကြိုင် နားလည်သလိုလို နား
လည်သလိုလိုပါ။ ကိုယ်ထင်လိုက်တာက မှန်ချင်မှန်သလို မှားချင်
လည်း မှားနိုင်တာပဲ မဟုတ်လား။

"အေး အေးပါကွာ"

ပြောပြီး သျှင်သွေးမျက်နှာကိုကြည့်လိုက်ကာ –

"ငါ့သားလည်း မချစ်တတ် မချစ်တတ်နဲ့ ချစ်တတ်ပြီဆိုတော့
မောင်ဆောင်းပြောသလိုပဲ"

"ဘာလဲ ဖေဖေ"

"ဖြူဖြူကျော်သိန်းက အတွင်းကြေရယ်။ မင်းကအပြင်မှာလည်း ရစရာမရှိအောင် ဒဏ်ရာတွေနဲ့။ အတွင်းကြေ အပြင်ကြေမယ့်ကွာ"

"ကလင် ကလင် ကလင်"

"ဟင်"

ဖုန်းရိုန်းတုန်သံကြောင့် ဦးမျိုးကြိုင် ဖုန်းကိုင်လိုက်စဉ်-

"ဟယ်လို"

"------"

"အေး ပြော မောင်ဆောင်း"

"------"

"ဘယ်လို"

"-----"

"ဟင်"

"------"

"အေး အေးပါ မောင်ဆောင်း။ ကျွတ် အရေးထဲကွာ ခုငပါပဲ"

"-----"





"အေး အေး"

ကိုဆောင်းက ဖုန်းချသွားလေတော့ ဦးမျိုးကြိုင် စိတ်မောစွာ နှင့်သာ။

"ဟူး"

"ဦးဆောင်းက ဘာတဲ့လဲ ဖေဖေ"

"သရဖီ ဖဲဝိုင်းမှာ အဖမ်းခံရလို့တဲ့"

နေသဏ္ဍာန် တစ်ခုခုပြောမလို့လုပ်ပြီးမှ မပြောဖြစ်တော့ပေ။ အဖေ့ကို အားနာလို့လေ။

အားမနာတမ်းသာပြောရရင်

ကောင်းတယ် ဝမ်းသာလိုက်တာလို့။

## အခန်း (၃၁)

သျှင်သွေး သိမ်မွေ့နေ့လက်ဆောင်ပေးထားတဲ့ အသည်း ကျောက်ခဲလေးကိုကြည့်ပြီး မဲ့ပြုံး ပြုံးလိုက်မိသည်သာ။

အဟွန်း

အချစ်တဲ့၊ စိတ်ပျက်စရာကောင်းလိုက်တာ၊ ရှုပ်ထွေးမှု တွေနဲ့ သျှင်သွေးကို လှည့်စားနေသည့်ပမာနယ်။ ရွှေရခက်နေတ က လှည့်စားမှုတစ်ခုပဲပေါ့။ ဟင့်အင်း မဟုတ်သေးဘူး။ အချ သူ့ဘာသာသူနေတာ အပြစ်မရှိပါဘူး။

အချစ်ဆိုတာ

ချိုသလား ခါးသလား မြည်းစမ်းချင်တဲ့လူမှာပဲ အပြစ်





အချစ်ကို စူးစမ်းရှာဖွေတဲ့ နှလုံးသားမှာလည်း အပြစ်ရှိတယ်။ ဟုတ်တယ်၊ အပြစ်မရှိတဲ့အရာတွေကို ဘယ်လိုအပြစ်ဒဏ်ပေးရင် ကောင်းမလဲ။

"သမီး"

"အင်"

"သမီး"

"ရှင် မေမေ"

ဒေါ်သိမ့်သိမ့်သူ သမီးလက်ဝါးထဲက အသည်းပုံကျောက်ခဲ လေးကို မြင်တော့ တွေခနဲဖြစ်သွားမိသည်လေ။ ပြီးမှ သမီးဘေးမှာ ဝင်ထိုင်ပြီး သမီးပခုံးလေးကို ဖက်လိုက်ကာ –

"သမီးကို မေမေ မေးစရာရှိတယ်။ ပြောစရာလည်း ရှိတယ်"

"ဟုတ်ကဲ့ ပြောပါ မေမေ"

"ဟင့်အင်း"

"ဟင်"

သျှင်သွေးက မိခင်၏မျက်နှာကို မော့အကြည့် ဒေါ်သိမ့်သိမ့် သူက ခေါင်းခါလိုက်ကာ –

"ပြောစရာရှိတာကို နောက်မှပြောမယ် သမီး။ မေးစရာရှိတာ ကိုပဲ မေမေအရင်မေးမယ်"

"မေးလေ မေမေ"

ဒေါ်သိမ့်သိမ့်သူ ချက်ချင်းမမေးသေးဘဲ သမီးရဲ့မျက်ဝန်း
မှာ တစ်ခုခု အဖြေရှာသလို ခပ်တွေတွေလေးကြည့်ပြီးမှ –

"သမီး ဘုန်းသိခ်ကိုချစ်လား"

"ရှင်"

သျှင်သွေးကိုယ်လေး တောင့်မတ်သွားတော့သည်သာ။

"သမီးက ဘုန်းသိခ်ကို ချစ်တာလား"

"သမီး"

"ဖြေပါ သမီး၊ မေမေ လိုအပ်လို့ မေးတာပါ"

သျှင်သွေး မျက်လွှာလေးချပြီး မဖြေဖြစ်ပေ။ ကိုယ့်ကိုယ်ကို
ပြန်မေးကြည့်နေတာလေ။ သိခ်ကို ချစ်လားလို့ပေါ့။

"သူ့အတ္တတွေကို သမီးကြောက်တယ် မေမေ၊ သူက မ
ကြီးတယ်။ အနိုင်ယူချင်တဲ့စိတ်ရှိတယ်"

"ဟုတ်ပြီ ဆက်ပြောသမီး"

"သမီး သူ့ကို လက်မထပ်ရဲဘူး မေမေ"

"ဒါဆို သမီး ဘုန်းနန္ဒကိုချစ်တာထင်တယ်"

ဘုန်းသိခ်ကို ချစ်လားလို့မေးတာ။ သမီးဖြစ်သူ ပြန်ဖြေ
အဖြေမှာက ချစ်တယ် မချစ်ဘူးဆိုတာ မပါပေ။ ဒါပေမဲ့ ဒေါ်သိမ့်သိ





နားလည်သလိုလိုရှိလိုက်ပြီလေ။ နားလည်လိုက်ပြီလို့ အတိအကျ
မပြောတာက –

စိတ်ဆိုတာ

အတိအကျ ဖမ်းဆုပ်လို့မှ မရတာ။

"ရှပ် ရှပ် ရှပ်"

ခြေသံကြားလို့ ကြည့်လိုက်တော့ အခန်းထဲသို့ စိမ့် ဝင်လာ
တာပါ။ ဝင်လာပြီး သျှင်သွေးဘေးမှာပဲ ဝင်ထိုင်ကာ ဘာစကားမှ
မပြောပေ။

"ဖြေလေ သမီး"

"နန္ဒကျတော့ သူ့အစ်ကိုကိုငဲ့နေတာ ခက်တယ် မေမေ။
ငဲ့နေတနာကိုက သမီးထက် သူ့အစ်ကို့ကို ပိုချစ်လို့ပေါ့"

"အင်း မှန်တာပါပဲ"

"သူက သူ့အစ်ကို့ကိုမငဲ့ဘဲ သမီးကို သတ္တိရှိရှိ လက်ထပ်ရဲ
င် သမီး သူ့ကို"

"ရပြီ သမီး"

အစ်မဖြစ်သူက 'ရပြီသမီး' ဆိုပြီးလက်ကာပြလိုက်တော့
အစ်မဖြစ်သူကိုကြည့်လိုက်မိသည်သာ။ မေးဖို့ တစ်ယောက်ကျန်
သေးတယ်လေ။ သျှင်သွေးကိုချစ်တာ သိခ်နဲ့နန္ဒ ညီအစ်ကို နှစ်

ယောက်တည်းမှ မဟုတ်ဘဲ။

နေသဏ္ဍာန်ကလည်း

သျှင်သွေးကို စွဲလန်းချစ်မြတ်နိုးသူမို့ ထည့်စဉ်းစားပေးရမှာပဲ လေ။

"နေသဏ္ဍာန်ကိုရော သမီး"

နေသဏ္ဍာန်နာမည်ကို ထပ်မေးလိုက်တော့မှပဲ စိမ့် သက်ပြင်းချမိတော့သည်သာ။ ဘာပဲဖြစ်ဖြစ် တရားမျှတမှုရှိစေချင်တယ်လေ

"သူ့ကို သမီးမချစ်ဘူး"

"-----"

"ဟုတ်တယ်၊ နေသဏ္ဍာန်ကို သမီးမချစ်ဘူး"

ဒေါ်သိမ့်သိမ့်သူ လွှန့်ခနဲပြုံးလိုက်မိပြီး –

"မေမေ သမီးကို အိမ်ထောင်ချပေးတော့မယ်"

"ရှင်"

"ဟင်"

"ဟုတ်တယ် သမီး။ သမီး အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပြီ။ သမီးကညာ အခါမလင့်စေနဲ့ဆိုသလို အိမ်ထောင်ပြုတဲ့အရွယ်မှာ အိမ်ထောင်ပြုရမှာပဲ။ အရွယ်လွန်သွားရင် မကောင်းလေ"





"မေမေက သမီးကို ဘယ်သူနဲ့ သဘောတူထားလို့လဲ မေမေ"

"သမီးစိတ်ကြိုက် ရွေးချယ်ပါ သမီး။ သူတို့သုံးယောက်ထဲက သမီး တကယ်ချစ်တဲ့လူကို ရွေးချယ်ပါ"

စိမ့် တူမချော၏မျက်နှာကို အကဲခတ်သလို ကြည့်တော့ အကဲခတ်လို့မရပေ။ မျက်လွှာချပြီး ငြိမ်နေတော့ ဘယ်လိုလုပ်ပြီး အကဲခတ်လို့ရမှာတဲ့လဲ။

"သျှင်သွေး။ ကလေး သျှင်သွေး"

"ဟင်"

"သျှင်သွေး"

အခန်းထဲမှာရှိတဲ့ သုံးယောက်စလုံး အခန်းတံခါးဆီသို့ ပြိုင်တူ အကြည့်ရောက်သွားကြသည်သာ။

"ကလေး သျှင်သွေး"

"ဘာကိစ္စရှိလို့လဲ ကိုငွေဘော်"

လှမ်းမေးလိုက်သူက ဒေါ်သိမ့်သိမ့်သူပါ။ ကိုငွေဘော်က ဒေါ်သိမ့်သိမ့် သူတို့အိမ်က ဒရိုင်ဘာပါ။

"ဩော် မသိမ့်၊ ဟိုဘက်ခြံက ကိုပါကြီးက သျှင်သွေးနဲ့ တွေ့ရပါစေလို့ ခွင့်တောင်းနေလို့ပါ မသိမ့်"

သျှင်သွေးနဲ့ ဒေါ်သိမ့်သိမ့်သူအကြည့်ချင်းဆုံသွားကြပြီး ဒေါ်
သိမ့်သိမ့်သူက ခေါင်းညိတ်ပြလေလျှင် –

"လာပြီ ဦးငွေဘော် လာပြီ"

သျှင်သွေးထသွားတော့ သိမ့်နဲ့စိမ့်လည်း လိုက်ခဲ့တော့သည်
သာ။ အောက်ထပ်ဧည့်ခန်းထဲကိုရောက်တော့ –

"သျှင်သွေး"

"ဟုတ်ကဲ့။ ဦးပါကြီး သျှင်သွေးကို ဘာပြောစရာရှိလို့
မသိဘူး"

"ဦးပါကြီး ဘာမှမပြောခင် ဒါလေးကို အရင်ကြည့်လိုက်
သျှင်သွေး"

သျှင်သွေး ဦးပါကြီးကမ်းပေးတဲ့ဘူးကို ယူလိုက်သည်
ဘူးက ဖိနပ်ဘူးပါ။ ဖွင့်ကြည့်လိုက်တော့ ဘူးထဲကဖိနပ်ကလေး
မြင်ပြီး သျှင်သွေး မျက်လုံးလေးဝိုင်းသွားရတော့သည်သာ။

"ဟင်"

ဒီဖိနပ်ကလေးကို သျှင်သွေး သိပ်မှတ်မိတာပေါ့။ သျှင်
သိပ်နှစ်သက်ခဲ့တဲ့ ဖိနပ်ကလေးပဲလေ။ အနက်ရောင်စိုစိုလေး
သဲကြိုးပေါ်မှာ အဖြူရောင်ကျောက်ပွင့်လေးတွေနဲ့ပေါ့။ နှစ်သက်
နေရာတကာ မစီးရက်ခဲ့တဲ့ဖိနပ်ကလေး။





တစ်နေ့

နန္ဒနဲ့သျှင်သွေး ဒန်းလေးပေါ်မှာ အတူတူထိုင်ပြီး စကျက်
ကြရင်း သျှင်သွေးက ဒန်းပေါ်မှာ တင်ပျဉ်ခွေထိုင်တော့ ဖိနပ်ကို
ချွတ်ထားမိသည်လေ။ ဒါကို နန္ဒက ဖိနပ်ကို ကောက်ယူပြီး ကျောက်
ပွင့်တစ်ပွင့်ကို ခွာလိုက်တော့

"ဟင် နန္ဒ နင် အဲဒါ ဘာလုပ်တာလဲ"

"နင့်ဖိနပ်က ကျောက်ပွင့် ခိုင်လား မခိုင်လား ခွာကြည့်တာ။
ခိုင်လည်းမခိုင်ဘူး"

"ဘာ"

သျှင်သွေး ချက်ချင်းပဲ ဒန်းပေါ်ကနေ ခုန်ဆင်းလိုက်ပြီး–

"အဲဒီဖိနပ်ကို ငါ အရမ်းကြိုက်လို့ နေရာတကာတောင်
စီးတာမဟုတ်ဘူးဟဲ့။ အခုတော့ သွားပါပြီဟယ်။ အဟင့် ဟီး"

"ဟာ"

"ဟီး ဟီး"

"သျှင်သွေး"

"မခေါ်နဲ့၊ နင့်ကိုအရမ်းမုန်းတယ် သိလား"

"သျှင်သွေး သျှင်သွေး"

သျှင်သွေး ငိုပြီး နန္ဒရှေ့ကနေ ပြေးထွက်လာခဲ့တော့ နန္ဒ

လည်း နောက်မှပြေးလိုက်လာသည်ပေါ့လေ။ သျှင်သွေး တိုက်ထဲ ဝင်ပြေးပြီး အပေါ်ထပ်တက်လာခဲ့တော့ နန္ဒကလည်း လိုက်သည်ပေါ့။ လှေကားအချိုးနားအရောက် နန္ဒ သျှင်သွေးအနားရောက်သွားတော့

"သျှင်သွေ"

သျှင်သွေးလက်မောင်းကို ဖမ်းဆုပ်လိုက်ပြီး –

"ငါ တောင်းပန်ပါတယ်ဟာ။ သျှင်သွေး။ ငါက နင် အဲ လောက်အထိဖြစ်မယ်မှန်း မသိလို့ပါဟာ"

"မသိဘူး ဘာမှလာမပြောနဲ့ သွား"

"ဟာ"

သျှင်သွေး နန္ဒရင်ဝကို ဒေါသနှင့် ဆောင့်တွန်းပစ်လိုက်တေ နန္ဒ ဟန်ချက်ပျက်ပြီး လှေကားပေါ်မှ ပြုတ်ကျသွားတော့သည်လေ

"အား"

"ဟဲ့ ဟဲ့ အမလေး"

နန္ဒအဖြစ်ကိုမြင်ပြီး ငယ်သံငယ်ရင်းပါအောင် အော်လိုက် က အန်တီလေးပါ။ နန္ဒ လှေကားပေါ်မှပြုတ်ကျပြီး ခေါင်းကွဲသွားသ အဲဒီနေ့ကို သျှင်သွေးမေ့ပုံမလား။ စိုးရိမ်လွန်းပြီး ဆေးရုံတောင်တက် တာပဲလေ။

"ဗီနပ်ကလေးကို သေသေချာချာကြည့် ကလေး"





ဦးပါကြီးအသံကြားမှ သျှင်သွေး အတွေးစပြတ်သွားတော့ သည်ပေါ့လေ။

"နန္ဒက သူ့ကြောင့် ဗီနပ်မှာ ကျောက်ပွင့်လေး ပြုတ်သွားလို့ ဆိုပြီး ဒီဗီနပ်ကို သိမ်းထားခဲ့တာ။ နောက်တော့ သူ့မုန့်ဖိုးတွေစုပြီး ထွက်သွားတဲ့ကျောက်ပွင့်နေရာမှာ စိန်ပွင့်လေးမြှုပ်ပေးထားတာပါ ကလေး"

"ဟင်"

"သူ့ကြောင့်ပြုတ်သွားတာ ကျောက်ပွင့်တစ်ပွင့်တည်းပေမယ့် တစ်ရန်လုံးဖြစ်အောင် ကျန်တဲ့ ဗီနပ်တစ်ဖက်က ကျောက်တစ်ပွင့်ပါ ဖြုတ်ပြီး တစ်ရန်လုံးမှာ ထည့်ပေးထားတာ။ ဗီနပ်တစ်ဖက်မှာ စိန် တစ်ပွင့်ပေါ့"

သျှင်သွေး သေသေချာချာကြည့်လိုက်တော့ ဟုတ်ပါရဲ့။ မူရင်းကျောက်ပွင့်တွေကြားမှာ စိန်ပွင့်လေးတွေက တဖျတ်ဖျတ် လက်နေသည်လေ။

နန္ဒရယ်

လို့ ရင်ထဲမှသာ ခေါ်မိရင်း ငိုချင်စိတ်ကို မနည်းထိန်းထား ရသည်ပေါ့။

"ဒီဗီနပ်လေးကို သူသိမ်းထားခဲ့တာ။ ကလေးရဲ့မွေးနေ့တုန်း

က မွေးနေ့လက်ဆောင်ပေးဖို့ သူစီစဉ်ထားခဲ့တာ။ ဒါပေမဲ့ မပေးဖြစ်ခဲ့ဘူးလေ။ သူ့အစ်ကိုငဲ့ပြီး မပေးဖြစ်ခဲ့တာပါ။ ကိုကိုနဲ့ကျွန်တော် ပြိုင်ဘက် မဖြစ်ချင်ဘူးတဲ့။ အဲဒါကြောင့် ဒီဖိနပ်ကို သူပြန်သိမ်းထားခဲ့တာပါ။ အခု ဦးပါကြီးက ဘုန်းနန္ဒလေး ခံစားနေရတာ မကြည့်ရက်လို့ ဒီဖိနပ်ကို သူ မသိအောင် ယူလာပြီး ကလေးကိုပြတာပါ''

ထိန်းထားသည့်ကြားမှ သျှင်သွေး မျက်ရည်တွေ ကျလာတော့သည်လေ။

''နန္ဒက အရမ်းသနားဖို့ကောင်းပါတယ် ကလေးရယ်''

သျှင်သွေးမပြောနဲ့ စိမ့်တောင် နန္ဒကိုသနားမိပြီး မျက်ရည်တွေ ကျလာမိတော့သည်လေ။ တကယ့်ကို သီတာ၊ ရာမ၊ လက္ခဏာနဲ့ ဒသသတို့အချစ်ဇာတ်လမ်းလိုပါပဲလား။

''စိမ့်''

''ရှင် မမ''

''သမီးရဲ့ရင်တွင်းက ချစ်ခြင်းအစစ်ကို တို့ ဖော်ထုတ်ပေးမှ ဖြစ်တော့မယ်''



## အခန်း (၃၂)

''ဘယ်လို ဘယ်လို အန်တီ၊ သျှင်သွေးက ဘုန်းနန္ဒနဲ့ လက်ထပ်တော့မယ် ဟုတ်လား''

''ဟုတ်တယ် နေသဏ္ဍာန်။ အဲဒါကြောင့် မင်း သျှင်သွေးနဲ့ ပတ်သက်ပါနဲ့တော့နော်''

နေသဏ္ဍာန် ရင်ထဲမှာ နင့်ခနဲဖြစ်သွားရသည်ပေါ့။ ကိုယ်ခင်ချစ်ရတဲ့မိန်းကလေးက ကိုယ်မဟုတ်တဲ့အခြားလူနဲ့ လက်ထပ်တော့မယ်တဲ့။ ဒီအဖြစ်ကို နေသဏ္ဍာန် မခံစားနိုင်ပါဘူး။ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူကို ကိုယ်ပဲ ပိုင်ဆိုင်ခွင့်ရချင်ကြတာပေါ့။

အပေါ်ယံ ခန္ဓာကိုယ် အစိတ်အပိုင်းက ဒဏ်ရာတွေတောင်

အရှင်းမပျောက်သေးဘူး။ အတွင်းဒဏ်ရာပါရတော့မယ့်အဖြစ်ပါလား။ နေသဏ္ဍာန် အံကိုတင်းတင်းကြိတ်ထားမိတဲ့ကြားက မျက်ရည်တွေ ကျလာတော့သည်သာ။ ယောက်ျားမျက်ရည်မကျရဘူးလို့ ဘယ်အရာ ကများ တားမြစ်ထားနိုင်ပါသလဲ။

ဟင့်အင်း မဖြစ်ရဘူး။

သျှင်သွေး ဘုန်းနန္ဒကို လက်မထပ်ရဘူး။ ကိုယ့်အချစ် အစွန်းရောက်တယ်ပဲပြောပြော သျှင်သွေးကို ကိုယ်ပဲ ပိုင်ဆိုင်ချင်တယ် ကိုယ်ကလွဲပြီး ဘယ်သူမှ မပိုင်ဆိုင်စေရဘူး။

''အန်တီ ကျွန်တော်''

''မင်းကို အန်တီ အခုလိုပြောရတာ အားနာပါတယ်ကွယ် မင်း သျှင်သွေးနဲ့ မပတ်သက်ပါနဲ့တော့။ မင်းကြောင့် သူတို့ နှစ်ယောက် စိတ်အနှောင့်အယှက် ဖြစ်တာမျိုး မဖြစ်စေချင်ဘူးကွယ်''

''အန်တီ''

''ဟင်''

''ကျွန်တော့်ကို အခွင့်အရေးတစ်ခုတော့ ပေးပါဗျာ''

''ဘာများလဲ နေသဏ္ဍာန်''

''ကျွန်တော် သျှင်သွေးနဲ့ တစ်ခါလောက်တွေ့ပါရစေ''

စိမ့် ဘာပြန်ပြောရမှန်းမသိ ခပ်တွေတွေလေး ဖြစ်နေစဉ်မှာ





''ကျွန်တော် တောင်းပန်ပါတယ်အန်တီ။ အဲဒီ အခွင့်အရေး လေးတော့ ကျွန်တော့်ကိုပေးပါ''

''-----''

''ကျွန်တော် သျှင်သွေးနဲ့တွေ့ပါရစေ''

စိမ့် သက်ပြင်းချလိုက်ပြီး –

''ကောင်းပြီလေ၊ မင်း သျှင်သွေးနဲ့တွေ့ချင်တယ်ဆိုရင် တွေ့ စေရပါ့မယ်''

ပြောပြီး စိမ့် ဖုန်းချပစ်လိုက်တော့သည်လေ။ ပြောသာ ပြောရတယ် စိမ့် တကယ်စိတ်မကောင်းပါဘူး။ နေသဏ္ဍာန်ကို သနား နေသည်လေ။

မတတ်နိုင်ဘူးလေ။ ကိုယ်က ကာယကံရှင်မဟုတ်တော့ ကိုယ်ရွေးပေးလို့မှ မရတာ။

နေသဏ္ဍာန် ကားသော့ကိုယူပြီး ထွက်လာခဲ့စဉ် –

''သဏ္ဍာန်''

''-----''

''ခြေထောက်က ကောင်းကောင်း ကောင်းတာမဟုတ်သေး ဘဲနဲ့ ဘယ်သွားဦးမလို့လဲ''

''အပြင်သွားမလို့ ဦးဆောင်း''

''မသွားပါနဲ့လားကွာ။ ခြေထောက်က ကောင်းသေးတာမဟုတ်တဲနဲ့''

''ကျွန်တော် မသွားလို့မဖြစ်ဘူး ဦးဆောင်း''

''ဒါဆို ဦးဆောင်းလိုက်ပို့ရမလား''

''မလိုဘူး ရတယ်''

နေသဏ္ဍာန် ပြောပြောဆိုဆိုနှင့် ထွက်လာခဲ့တော့ ဦးဆောင်းက နောက်မှလိုက်လာကာ –

''နေသဏ္ဍာန်''

''----''

''ဦးဆောင်းက စိုးရိမ်လို့ပြောနေတာကွ''

''-----''

''ဦးဆောင်းလိုက်ပို့မယ်''

''မလိုက်ပါနဲ့ဆိုဗျာ''

''မင်းချည်းပဲသွားရင် အန္တရာယ်များလို့ပါ''

''ကျွတ်''

''-----''

''အန္တရာယ်များလည်း ဂရုမစိုက်ဘူး။ သေရင် ကျွန်တော်သေတဲ့နေရာ အလောင်းလိုက်ကောက်ဗျာ''





''ဟင်''

ပြောလိုက်တာအေးရောပဲ။ သေတဲ့နေရာ အလောင်းလိုက်ကောက်တဲ့။

ဟူ

နေသဏ္ဍာန်က အဲဒီလို ဖွတ်တရွတ် သမားပါလေ။

✵

## အခန်း (၃၃)

သျှင်သွေးတို့ အိမ်ရှေ့ကိုရောက်တာနှင့် နေသဏ္ဍာန် ဖုန်းဆက်လိုက်တော့သည်လေ။ ခြေထောက်ကနာပေမယ့် ဂရုမစိုက်နိုင်ပေ။

''သျှင်သွေး''

''----''

''ကိုယ် မင်းနဲ့ ခဏလောက်တွေ့ချင်တယ်။ အခု မင်းအိမ်ရှေ့မှာရောက်နေပြီ။ မင်းထွက်လာပေးပါ''

''------''

''မင်း ထွက်မလာရင် ကိုယ် ဝင်လာမှာနော်''





''-----''

''အဲဒါဆို မင်းထွက်လာခဲ့ပေးပါ''

''----''

''Ok''

နေသဏ္ဍာန် ဖုန်းချပြီး သျှင်သွေးထွက်အလာကို စောင့်နေလိုက်သည်လေ။ သိပ်မကြာပါဘူး သျှင်သွေးထွက်လာပြီး နောက်တက်မှာက နန္ဒတို့ညီအစ်ကို ရပ်ကြည့်ကျန်ခဲ့တာကို မြင်နေရသည့်လေ။ သျှင်သွေး နောက်ဆက်လိုက်မလာတဲ တိုက်ရှေ့မျက်နှာစာမှာ ရပ်ကျန်ခဲ့တာပါ။

နေသဏ္ဍာန် ဂရုမစိုက်ပါဘူး။

အချစ်ခြင်းတူရင် ကိုယ်ကစစ်ခင်းယူဖို့ ဝန်မလေးဘူးလေ။ အတ္တကြီးတယ်ပဲပြောပြော ကိုယ်ချစ်တဲ့သူကို သူများရင်ခွင်ထဲ ထည့်ပေးနိုင်ပါဘူး။ ချစ်နေပါလျက်နဲ့ လျှောက်ပြန်သံပေး ခြေအေးဝမ်းသောင် လုပ်မနေနိုင်ဘူးလေ။

''နေသဏ္ဍာန်''

''ကားပေါ်တက်''

''ဟင် ရှင်က ဘယ်သွားလို့ ကျွန်မက ဘယ်ကိုလိုက်ရမှာလဲ''

''တက်ပါ''

"ဘယ်သွားမယ်ဆိုတာတော့ ကျွန်မ သိမထားသင့်
လား"

"ကိုယ် မင်းနဲ့ အေးအေးဆေးဆေး စကားပြောချင်တ
အဲဒါကြောင့် တစ်နေရာရာကို သွားကြတာပေါ့။ ဘယ်နေရာဆို
တော့ ကိုယ်လည်း အတိအကျ မပြောနိုင်သေးဘူး"

သျှင်သွေး တွေခနဲဖြစ်သွားပြီးမှ ခေါင်းညိတ်လိုက်မိ
သည်လေ။ အန်တီလေးက ပြောတယ် နေသဏ္ဍာန် သနားပါတ
တွေ့လိုက်ပါတဲ့။

"ကောင်းပြီလေ ကျွန်မလိုက်ခဲ့မယ်"

ပြောပြီး သျှင်သွေး ကားပေါ်တက်လိုက်တော့ နေသဏ္
လွင့်ခနဲ ပြုံးလိုက်မိသည်သာ။ ဒသသက သီတာဒေဝီကို ပန်းရင
နိုးတဲ့အခန်းပေါ့။ ကိုယ့်လုပ်ရပ်ကို ခွင့်လွှတ်ပါ သျှင်သွေးသစ

"ဟာ သျှင်သွေးကို ဟိုကောင်ခေါ်သွားပြီ"

"သျှင်သွေးက လိုက်လို့နေမှာပေါ့ ကိုကိုရ"

"သူ မလိုက်သင့်ဘူးလေကွာ။ ချစ်သူလည်း မဟုတ်
ဘာပဲဖြစ်ဖြစ် ငါ လက်မခံနိုင်ဘူး"

"ကိုကိုကလည်း"

"ကိုကိုကလည်း လုပ်မနေနဲ့၊ လာ လိုက်သွားရအေ





သိမ်ခံ မြင်ရတဲ့မြင်ကွင်းကြောင့် မခံမရပ်နိုင်ဖြစ်နေပြီလေ။
ဒါကြောင့် ညီဖြစ်သူကိုခေါ်ပြီး နောက်ကနေ လိုက်တော့သည်လေ။

သျှင်သွေးတို့မှာတော့ တစ်လမ်းလုံး စကားမပြောဘဲ
တိတ်ဆိတ်လာခဲ့သမျှ တိုက် ခန်းတစ်ခု၏ရှေ့ကိုရောက်မှပဲ –

"နေသဏ္ဍာန်"

"-----"

"ရှင် ကျွန်မကို ဘယ်ခေါ်လာတာလဲ"

"အထဲရောက်မှမေး"

"ဟင်"

သျှင်သွေး မသင်္ကာတာနှင့် နောက်ပြန်လှည့်ပြေးဖို့ ကြိုးစား
စဉ်မှာပဲ နေသဏ္ဍာန်က သျှင်သွေးကိုယ်လေးကို ဆွဲ့ခနဲ ပွေ့ချီပြီး
ခေါ်သွားတော့သည်လေ။ တိုက်ခန်းတံခါးကို ဖွင့်ပြီးမှ သျှင်သွေးကို
ပွေ့ချီခေါ်တာမို့ တံခါးကို ပြန်မပိတ်ခဲ့မိပေ။

သျှင်သွေးက ရုန်းရင်း –

"နေသဏ္ဍာန် ရှင် ဘာလုပ်တာလဲ။ ဖယ်နော်၊ ကျွန်မကို
လွှတ်"

နေသဏ္ဍာန် သျှင်သွေးကိုယ်လေးကို ဒရင်းဘတ်ပေါ်သို့
ချပေးလိုက်ပြီး –

"သျှင်သွေး"

"ရှင် ဖယ်နော်"

"ကိုယ် မင်းကို ဘာမှမလုပ်ပါဘူး"

"အဲဒါဆိုလွှတ်လေ"

"မင်း ပြန်မထွက်သွားဘူးလို့ ကတိပေး"

သျှင်သွေး သူ့ကိုမော့ကြည့်လိုက်ပြီး –

"ရှင်ပြောစရာရှိတာကို အေးအေးဆေးဆေးပြောလေ"

နေသဏ္ဍာန် သျှင်သွေးဘေးမှထသွားပြီး ရှိုးကေ့စ်ကိုဖွင့်လိုက် သည်လေ။ ပြန်လာတော့ လက်ထဲမှာပါလာတာ ခြောက်လက်မဓား သျှင်သွေး မျက်လုံးဝိုင်းသွားရသည်သာ။ ကြောက်လာပြီလေ။ ဘာလုပ်မလို့လဲ။

"သျှင်သွေး"

"ရှင် ရှင် ဘာလုပ်မလို့လဲ နေသဏ္ဍာန်"

"မင်းအတွက် လိုအပ်မယ်ထင်လို့ပါ"

"ရှင်"

"ရော့"

နေသဏ္ဍာန်က သျှင်သွေးလက်ထဲသို့ ဓားရိုးကိုထည့်ပေး သူကိုယ်တိုင် သျှင်သွေးလက်ကို ပြန်ဆုပ်ပေးကာ –





"ကိုယ် အခု မင်းကိုခိုးလာတာ"

"ဘာ"

"သျှင်သွေး"

သျှင်သွေး ထရပ်မယ်လုပ်တော့ နေသဏ္ဍာန်က သျှင်သွေးကိုယ်လေးကို ဖက်ထားကာ –

"မင်းကို ကိုယ်အဆုံးရှုံးမခံနိုင်ဘူး သျှင်သွေး။ အဲဒါကြောင့် ခိုးပြေးလာခဲ့တာ"

"ဟင့်အင်း ရှင်နော်"

"မင်း ကိုယ့်ရင်ခွင်ထဲကနေ ထွက်သွားမယ်ဆိုရင် ကိုယ့်ကို အဲဒီ ဓားနဲ့တစ်ခါတည်း ထိုးသတ်ခဲ့ပါ သျှင်သွေး။ ကိုယ် မင်းထိုးတဲ့ ဓားကို မနုတ်ဘူး။ မင်းလက်နဲ့ထိုးတဲ့ဓားချက်အောက်မှာ ကိုယ်သေပါရစေ"

"ရှင် ရူးနေလား"

"-----"

"ဖယ်စမ်း အရူး"

"-----"

"ရှင့်ကို ကျွန်မ မချစ်ဘူး ဖယ်"

"သျှင်သွေးရယ်"

နေသဏ္ဍာန်က သျှင်သွေးကိုယ်လေးကို ပို၍ တင်းကျပ်စွာ ဖက်ထားသဖြင့် သျှင်သွေး ဓားကို ကျစ်ကျစ်ဆုပ်လိုက်ကာ –

“နေသဏ္ဍာန်”

သျှင်သွေး အံကြိတ်သံနှင့်ခေါ်လိုက်ပြီး –

“ရှင် ကျွန်မကို လွှတ်မလား မလွှတ်ဘူးလား”

သျှင်သွေးမှာ လွတ်လမ်းမမြင်တော့ဘူးလား။ ဖြစ်ချင်ရာဖြစ် ဆိုပြီး ကိုယ့်ဘဝကို ရေစုန်မမျှောနိုင်ပါဘူး။ ဒါကြောင့် လုပ်သင့်လုပ် ထိုက်တာကိုပဲ လုပ်ရတော့မှာပဲပေါ့။ နေသဏ္ဍာန်နေရာမှာ သိန်း နန္ဒဆိုရင်လည်း ဒီလိုအခြေအနေမျိုးကို သျှင်သွေး လက်မခံနိုင်ပါဘူး မိန်းမတစ်ယောက်ရဲ့အရှက်နဲ့သိက္ခာကို အဖက်ဆည်နိုင်ဖို့။

“ကဲ”

“စွပ်”

“အား”

နေသဏ္ဍာန် နာကျင်မှုဝေဒနာကြားမှ သျှင်သွေးမျက်နှာ မလွှတ်တမ်းလိုက်ကြည့်ကာ –

“သျှင်သွေး မင်း မင်း”

“– – – – –”

“အား”





“အဟင့်”

နေသဏ္ဍာန် ဒဏ်ရာကို လက်နှင့်ဖိအုပ်ထားပြီး –

“သျှင်သွေး အား ကျွတ် ကျွတ်”

“ဒေါက်”

သျှင်သွေးလက်ထဲက ဓားကို လွှတ်ချလိုက်မိစဉ် –

“ဓားကိုပြန်ကောက်လိုက်ပါ သျှင်သွေး။ မင်းက မရဲတရဲ ထိုးလိုက်တော့ မင်းထိုးတဲ့ဓားချက်က အားပျော့နေတယ်။ အား ကျွတ် ကိုယ် ကိုယ် သေမှာမဟုတ်ဘူး။ မင်း ထပ်ထိုးပါ။ ကိုယ့်ရင်ဘတ်ကို မင်း ရဲရဲထိုးချလိုက်စမ်းပါ”

“နေသဏ္ဍာန် အဟင့်”

“လုပ်ပါ၊ ကိုယ့်ကိုထပ်ထိုးလိုက်စမ်းပါ။ မင်းထိုးတဲ့ဓားကို ခံနုတ်တဲ ငါသေချင်တယ်။ ကိုယ် အဲဒီလောက်အထိ မင်းကိုချစ်တာကွ အား”

“သျှင်သွေး”

“ဟင်”

“သျှင်သွေး”

သျှင်သွေးနာမည်ကို ခေါ်ပြီး ရောက်လာသူတွေကတော့ သိခံနဲ့နန္ဒပါ။

"ဟင် ချင်သွေး နင် သူ့ကို"

"သူယုတ်မာလို့ ချင်သွေးက ဓားနဲ့ထိုးတာ ဖြစ်မှာပေါ့ ကောင်းတယ်၊ မထူးပါဘူးကွာ အသေသတ်ပစ်မယ်"

"ကိုကို"

နန္ဒက ချင်သွေးကို မေးနေရုံပဲရှိသေး သိခ်က လိုရာဆွဲတော့ ပြီး ဓားကိုကောက်မယ်လုပ်တော့ နန္ဒ အစ်ကိုဖြစ်သူရင်ဝကို ဆောင့်တွန်းပစ်လိုက်သည်လေ။

"နေရာတကာ သွေးဆူလွယ်တာမကောင်းဘူး ကိုကို၊ ဒါ ကြောင့်ပဲဖြစ်ဖြစ် ဒါ လူသတ်မှု။ နေသဏ္ဍာန်က ခွင့်လွှတ်ရင်တောင် တရားဥပဒေက လက်ပိုက်ကြည့်မနေဘူးဗျ"

"အား ကျွတ် ကျွတ်"

"နေသဏ္ဍာန်"

"မင်း ငါ့ဆီမလာနဲ့"

နေသဏ္ဍာန်ဆီသွားမယ့် နန္ဒရဲ့ ခြေလှမ်းတွေ ရှေ့ဆက်မ ဖြစ်ပေ။

"ချင်သွေး ငါ့ကို ဓားနဲ့ထပ်ထိုးပါစေ။ သူ့ဓားချက် အောက်မှာ ငါသေချင်တယ်"

"ကျွတ် မင်းကွာ"





မင်းရူးနေလားလို့ နန္ဒမပြောရက်ပါဘူးလေ။ နေသဏ္ဍာန်က ချင်သွေးကို အဲဒီလောက်အထိ ချစ်သတဲ့လား။

"ဒီကောင်အရူးပဲကွ"

"သဏ္ဍာန်"

"သား"

"ဟင်"

နောက်ထပ် ရောက်လာသူတွေက ဦးမျိုးကြိုင်နဲ့ဦးဆောင်းပါ။ နေသဏ္ဍာန်ကို စိတ်မချလို့ လိုက်လာခဲ့တာလေ။ ဒီရောက်တော့ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ဦးမျိုးကြိုင် မျက်လုံးများပင် ပြာဝေသွားပြီး –

"သား"

"သဏ္ဍာန် ကလေး"

"အား"

"သား"

ဦးမျိုးကြိုင် သားကိုပွေ့ပြီး နန္ဒ၊ သိခ်၊ ချင်သွေးတစ်ယောက်ချင်း မျက်နှာကို ခပ်စူးစူးကြည့်ကာ –

"တောက်"

ဦးမျိုးကြိုင် အံကြိတ်လိုက်ပြီး –

"သား"

"သား ဘာမှမဖြစ်ဘူး ဖေဖေ။ သား သား ဘာမှ မဖြစ်ပါဘူး"

"သားရာ ခေါးနဲ့ထိုးတာ ဘာမှမဖြစ်ဘူးတဲ့လား။ ဒါ သွားကြားထိုးတာနဲ့ ထိုးလိုက်တာမဟုတ်ဘူးကွ။ မင်းမှာ ချစ်စရာမိန်းမ ဒီလောက်တောင်ပဲ ရှားသလား"

"ကိုမျိုး ကလေးသွေးထွက်လွန်နေမယ်။ ဆေးရုံပို့ရအောင်"

"ဟုတ်တယ်၊ ဆေးရုံပို့မှဖြစ်မယ်"

နန္ဒလည်း အခုမှ နေသဏ္ဌာန်အနားကို ကပ်ရဲတော့သည်လေ။ နေသဏ္ဌာန်ကို တွဲထူလိုက်ကြတော့ –

"ဟင့်အင်း။ ကျွန်တော် ဆေးရုံမသွားဘူး"

"သား"

"ကျွန်တော့်ကို ဆေးရုံမပို့ပါနဲ့။ ကျွန်တော် ဆေးရုံမသွ[ား]ဘူး"

နေသဏ္ဌာန် ဘာလို့ ဆေးရုံမသွားချင်လဲဆိုတာကို အား[လုံး] သဘောပေါက်ကြပါသည်လေ။ သျှင်သွေးကို ဒုက္ခမရောက်စေချင်[လို့] ဆန္ဒဆိုတာ။

✹



## အခန်း (၃၄)

## တစ်လကြာပြီးနောက်

"မင်းမှာလည်း ပြောကိုမပြောချင်ဘူး။ အချစ်နဲ့ကျမှပဲ ...ဏ်ရာတစ်ခုမပျောက်သေးဘူး။ နောက်ထပ် ဒဏ်ရာရ။ နောက်ထပ် ...ဏ်ရာက မပျောက်သေးဘူး။ နောက်ထပ် ဒဏ်ရာထပ်ရ။ အတွင်း ...ကြ အပြင်ကြေနဲ့ အချစ်က ဒဏ်ရာပေးတတ်တယ်လို့ ရုပ်ရှင်ကား ...စ်ကားသာ နိုက်လိုက်တော့။ မင်း အကယ်ဒမီရမှာ သေချာတယ်"

ဦးဆောင်းစကားကြောင့် စီးကရက်မီးခိုးငွေ့ကို မှုတ်ထုတ်ပြီး ...သဏ္ဌာန် ပြုံးလိုက်မိတော့သည်သာ။ အပြုံးက မချိပြုံးလေ။ ...ဆောင်းပြောသလို ကိုယ့်အတွက် အချစ်က ဒဏ်ရာတွေ အထပ်ထပ် ...းတတ်သောအရာပေ့ါ။

နယူတန်တဲ့။

အဟွန်း

နယူတန်ရဲ့နိယာမတရားက ကိုယ့်အတွက် မှားနေတာပါပဲ။ လက်တွေ့နဲ့ စိတ်ကူး ကွာခြားမှုကိုလည်း မှန်တစ်ချပ်က ကျကွဲပြီး လက်တွေ့ပြဦးမလားမသိပေ။

"သဏ္ဍာန်"

"-----"

"မင်း အဲဒီကောင်မလေးကို အခုထိ စိတ်မပျက်သေးဘူး လား"

နေသဏ္ဍာန် စီးကရက်တိုကို နှင်းဆီပန်းအိုးဘက်ဆီ တောက်ထုတ်လိုက်ပြီး –

"ဖူးစာမပါလို့ ကိုယ်စီကိုယ်င အခြားသူနဲ့ လက်ထပ်ဖြစ် မယ်ဆိုရင်တောင် တိုက်ဆိုင်မှုရှိတိုင်း ကျွန်တော် သူ့ကို သတိရနေ သေချာပါတယ်"

"အခု မင်း ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ"

"ကျွန်တော် ရာဇဝင်ထဲက ဒဿကို မီအောင်ချစ်မ သူ့ကို မီအောင်လုပ်ပြမယ်"

"ဟေ"





ဦးဆောင်း မျက်လုံးပြူးကြီးနှင့် နေသဏ္ဍာန်ကိုကြည့်ကာ–

"အခုထိ စိတ်မလျှော့သေးပါလားကွ"

"လျှော့စရာလားဗျ"

"ဒီတစ်ခါဆို သေနတ်"

နေသဏ္ဍာန် မျက်မှောင်ကြုတ်သွားပြီး –

"ဘာလဲ သေနတ်"

"မင်းက ကားတိုက်ခံရလည်း မမှတ်ဘူး။ ဓားနဲ့ထိုးလည်း မမှတ်ဘူး။ နောက်တစ်ခါဆို သေနတ်နဲ့ပစ်လိမ့်မယ်လို့ပြောတာ"

"ဟား"

နေသဏ္ဍာန် ဒီတစ်ခါတော့ စိတ်ပါလက်ပါ ရယ်လိုက်မိကာ

"သေနတ်နဲ့ပစ်ရုံမဟုတ်ဘူး မိုင်းထောင်ထားလည်း ဂရုမစိုက်ဘူး။ နေသဏ္ဍာန်ပါဗျ"

"အေးပါကွာ"

"အခုလည်း ကျွန်တော်သွားဖို့ စဉ်းစားနေတာ"

"ဘယ်ကိုသွားမှာလဲ"

"သျှင်သွေးဆီကိုပေါ့"

"မြတ်စွာဘုရား"

"ဟင်"

ဖုန်း ရိန်းတုန်းသံကြောင့် နေသဏ္ဍာန် ဖုန်းကိုင်လိုက်စဉ်

"နေသဏ္ဍာန်"

"ဟာ သျှင်သွေး . . . သျှင်သွေးလား"

"ဟုတ်တယ် နေသဏ္ဍာန်"

သျှင်သွေးဖုန်းဆက်တာမို့ နေသဏ္ဍာန် ဝမ်းသာအားရဖြစ်ကာ

"သျှင်သွေး ကိုယ့်ဆီဖုန်းဆက်တယ်။ ကိုယ်တောင် သျှင်သွေးဆီ လာမလို့ပဲ"

"မလာနဲ့ နေသဏ္ဍာန်"

"ဟင်"

"ကျွန်မကို ရှင် စိတ်မနာဘူးလား နေသဏ္ဍာန်"

"ဟင့်အင်း မနာပါဘူး။ ကိုယ်က သျှင်သွေးကို ချစ်နေတဲ့သူဆိုတော့ စိတ်မနာနိုင်ဘူးပေါ့လေ"

"နေသဏ္ဍာန်"

"ပြောပါသျှင်သွေး"

"လာမယ့် ဗုဒ္ဓဟူးနေ့ကျမှ ကျွန်မအိမ်ကိုရှင်လာခဲ့ပါ။ အဲဒီနေ့ကျရင် ရှင် ကျွန်မအတွက် လက်ဆောင်တစ်ခုယူခဲ့ပေးပါ"

"ဘာအတွက်လဲ သျှင်သွေး"





"အဲဒီနေ့ကျရင် ကျွန်မ ကျွန်မလက်ထပ်မယ့်လူကို ရွေးချယ်မှာမို့လို့ပါ"

"-----"

"ဒါပဲနော်၊ ကျွန်မ ဖုန်းချလိုက်တော့မယ်"

နေသဏ္ဍာန် ဘာမှပြန်မပြောနိုင်လောက်အောင် ရင်ထဲမှာ နင့်သွားသည်လေ။

လက်ထပ်မယ့်လူကို ရွေးချယ်မယ်တဲ့လား။ ကိုယ့်မှာ မျှော်လင့်ခွင့်ရှိပါသလား သျှင်သွေးရယ်။

# အခန်း (၃၅)

သျှင်သွေး နိုင်မာသောဆုံးဖြတ်ချက်နှင့် သူတို့အလာကို စောင့်မျှော်နေမိသည်လေ။ သိခံ၊ နန္ဒ၊ နေသဏ္ဍာန်။ သူတို့သုံးယောက်စလုံး ဒီနေ့ရောက်လာကြမှာလေ။ ဘယ်သူက ဘယ်လိုပုံစံနဲ့ ရောက်လာကြမလဲ။ ဘယ်သူက ဘာလက်ဆောင်ပေးမလဲ။

လက်ဆောင်ဆိုတာ –

ရွေးချယ်မှုအတွက် အရေးမပါပေမယ့် သူတို့လက်ဆောင်တွေအပေါ် မူတည်ပြီး ဖြေရှင်းချက်တော့ပေးရမှာပဲလေ။ ဒါမှ ကိုယ်ပိုင်ဆိုင်ခွင့်ရမယ့်သူက စိတ်သန့်ရှင်းမှာ ဖြစ်သလို ပိုင်ဆိုင်ခွင့်မရတဲ့ လူတွေကလည်း သျှင်သွေးကို နားလည်ပေးနိုင်ကြမည်လေ။

သျှင်သွေး သိလိုက်ပါပြီ။

ဘယ်သူ့ကို သျှင်သွေး တကယ်ချစ်မိတယ်ဆိုတာကို

"သမီး"

"ရှင် မေမေ"





"သိခံနဲ့ နန္ဒ ရောက်နေကြပြီ"

"ဟုတ်ကဲ့ပါ မေမေ။ နေသဏ္ဍာန်ရောက်အောင် စောင့်လိုက်ဦးမယ်လေ"

ဒေါ်သိမ့်သိမ့်သူ ခေါင်းညိတ်လိုက်ပြီး သမီးရဲ့ခေါင်းလေးကို ပွတ်သပ်ပေးကာ –

"သမီးရဲ့ရွေးချယ်မှုက အကောင်းဆုံးဖြစ်ပါစေလို့ မေမေ ဆုတောင်းပေးပါတယ်ကွယ်"

"မေမေ"

"ပြောလေ သမီး"

"မေမေက ဘယ်သူနဲ့ သဘောတူတာလဲ ဟင်"

ဒေါ်သိမ့်သိမ့်သူ ပြုံးလိုက်ပြီး –

"သုံးယောက်စလုံးက လူညွှန်းစာရင်းထဲမှ မပါပဲသမီးရယ်။ ဘယ်သူပဲဖြစ်ဖြစ် မေမေ လက်ခံနိုင်ပါတယ်။ အဓိက,ကတော့ သမီးချစ်တဲ့သူကိုပဲ ရွေးချယ်ပါ"

"ကျေးဇူးပါ မေမေ"

"သမီး"

"ရှင်"

"သမီး ဘယ်သူ့ကို ရွေးမှာလဲဆိုတာ မေမေ ကြိုသိခွင့်

ရှိမလား"

သျှင်သွေး ရယ်ပြီး ခေါင်းခါပြလိုက်ကာ –

"ကြိုမသိချင်ပါနဲ့ မေမေ"

"ကောင်းပြီလေ၊ သမီးသဘောပါ"

"တူမလေး"

"ဟော"

အသံနှင့်အတူ တံခါးဝမှာ ပေါ်လာတဲ့ မျက်နှာက စိမ့်

"နေသဏ္ဌာန်လည်း ရောက်လာပြီ"

"မေမေ သွားကြရအောင်"

တူဝရီး သားအမိ သုံးယောက်သား အောက်ထပ်သို့ ဆင်း ကြတော့သည်သာ။ မကြာခင်အချိန်မှာ သျှင်သွေး တကယ်ချစ်တဲ့ ကို ရွေးချယ်တော့မှာပါ။ အဲဒီအတွက် ဝမ်းသာ ဝမ်းနည်းပါပဲ။

မတတ်နိုင်ဘူးလေ။

ချစ်သူဘယ်နှယောက်ပဲရှိရှိ အိမ်ထောင်ဖက်အဖြစ် ရွေး ရမှာက တစ်ယောက်တည်းပဲ မဟုတ်လား။ ဒါကြောင့် ဘယ်သူ့ အားနာနေလို့မရဘူးလေ။ ကိုယ်ချစ်တဲ့သူကိုပဲ ရွေးချယ်ရတော့မှာ

အားလုံး –

ကိုယ်စီထိုင်လိုက်ကြပြီးနောက်။





"သိမ် နန္ဒနဲ့ နေသဏ္ဌာန်ကို သျှင်သွေး တစ်ခုကြိုပြောထား ပါရစေ"

အားလုံးရဲ့အကြည့်ဆုံမှတ်က သျှင်သွေးရဲ့မျက်နှာလေး ဖြစ်သွားတော့သည်သာ။

"သျှင်သွေး ဘယ်သူ့ကိုပဲရွေးရွေး ကျန်တဲ့နှစ်ယောက်က သျှင်သွေးကို နားလည်ပေးပါ။ ကျေနပ်စွာနဲ့ သူငယ်ချင်းအဖြစ် ဆက် ခင်ပေးကြပါလို့ သျှင်သွေးတောင်းပန်ပါတယ်"

ဘယ်သူ့ဆီကမှ အသံထွက်မလာပေ။ ခဏကြာမှ နန္ဒကစပြီး

"ငါ သဘောတူပါတယ်"

"ငါလည်း သဘောတူပါတယ်"

နောက်ထပ်ပြောလိုက်သူက သိမ်ပါ။ နေသဏ္ဌာန်က ဘာမှ မပြောဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်လေ။

"ကျေးဇူးပါ။ ကဲ သျှင်သွေးအတွက် ဘယ်သူက ဘာလက် ဆောင် ယူလာလဲဆိုတာ"

သျှင်သွေးစကားစကိုဖြတ်ပြီး သိမ်ကိုကြည့်လိုက်တော့ သိမ် က ဖိုင်တွဲတစ်ခုကြားမှ စာရွက်နှစ်ရွက်ကိုထုတ်ကာ စားပွဲပေါ်သို့ တင်လိုက်လေလျှင် –

"အဲဒါဘာလဲ သိမ်"

"လက်ထပ်စာချုပ်"

"ဟင်"

"အဲဒါ ငါ့ရဲ့အကောင်းဆုံးသော လက်ဆောင်ပဲ သျှင်သွေး။ ဒီလက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်ထိုးလိုက်တာနဲ့ ငါ့ဘဝတစ်ခုလုံးကို နင်ပိုင်တယ်။ ငါ့နှလုံးသား ငါ့အနာဂတ်ကို နင်ပိုင်တယ်။ နင် ခေါင်း ညိတ်လိုက်တာနဲ့ ငါ့ဘက်က အားလုံးအဆင်သင့်ဖြစ်အောင် စီစဉ်ထား တယ်"

သျှင်သွေး မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွား။ အပြုံး လည်း ချိုနေလို့ပါ။ ဒါ ဘဝတစ်ခုလုံးကို ပုံအပ်ပြီး လက်ဆောင်အဖြစ် ပေးတယ်ပေါ့။

"ကျေးဇူးပါ သိခံ။ နင် ငါ့အပေါ် တန်ဖိုးထားမှုကို အသိအမှတ်ပြုပါတယ်"

သျှင်သွေးအကြည့်က နေသဏ္ဍာန်ဆီသို့ ရောက်သွား...

"နေသဏ္ဍာန်ကရော"

နေသဏ္ဍာန်ကိုမေးလိုက်တော့ နေသဏ္ဍာန်က လေးထောင့် ဘူးရှည်လေးကို စားပွဲပေါ်တင်ပေးပြီး သျှင်သွေးရှေ့ရောက်အောင် တွန်းပို့ပေးသည်လေ။

"ဘာလဲ နေသဏ္ဍာန်"

"ဖွင့်ကြည့်လိုက်ပါ"





နေသဏ္ဍာန်က စကားကို ရှည်ရှည်ဝေးဝေးမပြောပေ။ သျှင် သွေး ဘူးကိုယူပြီး ဖွင့်ကြည့်လိုက်တော့ –

"ဟင်"

အားလုံး မျက်နှာပျက်သွားကြသည်ပေါ့လေ။

"ဒီဓားကို ဘယ်လိုအဓိပ္ပာယ်နဲ့ ပေးတာလဲ နေသဏ္ဍာန်"

"ကိုယ့်ကို မင်းထိုးခဲ့တဲ့ဓားလေ။ အဲဒီဓားနဲ့ မင်း ကိုယ့်ကို အဆုံးစီရင်လိုက်ပါ။ တစ်ခုတော့ရှိတယ်"

"ဘာလဲ"

မေးလိုက်သူက ဘုန်းသိခံပါ။ နေသဏ္ဍာန်က တည်ငြိမ်စွာ ပြန်ကြည့်ပြီး –

"သျှင်သွေး လက်မထပ်ရမသေးခင်အထိ ငါ သျှင်သွေးကို ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးစားနေမယ်။ အဲဒီအချက်ကို လက်မခံနိုင်ရင် ငါ့ကို သတ်ပေါ့"

"မင်း"

"ကိုကို"

"တောက်"

ဘုန်းသိခံက သျှင်သွေးလက်ထဲမှ ဓားထည့်ထားတဲ့ဘူးကို သိမ်းဆွဲယူလေတော့ နန္ဒက လျင်မြန်စွာပဲ အစ်ကိုဖြစ်သူလက်ကို

ဖိဆုပ်ထားသည်လေ။

"တရားနည်းလမ်းကျကျ ဖြစ်ပါစေ ကိုကို။ ဒီကိစ္စကို သျှင်သွေး ဆုံးဖြတ်ပါလိမ့်မယ်"

"ဟုတ်တယ် သိခ်။ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ သားရယ်"

နေသဏ္ဍာန်ကတော့ တုန်လှုပ်ပုံမရပေ။ ခပ်တည်တည်နှင့်-

"သျှင်သွေး"

"ဟင်"

"မင်းရဲ့ရွေးချယ်မှုမှာ ကိုယ်မလိုအပ်တော့တာသိလို့ ကိုယ့်သွားခွင့်ပြုပါ"

ပြောပြီး နေသဏ္ဍာန် ထထွက်သွားတော့သည်လေ။ ဘယ်မှလည်း မတားပါဘူး"

"နန္ဒ"

"ဟင်"

နင်က ဘာပေးမှာလဲ"

"ဟူး"

နန္ဒ လေကိုမှုတ်ထုတ်လိုက်မိတော့သည်သာ။ ပထမကြိမ် ပေးမလို့လုပ်ပြီးမှ မပေးဖြစ်ခဲ့တဲ့ ဒီဖိနပ်ကလေးကို အခုထပ်ပြီးပြန်သိမ်းထားရဦးမှာလား။ အချစ်က အဲဒီလောက် ရှုပ်ထွေး



တကယ်မသိခဲ့ပါဘူး။

ဆန္ဒကိုမျိုချလိုက်တော့ -

အိပ်မက်တွေ ပြိုလဲသွားသည်ပေါ့။

"ပေးလေ နန္ဒ"

မပေးချင်ပေမယ့် တောင်းတဲ့လူက တောင်းနေတော့ နန္ဒ ဖိနပ်ဘူးလေးကို ကမ်းပေးလိုက်တော့သည်သာ။ ဒီဖိနပ်ကို သိမ်းထားခဲ့တာ ကြာပါပြီ။ ကိုယ့်ရဲ့သူရဲဘောကြောင်တဲ့စိတ်ကြောင့် ဖိနပ်သဲကြိုးမှာ ထည့်ပေးထားတဲ့ စိန်ပွင့်လေးတွေတောင် မှေးမှိန်ကုန်ပြီထင်ပ့ါ။

"နင့်ရဲ့ချစ်ခြင်းကို ငါလေးစားတယ် နန္ဒ။ ဒီဖိနပ်ကြောင့် နင့်ကိုငါ လေ့ကားပေါ်က တွန်းချခဲ့တာတောင် ဒီဖိနပ်ကလေးကို နင် သိမ်းထားဖြစ်အောင် သိမ်းထားခဲ့တယ်နော်"

"သျှင်သွေး"

ခေါ်လိုက်သူက သိခ်ပါ။

"နင် ဘယ်သူ့ကိုရွေးမှာလဲ"

သျှင်သွေးပြုံးလိုက်ပြီ -

"သူကငါ့ကို အရမ်းချစ်ပြီး ငါက သူ့ကို အရမ်းချစ်တဲ့လူကိုပေါ့"

✲

## အခန်း (၃၆)

နေသဏ္ဍာန်။

ရင်ထဲမှာ နင့်နေသည်လေ။ ဘဝကို ပေါ့ပေါ့ပါးပါးဖြတ်သန်း လာခဲ့သမျှ လေးလေးနက်နက် ခံစားဖူးတာ အခုအချိန်အခါပါပဲ သျှင်သွေးရွေးချယ်မယ့်လူက ကိုယ်မဟုတ်ဘူးဆိုတာ သိနေတယ်လေ

ဒါကြောင့်

ဆက်ထိုင်နေနိုင်တဲ့အင်အား ကိုယ့်မှာမရှိပါဘူး။ တိုက်ထဲက နေ ခပ်သွက်သွက်ထွက်လာတဲ့ ခြေလှမ်းတွေက အပြင်ဘက်ရောက် တော့ နှေးကွေးလေးလံသွားသည်လေ။ ကားပေါ်မတက်ဖြစ်သေးဘဲ ကိုယ် ဆလိုက်မီးလေးတွေနဲ့ သျှင်သွေးနာမည်ကို အလှဖော်ပေးဖူးတဲ့





နေရာလေးကို ငေးစိုက်ကြည့်နေမိသည်သာ။

အံကြိတ်ပြီး စိတ်ကိုတင်းထားတဲ့ကြားမှ ပါးပြင်ပေါ်သို့ မျက်ရည်ကကျလာသည်လေ။ သွားတော့မယ်လို့ ကားတံခါးကို ဖွင့် လိုက်တော့ –

"နေသဏ္ဍာန်"

"––––"

"နေသဏ္ဍာန်"

နေသဏ္ဍာန် လှည့်မကြည့်မိအောင် ကြိုးစားပြီး ကားပေါ်သို့ တက်မည်အပြု –

"အင့်"

အင့်ဆိုတဲ့အသံက နှုတ်မှ ယောင်ပြီးထွက်သွားတာပါ။ နောက်ကလူက နေသဏ္ဍာန် ခါးကို ပြေးဖက်လိုက်တာကိုး။ ပြီးတော့ နေသဏ္ဍာန် ပါးပြင်ကို ပါးလေးကပ်ကာ –

"သျှင်သွေးကို ဒီအတိုင်းထားခဲ့တော့မှာလား ကို"

"ဟင်"

နေသဏ္ဍာန် ချက်ချင်းပဲ သျှင်သွေးဘက်သို့ လှည့်လိုက် ပြီး . . .

"ဘယ်လိုခေါ်လိုက်တယ် သျှင်သွေး"

"ကိုလို့ ခေါ်လိုက်တာလေ"

"ဒါဆို"

သျှင်သွေးမျက်နှာက မချိုမချဉ်ပါ။

"ကိုလို့ခေါ်တာ မကြိုက်ဘူးလား။ မကြိုက်ရင် ချက်ချင်း ရုတ်သိမ်းပေးမယ်နော်"

"ဟာ မရုတ်သိမ်းပါနဲ့။ ကြိုက်ပါတယ်"

"ကြိုက်တယ် သျှင်သွေးရဲ့။ သျှင်သွေး သျှင်သွေး ကိုယ့်ကို"

"အင်း"

"ဘာအင်းလဲ"

"သျှင်သွေးကလေ"

"အင်း"

"မယ်သီတာ၊ ရာမ၊ လက္ခဏာ၊ ဒသ အဲဒီရာဇဝင်ထဲမှာ ဒသကို အရမ်းသနားတာ ကိုရဲ့။ ပြီးတော့ ဒသရဲ့အချစ်ကို လေးစားတယ်"

"အဲဒါကြောင့် ကိုယ့်ကို ရွေးချယ်တာလားဟင်"

"မဟုတ်ဘူး"

"ဟင်"

"ချစ်လို့"



"ဟာ"

"သနားရာကနေ တကယ်ချစ်မိသွားလို့ ရွေးချယ်လိုက်တာလေ"

"တကယ်"

"ဆယ်ကယ်"

"ဟား ဝမ်းသာလိုက်တာ သျှင်သွေးရာ ... ကဲ"

"အို"

နေသဏ္ဍာန်က သျှင်သွေးကိုယ်လေးကို ပွေ့ချီပြီး မွှေ့ယမ်းလိုက်လေတော့ –

"အာ ကို"

"အရမ်းပျော်တယ်ကွာ"

"ချပေး ကို၊ သျှင်သွေးကို အောက်ချပေး"

သျှင်သွေး အော်လေတော့ နေသဏ္ဍာန်က သျှင်သွေးကိုယ်လေးကို အောက်ချပေးပြီး –

"အရမ်းချစ်တယ်"

"ထပ်တူထပ်မျှပါ ကိုရယ်"

နေသဏ္ဍာန်ရင်ထဲမှာ ပန်းပေါင်းစုံပွင့်သွားတော့သည်သာ။ ရှုံးပြီးလို့ တွက်လိုက်ပြီးမှ –

အလျားအနံမရှိသော အသွားအပြန်ကြောင့် နေသက္ကာန်လောက် ပျော်သွားတဲ့လူ ရှိပါဦးမလား။

ကိုယ့်ရဲ့အချစ်နဲ့ ...

မင်းကို ထာဝရချွေးထွေးမှုတွေပေးပြီး မင်းရဲ့ဘဝလေး အေးချမ်းစေရပါ့မယ် သျှင်သွေးရယ်။

ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက်

မိုးစက်ပွင့်

27 - 1 - 2018